မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၃]

ဒါနဥ္စ တေမဂ်လ မုတ္တာမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမဂ်လာမည်၏။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံမှ ပြန်လည်ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပေကျင်းမြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်တွင် ကူမင်းလေဆိပ်သို့ရောက်ရှိကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းလေဆိပ်မှ ပြန်လည်ထွက်ခွာစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လယ်ယာ၊ လျှပ်စစ်စွမ်းအား၊ ထုတ်လုပ်မှုစွမ်းရည်နှင့် ငွေကြေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှသဘောတူညီ

စာမျက်နှာ-၄

မျက်နှာမြင်ချစ်ခင်ပါစေ 'ရွှေပြည်နန်း၊သနပ်ခါ၊'ဆိုရင် လိမ်၊ပါရှင်စေ

ဦးတိန်းမျိုးမင်းလတ်

ကျွန်တော်မျက်နှာမှာ အရင်က ဘာအဖုမှမရှိခဲ့ပါဘူး။ ပြီးခဲ့သောနှစ်က အသားပတ်တာကြောင့် စနိုးတစ်မျိုးကို သုံးစွဲခဲ့ပြီးနောက်ပိုင်း ဓာတ်မတည့်၍လားမသိ မျက်နှာမှာ ဝတ်ခြေများထွက်လာပါတယ်။ ကျွန်တော်လည်း မျက်နှာမှဝတ်ခြေတွေ ပျောက်ဖို့အတွက် Skin နဲ့ပတ်သတ်တဲ့ဆေးမျိုးစုံ သုံးကြည့်ခဲ့ပါတယ်။ အလှပြင်ဆိုင်များမှာလည်း မျက်နှာ အဆိပ်ထုတ်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ အဆိပ်ထုတ်ပြီး (၂)ပတ်လောက်အကြာအထိတော့ ဝတ်ခြေဖုလေးများမှာ ပါးသွားသလိုခံစားရပြီး နောက်မကြာခင်မှာပဲ သိသိသာသာ ပြန်ထွက်လာပါတယ်။ ကျွန်တော့်အစ်မက သူသုံးနေတဲ့**'ရွှေပြည်နန်းကဲ့ကော်ဝတ်ဆံသနပ်ခါး'**ကို အသုံးပြုကြည့်ဖို့ လမ်းညွှန်ခဲ့ပါတယ်။ တစ်ခါမှ မသုံးဖူးတော့ အရင်ပစ္စည်းတွေလိုပဲ အဖုများပိုဆိုးလာမည်ကို ကြောက်မိခဲ့ပေမယ့် မထူးတော့ဘူး စမ်းသုံးကြည့်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ သုံးကြည့်ပြီ (၂)ပတ်လောက်အကြာမှာတော့ အဖုတွေလျော့ပါးသွားတယ်လို့ ခံစားရပါတယ်။ **'ရွှေပြည်နန်းကဲ့ကော်ဝတ်ဆံသနပ်ခါး' ဘူးကြီးတစ်ဘူး ကုန်တဲ့အချိန်မှာတော့ ကျွန်တော့်မျက်နှာမှာ ဝတ်ခြေဖုများမရှိတော့ပါဘူး။** အဲဒီနောက်စွဲစွဲမြဲမြဲသုံးခဲ့ရာမှ ဝက်ခြေများပျောက်ကင်းရုံမက အမာရွတ်များလည်း ပျောက်ကင်းခဲ့ပါတယ် . . .

ဦးတိန်းမျိုးမင်းလတ်(Junior Assistant-KBZ Bank) ရန်ပြည်မန်းလမ်း၊ ကျောက်ပန်းတောင်းမြို့။

ထပ်ဆင့်ထောက်စံသူ ။ ။ ခေါ်မှုမှု(State Agricultural Institute,PMN) မိတ္ထီလာလမ်းဘား၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းလျားမြို့ပင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ပဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင့် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုဆိုင်ရာများ တွေ့ဆုံညှိနှိုင်း

မန္တလေး စက်တင်ဘာ ၄

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုဆိုင်ရာ တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ ၂ ရက်က မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မျူးရုံး ရဲသူရဲနန်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မျူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရွေးကောက်ပွဲလုံခြုံရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ထွဋ်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဆွေးနွေးကြကြောင်း သိရသည်။ **ထွန်းထွန်းနိုင်**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ တောင်ပိုင်းခရိုင် သန်လျင်မြို့ သဒ္ဓမ္မ ဇောတိကာရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ တောင်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရှစ်ကျောင်း အတွက် ဆန်အိတ် ၁၄၀၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို လျှဒါန်းစဉ်။ (မြန်မာ့အလင်း)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

လူဦးရေစာရင်းထုတ်ပြန်နိုင်ခဲ့၍ နိုင်ငံ၏ လူမှုစီးပွားပွံ့ပြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ အထောက်အကူပြု

နေပြည်တော် စက်တင်ဘာ ၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ရက်နံနက် ၉နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားရာတွင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ အဓိကလုပ်ငန်း တာဝန်များဖြစ်သော လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းတို့သည် နိုင်ငံတော်၏ လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ဆက်စပ်နေသည့် လုပ်ငန်းစဉ်များဖြစ်သည်နှင့် အညီ ဥပဒေလုပ်ထုံးလုပ်နည်းများဖြင့် စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့အင်အား စာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်းကို ဖော်ဆောင်ရာတွင် နှစ်ပေါင်း ၃၀ ကျော်ကြာ ဆောင်ရွက်နိုင်ခြင်း မရှိသည့် လူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် မိမိတို့ဌာနက တာဝန်ယူ၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်ခြင်းသည်နိုင်ငံအတွက် ကြီးမားသည့် အောင်မြင်မှုကြီး တစ်ခုပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအလိုက်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လူဦးရေစာရင်းပြုစု ထုတ်ပြန်နိုင်ခဲ့သည့် အတွက် နိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်သူများအတွက် မိုးပွင့်စီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများသည် ထိရောက်အောင်မြင်သည့် လုပ်ငန်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးဦးဝင်းမြင့်က လုပ်ငန်းဆောင်ရွက်မှုများအပေါ် အားနည်းချက်၊ အားသာချက်များ၊ လုပ်ငန်းလိုအပ်ချက်များကို ခြုံငုံသုံးသပ်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၉-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၁၉၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၇၀၀၀

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ်	၇၀၀/၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ်	၆၄၀/၆၆၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ်	၇၀၀/၇၁၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ်	၈၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ်	၆၈၀/၇၀၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဈေးများ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀-၁၂၀၀၀
၅။ ပုစွန် (ကျေး)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၂၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ပဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၇၃
ဥရောပ	တစ်ယူရို	၁၄၃၁.၅
စင်ကာပူ	တစ်ဒေါ်လာ	၉၀၂.၂၉
ထိုင်း	တစ်ဘတ်	၃၅.၅၁၉
အိန္ဒိယ	တစ်ရူပီး	၁၉.၁၇
တရုတ်	တစ်ယွမ်	၁၉၉.၆၄
မလေးရှား	တစ်ရင်းဂစ်	၃၀၄

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း
Established in 1914
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(ဝ၁ဝ၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(ဝဝ၈၇၇)
ကြော်ငြာ	-	ဝ၁-၅၄၅၈၃၄ ၊ ဝ၁- ၅၅၉၁၁၈ Fax ဝ၁-၅၄၆၂၂၁၊ ဝ၆၇-၃၆ဝ၄၈
ဖြန့်ချိ	-	ဝ၁-၅၄၄၃၁၇၊ Fax- ဝ၁-၈၆ဝ၄၅၄၆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လာကြလေ...မဲစာရင်းကြည့်ကြစို့

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လာမည့်နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပတော့မည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်အရ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမည့် အရည်အချင်းပြည့်ဝသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်မြှောက်ပေးရန်မှာ ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်ပါသည်။ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားတိုင်း ဆန္ဒမဲပေးရွေးချယ်ပေးရန် တာဝန်ရှိပါသည်။ သို့သော် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ မဲပေးနိုင်မည်ဖြစ်ပါသည်။ သို့မဟုတ်ချေက မဲပေးနိုင်ခွင့်အခွင့်အရေး ဆုံးရှုံးသွားနိုင်ပါသည်။

ဆန္ဒမဲပေးကြမည့် ပြည်သူများအနေဖြင့် မိမိတို့အမည် အခြေခံမဲစာရင်းတွင် ပါ၊ မပါ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်ခွဲရုံးများတွင် ကြိုတင်၍သွားရောက်ကြည့်ရှုထားရမည်ဖြစ်ပါသည်။ အကယ်၍ အခြေခံမဲစာရင်းတွင် မိမိအမည်မပါရှိခဲ့ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းအချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-ဂ)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် မပါဝင်သင့်သောကွယ်လွန်သူများ၊ အကျဉ်းချထားခြင်းခံရသူများဖြစ်ပါက ပုံစံ(၄)ဖြင့်လည်းကောင်း ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အခြေခံမဲဆန္ဒရှင်မဲစာရင်းအားလုံးကို ဇူလိုင်လကုန်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့်လေးဆင့်ခွဲကာ ကြေညာထားပြီးဖြစ်ပါသည်။ ယခုတစ်ဖန်နောက်ဆုံးအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၁၄-၉-၂၀၁၅) ရက်နေ့မှ (၂၇-၉-၂၀၁၅) ရက်နေ့အတွင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ အခြေခံမဲဆန္ဒရှင်မဲစာရင်းများကို ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း သိရပါသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရပ်/ကျေးကော်မရှင်ခွဲရုံးများသို့သွားရောက်ကာ မဲစာရင်းကြိုတင်ကြည့်ရှုထားကြဖို့လိုပါသည်။ သို့ရာတွင် ပြင်ဆင်လိုသော အချက်အလက်များရှိပါက ပြင်ဆင်ရမည့် ပုံစံများဖြစ်သည့် ပုံစံ(၃)၊ ပုံစံ(၄-ဂ)နှင့်ပုံစံ(၄) များကို ရပ်/ကျေးကော်မရှင်ခွဲရုံးများ၌ အလုံအလောက် ဖြန့်ဝေပေးထားရန်လိုအပ်မည်ဖြစ်ပါသည်။ မြို့ပေါ်ရပ်ကွက်များ၌ ပုံစံများကိုလိုအပ်ပါက မိတ္တူကူးပြီး ဖြည့်စွက်ပြင်ဆင်နိုင်မည်ဖြစ်သော်လည်း လျှပ်စစ်မီးမရသည့် မိတ္တူကူးစက်မရှိသော ကျေးရွာများတွင် အခက်အခဲနှင့်ကြုံတွေ့နိုင်ပါသည်။ မကြာသေးမီက ကျေးရွာတစ်ရွာတွင် ပုံစံများဖြည့်စွက်ရန် မိတ္တူတစ်စုံသာရှိသည်ဟု ကြားသိရပါသည်။ မိမိဌေးစိုက်ထုတ်ပြီး မြို့တက်မိတ္တူကူး၊ ဖြည့်စွက်ပြင်ဆင်ပေးရမည့်အလုပ်ကို မည်သည့်မဲဆန္ဒရှင်ကမျှ စိတ်ဝင်တစားရှိကြလိမ့်မည်မဟုတ်ပါ။ သို့ဖြစ်၍ ရပ်/ကျေးကော်မရှင်ရုံးတိုင်းတွင် လိုအပ်သောစာရွက်စာတမ်းများ အလုံအလောက်ထားရှိပေးရမည် ဖြစ်သကဲ့သို့ ရပ်ကွက်ကျေးရွာအလိုက် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများကလည်း မဲစာရင်းများ ကြိုတင်ကြည့်ရှုကြရန်လိုက်လံနှိုးဆော်ပေးဖို့ လိုအပ်မည်ဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများ ဘက်ကလည်း မိမိတို့ရပ်ရေး၊ ရွာရေး၊ တိုင်းရေးပြည်ရေးကိစ္စဖြစ်၍ အလေးအနက်ထားကာ သွားရောက်ကြည့်ရှုကြဖို့လိုအပ်မည်ဖြစ်ပါသည်။ ဤ ၂၀၁၅ ရွေးကောက်ပွဲကြီးသည် ပြည်သူ တစ်ရပ်လုံး တက်တက်ကြွကြွပါဝင်နိုင်ကြဖို့ လိုအပ်ပါကြောင်း။ ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် ဝန်ကြီးချုပ်တို့အား တွေ့ဆုံ

ပေကျင်း စက်တင်ဘာ ၄

ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှု အောင်မြင်သည့် နှစ် (၇၀) ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ပေကျင်းမြို့ရှိ တီယန်မင်ရင်ပြင် ပြည်သူ့ခန်းမ ဆောင်ကြီး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးသည်။



ထိုသို့ တွေ့ဆုံရာတွင် ရေဘေးသင့်ပြည်သူများ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေး၊ ဧရာဝတီမြစ်ဝကျွန်းပေါ် အပါအဝင် ဧရာဝတီမြစ်အောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှု ကာကွယ်ရန်အတွက် ရေတားတမံများ အဆင့်မြှင့်တင်ရေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (ဓာတ်ပုံ- ပြန်/ဆက်)

အပါအဝင် လုပ်ငန်းများအတွက် ဖွံ့ဖြိုးရေးအကူအညီ ယွမ်သန်း ၉၀၀ ခန့် အကုန်အကျခံ ဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ ပြည်သူချင်း ဆက်ဆံမှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးပိုးရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှုများအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်၊ အာဆီယံ-တရုတ် ဆက်ဆံမှုတိုးမြှင့်ရေး၊ ပြည်သူချင်းဆက်ဆံမှုတိုးမြှင့်ရေး၊ ရေကြီးရေလျှံမှု ကာကွယ်ရေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာများ ဖလှယ်ရေး၊ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးပိုးရေး၊ တရုတ်နိုင်ငံသို့ မြန်မာလူငယ်ပညာတော်သင် ၁၀၀ စေလွှတ်ရေးနှင့် မြန်မာလူငယ် ၁၀၀ အား တရုတ်နိုင်ငံသို့ လေ့လာရေးခရီး စေလွှတ်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

အဆိုပါ တွေ့ဆုံမှုများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့က မြန်မာနိုင်ငံ အနေဖြင့် မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းကို ရွေးချယ်မှုအပေါ် ထောက်ခံကြောင်းနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်ရေး အတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုပြီးခိုင်မာအောင် ထပ်လောင်းအတည်ပြုရာလည်းရောက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများအား ရေးသားဖော်ပြလိုက်ပါသည်။

ဦးရဲထွဋ်
(ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန)

"ကျွန်တော်တို့ တရုတ်နိုင်ငံကိုသွားရောက်ပြီး စစ်ရေးပြအခမ်းအနား တက်ရောက်တဲ့ ရည်ရွယ်ချက်ကတော့ ၁၉၃၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ နှစ်ပေါင်း ၁၄ နှစ် ၁၅နှစ်လောက် ဖက်ဆစ်စနစ်ကို တွန်းလှန်ခဲ့တဲ့ တရုတ်ပြည်သူတွေနဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့တက်ရောက်တာဖြစ်ပါတယ်။ ဒုတိယရည်ရွယ်ချက်ကတော့ ဒုတိယကမ္ဘာစစ်မှာ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတဲ့ သင်ခန်းစာတွေပေါ့။ မြန်မာနိုင်ငံကလည်း ဘာပဲပြောပြော ဖက်ဆစ်စနစ်အောက်မှာ သုံးနှစ်နီးပါးခန့် နေခဲ့ရတဲ့အတွက်ကြောင့်မို့ ဖက်ဆစ်စနစ်ကနေ ရရှိခဲ့တဲ့ သင်ခန်းစာတွေ နမူနာယူပြီးတော့မှ နောင်ကမ္ဘာပေါ်မှာ ဘယ်တော့မှ ဖက်ဆစ်စနစ် ပြန်လည်ထွန်းကားလာခြင်း မရှိအောင် ကာကွယ်ကြမယ်ဆိုတဲ့ သန္ဓေဌာန်ချမှတ်မှုကို သက်သေပြတဲ့အနေနဲ့တက်ရောက်ခဲ့တာပါ။ ဒီစစ်ရေးပြအခမ်းအနားကို တက်ရောက်ပြီးတဲ့ နောက် ဒီနေ့မနက်မှာ တရုတ်သမ္မတကြီးနဲ့ တရုတ်ဝန်ကြီးချုပ်တို့နဲ့ နိုင်ငံတော်သမ္မတကြီးက တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးတဲ့အခါမှာ အဓိကဆွေးနွေးခဲ့တာကတော့ မြန်မာနိုင်ငံရဲ့ ရေဘေးသင့်ပြည်သူတွေရဲ့ဘဝ ပြန်လည်ထူထောင်ရေးအတွက် တရုတ်နိုင်ငံက ကူညီဆောင်ရွက်ပေးနိုင်မယ့် အလားအလာပေါ့။ တရုတ်နိုင်ငံအနေနဲ့ကတော့ ကျွန်တော်တို့ ရေဘေးပြန်လည်ထူထောင်ရေးကိစ္စရော နောက်တစ်ခါ ဧရာဝတီ မြစ်ကြောင်းအောက်ပိုင်းမှာရှိတဲ့ မြစ်ဝကျွန်းပေါ်ဒေသမှာ ရေကြီးရေလျှံမှုကို ကာကွယ်ဖို့အတွက် လိုအပ်တဲ့ ရေထိန်းတမံတွေဆောင်ရွက်ဖို့ ကျွန်တဲ့ကိစ္စတွေ အားလုံးအတွက် ယွမ် သန်းပေါင်း ၉၀၀ လောက် ကူညီပေးနိုင်မယ့် အလားအလာပေါ့။ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့တာရှိပါတယ်။ နောက်တစ်ခုကတော့ တရုတ်ခေါင်းဆောင်တွေက မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံရဲ့ နယ်စပ်ဒေသလုံခြုံရေး၊ နယ်စပ်ဒေသမှာ တရားမဝင်လုပ်ငန်းတွေ ပပျောက်ရေး ဒါတွေကိုအားလုံး ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။

တရုတ်နိုင်ငံ ခေါင်းဆောင်များကတော့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို သူတို့ထောက်ခံတဲ့အကြောင်းနဲ့ မြန်မာပြည်သူတွေက မိမိနိုင်ငံနဲ့ သင့်လျော်တဲ့ နိုင်ငံရေးစနစ်ကို ရွေးချယ်မှုအပေါ်မှာ သူတို့အပြည့်အဝထောက်ခံကြောင်းထပ်လောင်းအတည်ပြုပြောကြားခဲ့ပါတယ်။

ဒီနေ့ အပြန်မှာတော့ ကူမင်းမှာခေတ္တရပ်နားပြီး ယူနန်ပြည်နယ်ရဲ့ ပါတီအတွင်းရေးမှူးနဲ့ နိုင်ငံတော်သမ္မတတို့တွေ့ပါတယ်။ တွေ့တဲ့အခါမှာ အဓိကပြောတဲ့ အချက်ကတော့ ကျွန်တော် နိုင်ငံရဲ့ရေဘေးသင့်ပြည်သူတွေ ယူနန်ပြည်နယ်က ကူညီခဲ့တဲ့ကိစ္စကို ကျေးဇူးတင်ကြောင်း ပြောပါတယ်၊ နောက်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာတွေကိုဆွေးနွေးခဲ့ပါတယ်၊ နောက်တစ်ခုက ယူနန်ပြည်နယ်ကလည်း သဘာဝဘေးဒဏ်ကို မကြာခဏ ခံစားခဲ့ရတဲ့ ပြည်နယ်တွေထဲမှာ ပါတဲ့အတွက်ကြောင့် သူတို့မှာအတွေ့အကြုံတွေအများကြီးရှိတယ်။ ဒါကြောင့် ဒီကိစ္စတွေမှာ အတွေ့အကြုံတွေဖလှယ်ဖို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့တွေလည်း ဆွေးနွေးခဲ့တယ်။ အထူးသဖြင့် ယူနန်ပြည်နယ်နဲ့ မြန်မာနိုင်ငံကြားမှာ တရားဝင်ကုန်သွယ်မှုတိုးမြှင့်နိုင်ဖို့တွေကို ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ ဘက်က ထောက်ပြတဲ့အချက်ကတော့ နယ်စပ်ဒေသလုံခြုံအေးချမ်းမှ နယ်နိမိတ်ရဲ့ ဟိုဘက်ဒီဘက်မှာ ရှိတဲ့ ပြည်သူတွေ လွတ်လွတ်လပ်လပ်သွားလာနိုင်မယ်၊ ကူးသန်းရောင်းဝယ်မှုတွေလုပ်နိုင်မယ်၊ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မယ်ဆိုတဲ့ အချက်တွေကို ဆွေးနွေးခဲ့ပါတယ်။ ယူနန်ပြည်နယ်ဘက်ကလည်း သဘောတူတဲ့အတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးပိုးရေး ပွင့်ပွင့်လင်းလင်းပြောရရင် တရားမဝင်သစ်ခိုးထုတ်မှုအပါအဝင် တရားမဝင်ကိစ္စတွေ ရပ်တန့်သွားရေးအတွက် သူတို့လည်းအပြည့်အဝ ပူးပေါင်းမယ်လို့ ကတိပြုပြောကြားခဲ့ပါတယ်၊ ခြုံပြီးတော့ ပြောရရင် ဒီခရီးစဉ်က နှစ်နိုင်ငံ ရှိပြီးဖြစ်တဲ့ ချစ်ကြည်ရင်းနှီးမှုကို ပိုပြီးခိုင်မာအောင် ထပ်လောင်းအတည်ပြုရာလည်း ရောက်ပါတယ်။ နောက်တစ်ခုက ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ကမ္ဘာပေါ်မှာ ဘယ်တော့မှ ဖက်ဆစ်စနစ် ပြန်လည်မထွန်းကားစေဖို့၊ ပူးပေါင်းဆောင်ရွက်ကြဖို့ဆိုတဲ့ သန္ဓေဌာန်ချမှတ်ဖို့ကိုလည်း ပြောကြားနိုင်ခဲ့တယ်။ အဓိကအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ကုန်သွယ်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ဖို့၊ နယ်စပ်ဒေသလုံခြုံရေးနဲ့ တရားဥပဒေစိုးပိုးရေးကို ဆောင်ရွက်ဖို့ကိစ္စတွေကို ဆွေးနွေးနိုင်ခဲ့တဲ့အတွက် သာမန်အခမ်းအနား တက်ရောက်ရုံမဟုတ်ဘဲ အင်မတန်အရေးကြီးတဲ့ခရီးစဉ်ဖြစ်တယ်လို့ ပြောလို့ရပါတယ်"။

ဦးရဲထွဋ်
(ပြည်ထောင်စုဝန်ကြီး)

ထွန်းဝင်းနိုင်

နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လယ်ယာ၊ လျှပ်စစ်စွမ်းအား၊ ထုတ်လုပ်မှုစွမ်းရည်နှင့် ငွေကြေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှသဘောတူညီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ် (၇၀)ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်သမ္မတသည် စက်တင်ဘာ ၄ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံပူးတွဲ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ တရုတ်နိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှု အောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။ သမ္မတရှီကျင့်ဖျင်နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့သည် နှစ်နိုင်ငံ အမြင်ချင်းဖလှယ်ခဲ့ပြီး၊ တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ခင်မင်ရင်းနှီးသော အပြန်အလှန် ဖလှယ်မှုများ ပြုလုပ်နိုင်ရေးအတွက် အရေးကြီးသော တူညီဆန္ဒများကို ရရှိခဲ့သည်။ တရုတ်ဝန်ကြီးချုပ် မစ္စတာ လီချန်းသည်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြားတည်ရှိသည့် အစဉ်အလာရှိသည့် ပေါက်ဖော်ဆက်ဆံရေးနှင့် ပတ်သက်၍ နှစ်ဖက်စလုံးမှ ချီးကျူးပြောဆိုခဲ့ပြီး လွန်ခဲ့သည့် (၆၅)နှစ်မှစတင်ကာ သံတမန်ဆက်သွယ်ခဲ့ချိန်မှစ၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်အပေါ် ခိုင်မာစွာ ရပ်တည်ကိုင်စွဲမှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများအပေါ် အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့ပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားများကို ဦးစားပေးပြီး တရုတ်-မြန်မာဆက်ဆံရေး လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ချီတက်နိုင်ရန်အတွက် မဟာဗျူဟာမြောက်နှင့် ရေရှည်အမြင်ဖြင့် ပြောင်းလဲဆောင်ရွက်သွားရန်၊ နှစ်နိုင်ငံစလုံး၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြန်အလှန်ကူညီမှုနှင့် အေးအတူပူအမျှ ရပ်တည်မှုအစဉ်အလာကို ဆက်လက်ကိုင်စွဲသွားရန် နှစ်ဖက်စလုံးက ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မကြာသေးမီက ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရစဉ်အတွင်း တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီ ထိရောက်သောအကူအညီများ ပေးအပ်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံအနေဖြင့် ကျေးဇူးတင်ရှိပါသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများတွင် အကူအညီများ ဆက်လက်ပေးအပ်သွားရန် အဆင်သင့်ရှိပြီး၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကူညီပေးသွားရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်ဖော်ပြောကြားခဲ့သည်။

မကြာသေးမီက တီယန်ကျင်း ဓာတုသိုလှောင်ရုံဖြစ်စဉ်တွင် သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိမှုများအတွက် သက်ဆိုင်သည့် ပြည်သူများသို့ မြန်မာနိုင်ငံအနေဖြင့် ဝမ်းနည်းစာနာကြောင်း ဖော်ပြခဲ့သည်။

နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့် လည်ပတ်မှုများနှင့် နိုင်ငံရေးပါတီများ၊ အစိုးရအဖွဲ့အစည်းများ၊ တပ်မတော်များ၊ ဒေသများအကြားနှင့် ပြည်သူများအကြား ကဏ္ဍပေါင်းစုံတွင် ခင်မင်ရင်းနှီးသော အပြန်အလှန်လည်ပတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးနှင့် တန်းတူညီမျှမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုအပေါ် အခြေခံကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (One Belt One Road) အစီအစဉ်နှင့် BCIM ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအတွင်းမှ ဆိပ်ကမ်းနှင့် လမ်းမများ၊ ရထားလမ်းများအစရှိသည့် အခြေခံအဆောက်အအုံပေါင်းစည်း ဆက်နွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်၊ တရုတ်-မြန်မာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကော်မတီနှင့် အစိုးရအဖွဲ့အစည်းများအကြား လျှပ်စစ်စွမ်းအားကဏ္ဍပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအား အပြည့်အဝ အသုံးချကာ အကျိုးတူဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လယ်ယာကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ထုတ်လုပ်မှုစွမ်းရည်ကဏ္ဍ၊ ငွေကြေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည်။

တရုတ်-မြန်မာ သံတမန်ဆက်သွယ်မှု(၆၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားဖြစ်သည့် "မြန်မာလူငယ် ၁၀၀ ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလည်အပတ် ခရီးစဉ်" အစီအစဉ်အောင်မြင်ရေး၊ ပြည်သူများအကြား အသွင်သဏ္ဌာန်မျိုးစုံဖြင့် အပြန်အလှန်ဖလှယ်မှုများ တိုးချဲ့ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ သတင်း၊ အားကစား၊ ကျန်းမာရေး၊ ဘာသာရေးစသည့် ကဏ္ဍများတွင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် နက်ရှိုင်းစေရန်အတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းအခြေအနေများနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းရွေးချယ်သည်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှထောက်ခံပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် လူမှုရေးအရ သဟဇာတဖြစ်မှုများ ရရှိခံစားနိုင်မည်ဟု မျှော်လင့်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတိုးတက်အောင်မြင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အပြုသဘောပါဝင်မှုကို မြန်မာနိုင်ငံမှ ချီးကျူးပြောကြားခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အပြုသဘောဆက်လက်ကြိုးပမ်းမှုများကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံနယ်စပ်ဒေသတွင် တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် အတူတကွ လက်တွဲဆောင်ရွက်ရန်နှင့် နယ်စပ်ဒေသ စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ပါသည်။

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(လသာ)ရှိ အကြီးစားပြုပြင်ပြီး နှစ်ထပ်ကျောင်းဆောင်ကြီး လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၄

ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းစာသင်ဆောင်များ ကောင်းမွန်ခြင်းသည် ပညာရည် မြင့်မားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါကြောင်း၊ ယခုစာသင်ဆောင်အား ကျောင်းသားဟောင်းများနှင့် အလျှုရှင်များ ပူးပေါင်းပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရန် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သည့်၊ ပညာတတ်သည့် ၊ စဉ်းစားဆင်ခြင်တုံတရားကောင်းသည့် လူငယ်များစွာ လိုအပ်ပါကြောင်း၊ " ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်အံ့" ဆိုသည့် ဆောင်ပုဒ်နှင့်ကိုက်ညီအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ အကြီးစားပြုပြင်ပြီး နှစ်ထပ်ကျောင်းဆောင် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တာဝန်ရှိသူများ၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း (လသာ)ကျောင်းအုပ်ကြီးနှင့်ကျောင်းသားကျောင်းသူဟောင်းများ၊ စေတနာရှင်အလျှုရှင်များ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

ရေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နှစ်ထပ် ကျောင်းဆောင်ကြီး အကြီးစားပြုပြင် လျှုဒါန်းခြင်း ကမ္ဘည်းမော်ကွန်းအား စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် မွမ်းမံပြင်ဆင်ပြီးသော နှစ်ထပ်ကျောင်းဆောင်နှင့် စာသင်ခန်းများ၊ Language Lab ခန်းများ၊ ကျောင်း စာကြည့်တိုက်တို့အား လှည့်လည်ကြည့်ရှုကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အထက်တန်းပညာသင်ယူစဉ်က တက်ရောက်ခဲ့သော ဒသမတန်း (A)အခန်းသို့ သွားရောက်ပြီး လက်ရှိပညာသင်ကြားနေသည့် ဒသမတန်း (A)ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်၍ နှစ်ထပ်ကျောင်းဆောင်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို အဆိုပါကျောင်းရှိ ဗဟိုစ်ပြခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဉာဏ်ရည်ထက်မြက်သည့်၊ စဉ်းစားဆင်ခြင်တုံတရားကောင်းသည့် လူငယ်များဖြစ်လာစေရန် ဆရာ၊ဆရာမများ၏ သင်ကြားပေးမှုသည်အရေးကြီးပါကြောင်း၊ ထို့အတူ မိဘများ၏ အားပေးမှုသည်လည်း အရေးကြီးပါကြောင်း၊ စာသင်ကြားမှုသာမက ကျန်းမာကြံ့ခိုင်ရေးအတွက်ပါ ဖြည့်ဆည်းပေးရန်လိုအပ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင်မှုသာ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကာယအချိန်များပေးပြီး စနစ်တကျသင်ကြားလေ့ကျင့်မှုပြုလုပ်ကြရန် အကြံပြုလိုပါကြောင်း၊ ကျောင်းကျန်းမာရေးစစ်ဆေးမှုများ၊ ကျန်းမာရေး အသိပညာပေးမှုများပါ လုပ်ဆောင်ပေးစေလိုပါကြောင်း၊ သင်ကြားရေးတွင် တာဝန်ရှိသူ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်ရေးတွင် တာဝန်ရှိသူပုဂ္ဂိုလ်များအနေဖြင့် ကလေးများ သုတ၊ ရသ စာပေများကို မှန်မှန်ကန်ကန် ဖတ်ရှုလေ့လာသည့် အကျင့်ရရှိအောင် လုပ်ဆောင်ပေးခြင်းဖြင့် တစ်ဦးချင်း၏ အသိဉာဏ် မြင့်မားစေသကဲ့သို့ တိုင်းပြည်တည်ဆောက်ရေး တာဝန်ထမ်းဆောင်ရာတွင်လည်း မျှားစွာအထောက်အကူရစေမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စည်းကမ်း ကောင်းမွန်သည့် ကျောင်းသားများ၊ လူငယ် လူရွယ်များ ဖြစ်လာစေရန် ဝိုင်းဝန်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယခုကျောင်းဆောင်ပြုပြင်နိုင်ရေးအတွက် ဝိုင်းဝန်းလျှုဒါန်းဆောင်ရွက်ကြသော ကျောင်းသားဟောင်းများနှင့် အလျှုရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဤကျောင်းတော်ကြီးမှ အနာဂတ်တွင် တိုင်းပြည် ဂုဏ်ကို ဆောင်နိုင်သည့် နိုင်ငံ့ သားကောင်းရတနာများ စဉ်ဆက် မပြတ်မွေးထုတ်ပေးနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ်(ရေ)တို့က ကျောင်းစာကြည့်တိုက်အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လျှုဒါန်းသည့် သုတ၊ ရသစာအုပ် ၅၀၀ နှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုက လျှုဒါန်းသည့် ကွန်ပျူတာ ၁၀ လုံးတို့အား ပေးအပ်လျှုဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကားဆရာကြီး ဦးစိုးမင်းထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျောင်းသားဟောင်း ဦးချစ်ညွှန့်က အကြီးစားပြင်ဆင်ပြီးသည့် နှစ်ထပ် ကျောင်းဆောင်နှင့် ပတ်သက်သော အထောက်အထား စာရွက်စာတမ်းများကို ကျောင်းအုပ်ကြီးနှင့် ကျောင်းသားကိုယ်စား ပြန်လည်ပြောကြားသည်။

ယနေ့လွှဲပြောင်းပေးအပ်သော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (လသာ)ရှိ နှစ်ထပ်ကျောင်းဆောင်ကြီးအား ကျပ်သိန်းပေါင်း ၃၉၀၀ အကုန်ကျခံကာ အမိုးအုတ်ကျွတ်များ ပြုပြင်လဲလှယ်ခြင်း၊ တိုင်များအစားထိုးလဲလှယ်ခြင်း၊ ကြမ်းခင်း၊ တံခါးနှင့်ပြတင်းပေါက်များ၊ မျက်နှာကြက်များ ပြုပြင်လဲလှယ်ခြင်း စသည်ဖြင့် အကြီးစားပြင်ဆင်မွမ်းမံမှုများ ပြန်လည် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

(မြဝတီ)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဒါနရှေ့ဆောင်မြန်မာအဖွဲ့မှ တိုင်းရင်းသားလူငယ်များလာရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၄

ဒါနရှေ့ဆောင်မြန်မာအဖွဲ့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် တိုင်းရင်းသားလူငယ် ၅၀ သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာဝုံ)**

ရှေးဦးစွာ ဒါနရှေ့ဆောင်မြန်မာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မိတ်ဆက်စကားပြောကြားပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကကော်မရှင်ဖွဲ့စည်းပုံနှင့်တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးမှုစနစ်၊ ကျင်းပပြီးခဲ့သည့် ရွေးကောက်ပွဲများအပေါ် သုံးသပ်၍ ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်လေ့လာပြီး ဥပဒေနှင့်အညီ ရှင်းလင်းပွင့်လင်းမြင်သာမှုရှိသော နည်းဥပဒေများပြင်ဆင်ထားရှိမှု၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် လူမှုအဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်တို့ကိုသိရှိလိုက်နာပြီး လူထုကိုပညာပေးရန်လိုအပ်မှု၊ နိုင်ငံ့အကျိုးအတွက် ရွေးကောက်ပွဲ၏အနှစ်သာရနှင့်အညီ အရည်အချင်းပြည့်ဝသော လူထုကိုယ်စားလှယ်များ ရွေးချယ်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဂင်းနောက် တိုင်းရင်းသားလူငယ်များကမေးမြန်းခဲ့သည့် မဲဆန္ဒရှင်ပညာပေး ဆင့်ပွားသင်တန်းများဆောင်ရွက်ရာတွင် ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကူညီပေးနိုင်မှုနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကလည်းကောင်း၊ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်အောင်ဆောင်ရွက်ထားရှိမှု၊ တပ်မတော်သားများ ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှု ဖြေရှင်းရေးခုံအဖွဲ့များ ဖွဲ့စည်းထားရှိမှုများနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဦးမြင့်နိုင်ကလည်းကောင်း၊ ဘာသာရေးကိုအကြောင်းပြု၍ မဲဆွယ်စည်းရုံးမှု မပြုရေး၊ ရွေးကောက်ပွဲတွင် ဆိုရှယ်မီဒီယာများ၏ တရားမဲ့ဝေဖန်ပြောဆိုမှုနှင့်ပတ်သက်၍ အဖွဲ့ဝင်ဦးဝင်းကိုကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်ရေးအတွက် လိုအပ်ချက်များအပေါ် ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Daniel R. Russell နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးပုံစနစ်၊ မဲစာရင်းပြုစုပုံနှင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းစဉ်တို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက မဲစာရင်းအမှန်ရရှိရေးနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရေး၊ လွတ်တော် ကိုယ်စားလှယ်လောင်း စိစစ်ခြင်းကိစ္စ၊ ဘာသာရေးကို အကြောင်းပြု၍ မဲဆွယ်စည်းရုံးမှုမပြုရေးကိစ္စ၊ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းလွှတ်တော်အတွင်း ပါဝင်နေမှုနှင့် တပ်မတော်သားများ ကြိုတင်မဲပေးခြင်းကိစ္စရပ်များနှင့်စပ်လျဉ်းပြီး မေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါဝင်နေခြင်းဖြစ်ကြောင်း၊ မှန်ကန်သော မဲစာရင်းရရှိရေးအတွက် အခြေခံ မဲစာရင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့် အညီစိစစ်လျက်ရှိပြီး ရွေးကောက်ခံ ပိုင်ခွင့်ရှိသူများ အရွေးအချယ်ခံနိုင်ရေးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဘာသာရေးကို အကြောင်းပြုပြီး မဲဆွယ်စည်းရုံးမှုနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အပြင် နိုင်ငံရေးပါတီများ ကျင့်ဝတ်တွင်လည်း နိုင်ငံရေးပါတီအားလုံးက ညှိနှိုင်းသဘောတူ ထည့်သွင်းရေးဆွဲထားသဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်သားများ ကြိုတင်မဲစာရင်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် ဥပဒေ နည်းဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများ စောင့်ကြည့်လေ့လာကြည့်ရှုခွင့်ပြုရေးကိုလည်း တပ်မတော်နှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းပယ်ဖျက်ခြင်း အယူခံမှုများကြားနာစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စစ်ဆေး ကြားနာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်နှစ်ဦးတို့သည် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းစိစစ်ခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပယ်ဖျက်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုင်းကျော်ဇော်မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းလာသည့် အယူခံမှု အပေါ် ယနေ့ နံနက် ၁၀ နာရီခွဲတွင် စစ်ဆေးကြားနာသည်။ စစ်ဆေးကြားနာရေးအဖွဲ့မှ အယူခံပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတို့၏ လျှောက်ထားချက်များအား ကြားနာခဲ့ပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရုံးတော်သဟာယ၏ အကြံပြုချက်နှင့်အတူ တွေ့ရှိချက်၊ သုံးသပ်ချက်တို့အား အစီရင်ခံတင်ပြခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်စုံညီအဖွဲ့မှ ၎င်းအား သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သုံးလေအားနည်းနေမည်

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံးလေအားနည်းနေမည်။ **(မိုး/ဇလ)**

ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေမည့် မအူပင်မြို့နယ် ပံတပွတ်တံတားဖွင့်

ရန်ကုန် စက်တင်ဘာ ၄

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် မအူပင်မြို့နှင့် ရန်ကုန်မြို့သို့ ကုန်စည်များ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နှင့် သုံးခွကျွန်းဒေသကို ဆက်သွယ်ထားသည့် ပံတပွတ်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါတံတားအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ချောင်းအင်းအိုင်ပေါများသည့် ဒေသဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လမ်း၊ တံတားများက အထောက်အပံ့ပေးပါကြောင်း၊ ယခင်က တံတားကြီးငယ်နည်းပါးသည့်အတွက် တစ်မြို့နှင့်တစ်မြို့သွားလာရန် လွန်စွာခက်ခဲကြောင်း၊ နာဂစ်မုန်တိုင်းဖြစ်ပြီးနောက်ပိုင်း လမ်းကြီး ၁၁ လမ်းကို ကွန်ရက်သဖွယ် ဖောက်လုပ်ခဲ့ပြီး တံတားပေါင်းမြောက်မြားစွာ တည်ဆောက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ သုံးခွကျွန်းဒေသတွင် တံတားတစ်စင်းပေါ်ထွန်းလာသည့်အတွက် ဒေသခံများ၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်က "သုံးခွကျွန်းဒေသသည် ယခင်ကလမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်မှယနေ့အထိ သုံးခွကျွန်းဒေသအတွင်း မော်တော်ယာဉ်များ သွားလာနိုင်ရေးအတွက် သုံးခွကျွန်း တာပေါင်ပတ်လမ်းများ ဖြစ်သည့် ပံတပွတ်-ပန်းတော်လမ်းလေးမိုင် ခြောက်ဖာလုံ၊ ပန်းတော-ကျုံသင်လမ်း ၂၅ မိုင် ၅ ဖာလုံ၊ အခြံ-မင်းဘောလမ်း ကိုးမိုင် တစ်ဖာလုံ၊ မင်းဘော-ထန်းပင်ကွေ့အရှေ့လမ်း နှစ်မိုင် လေးဖာလုံ၊ ထန်းပင်ကွေ့-အရှေ့-ပံတပွတ်လမ်းနှစ်မိုင် စုစုပေါင်း ၄၄ မိုင်ကို မြေသားလမ်းမှကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ သုံးခွကျွန်းဒေသတစ်ခုလုံးဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကကျသည့် ပံတပွတ်တံတားကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ယူ တည်ဆောက်ပေးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ သုံးခွကျွန်းဒေသခံတစ်ဦးဖြစ်သည့် ဝါးတောကျေးရွာမှ ဦးစောမိုးဝေ၊ ဦးတင်ဝင်းနှင့် မအူပင်မြို့နယ် ထန်းပင်ကွေ့အရှေ့ကျေးရွာမှ ဒေါက်တာ ရဲမင်းထွန်းတို့က တံတားဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပံတပွတ်တံတားကို ဘက်စုံထူးချွန် လူငယ်များဖြစ်သည့် မောင်ဟန်လင်းအောင်၊ မစုစုနွယ်နှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ရဲဖြိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်ကကမ္ဘည်း မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးသိန်းညွှန့်၊ ဦးအုန်းမြင့်၊ ဦးကျော်လွင်တို့နှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှု၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

မအူပင်မြို့နှင့် သုံးခွကျွန်းကို ဆက်သွယ်ထားသည့် ပံတပွတ်တံတားသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၃၈၂၃ ဒသမ ၆ သန်းဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ပြီး တံတားအရှည်ပေ ၇၂၀၊ လမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီနှင့် ခံနိုင်ဝန်တန် ၆၀ ရှိသည်။

အဆိုပါ ပံတပွတ်တံတားကြီး တည်ဆောက် ဖွင့်လှစ်နိုင်ခြင်းဖြင့် သုံးခွကျွန်းဒေသအတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၇၆ ရွာရှိ လူဦးရေ ၅၅၀၀၀ ကျော်နှင့် အခြားဆက်စပ်ဒေသများရှိ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် ရေခဲတောင်

ဌေးဌေးသန်း
(မိုး/ဇလ)

မြန်မာနိုင်ငံသည် သဘာဝအလှတရားများပေါများသည့် နိုင်ငံ တစ်နိုင်ငံဖြစ်ပေသည်။ ယင်းသဘာဝအလှတရားများတွင် မြန်မာနိုင်ငံ မြောက်ဖျားပိုင်း၌ တည်ရှိသော ရေခဲတောင်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲတောင်များ အရည်ပျော်ရာတွင် မြန်မာနိုင်ငံရှိ ရေခဲတောင်များသည်လည်းအနည်းနှင့် အများအရည်ပျော်ကျလျက်ရှိပါသည်။ ယင်းရေခဲတောင်များနှင့်ပတ်သက်၍ The International Centre for Integrated Mountain Development (ICIMOD) အဖွဲ့အစည်းသည် လေ့လာသုတေသနပြုလျက်ရှိပါသည်။ ICIMOD သည် နီပေါနိုင်ငံတွင် အခြေစိုက်၍ ဟိမဝန္တာတောင်တန်းဒေသ (Hindu Kush Himalayas Region) တွင်ပါဝင်သော အာဖဂန်နစ္စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ နီပေါနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ တောင်ပေါ်ဒေသနေပြည်သူများ၏ လူနေမှုဘဝနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတု ပြောင်းလဲလာမှုနှင့်အညီ လိုက်လျောညီထွေနေထိုင်နိုင်ရေးကူညီဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ICIMOD အဖွဲ့အစည်း၏ Hindu Kush Himalayas (HKH) Region (ပုံ-၁) ၌ လေ့လာလျက်ရှိသော အကြောင်းအရာများတွင် ရေခဲတောင် (Glacier)နှင့် ပတ်သက်သော အချက်အလက်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ICIMOD မှ ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ HKH ဒေသတွင် ခန့်မှန်းခြေအားဖြင့် ရေခဲတောင်ပေါင်း ၅၄၀၀၀ ခန့်ရှိပြီး၊ စတုရန်းကီလိုမီတာ ၆၀၀၀၀ ခန့်ရှိကာ ထုထည်အားဖြင့် ၆၀၀၀ ကုဗကီလိုမီတာရှိပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် Hindu Kush Himalayas (HKH) Region တွင် ပါဝင်သော်လည်း ရေခဲတောင်ဖုံးလွှမ်းခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ဟိမဝန္တာတောင်တန်းဒေသတွင် ပါဝင်သော ရေခဲတောင်များအနက် မြန်မာနိုင်ငံ၏ ရေဝေရေလဲဧရိယာအတွင်းတည်ရှိသော ရေခဲတောင်ဆိုင်ရာ အချက်အလက်များသည် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် အရေးပါသောအချက်တစ်ချက် ဖြစ်ပါသည်။



ပုံ-၁ Hindu Kush Himalayas (HKH) Region ရှိ ရေဝေရေလဲဧရိယာများ ပြပုံ

ဧရာဝတီ ရေဝေရေလဲဧရိယာ

ဧရာဝတီ ရေဝေရေလဲဧရိယာသည် ၄၂၆၅၀၁ စတုရန်းကီလိုမီတာ ရှိပြီး ရေခဲတောင်သည် ပူတာအို၏ မြောက်ဘက်တွင် တည်ရှိပါသည်။ ICIMOD မှ ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဧရာဝတီ ရေဝေရေလဲဧရိယာအတွင်း တည်ရှိသော ရေခဲတောင်စုစုပေါင်း ၁၃၃ ခုရှိပြီး ၈၇ ခုသည် မြန်မာနိုင်ငံ ဧရိယာအတွင်းရှိကာ ကျန် ၄၆ ခုသည် တရုတ်နိုင်ငံ အတွင်းတည်ရှိပါသည်။ ရေခဲတောင်အားလုံး၏ ဧရိယာသည် ၃၅ စတုရန်းကီလိုမီတာ(ပုံ-၂)ရှိပြီး အကြီးဆုံးရေခဲတောင်သည် မြောက်လတ္တီကျ ၂၈. ၃၇ နှင့် အရှေ့လောင်ဂျိကျ ၉၇. ၅၁ တွင် တည်ရှိကြောင်းသိရှိရပါသည်။ ယင်းအကြီးဆုံး ရေခဲတောင်ဧရိယာသည် ၂. ၉၁ စတုရန်း ကီလိုမီတာ ရှိပါသည်။ ရေခဲတောင် အားလုံး၏ ၈၆ ရာခိုင်နှုန်းသည် ၀. ၅ စတုရန်းကီလိုမီတာနှင့် ယင်းအောက်ငယ်သော ရေခဲတောင်များသာဖြစ်ပြီး တစ်ခုချင်းပျမ်းမျှဧရိယာ ၀. ၂၇ စတုရန်းကီလိုမီတာရှိကြောင်းသိရှိရပါသည်။



ပုံ-၂ ဧရာဝတီ ရေဝေရေလဲဧရိယာရှိ ရေခဲတောင်များ

လတ္တီကျူးအမြင့်ပိုင်း၏ တောင်ပေါ်ဒေသများတွင် ဆောင်းရာသီ၌ ဆီးနှင်းများကျရောက်၍ ရေခဲများ ဖုံးလွှမ်းပြီး ရေခဲတောင်များဖြစ်ပေါ်လာပါသည်။ ယင်းရေခဲတောင်များသည် နွေကာလတွင် အပူချိန်မြင့်မားခြင်း ကြောင့်လည်းကောင်း၊ မိုးကြိုကာလနှင့် မိုးဦးကာလတို့တွင် အပူချိန်မြင့်မားမှုနှင့်အတူ မိုးရွာသွန်းခြင်းကြောင့်လည်းကောင်း ရေခဲတောင်များအရည်ပျော်ပြီး မြစ်အောက်ပိုင်းဒေသများသို့ စီးဆင်းခြင်းများဖြစ်ပေါ်လေ့ရှိပါသည်။ ထို့အပြင် မိုးတွင်းကာလတွင်လည်း ယင်းကဲ့သို့ အခြေအနေမျိုးဖြစ်ပေါ်သည့် ကာလတွင် ရေခဲတောင်အရည်ပျော်မှုများ ကြုံတွေ့ရတတ်ပါသည်။ သို့သော်လည်း ဧရာဝတီရေဝေရေလဲဧရိယာအတွင်းရှိ ရေခဲတောင် ဧရိယာနှင့် ရေခဲထုပမာဏသည် အခြားရေဝေရေလဲဧရိယာများနှင့်ရေခဲထုပမာဏတို့ နှိုင်းယှဉ်ပါက သေးငယ်ကြောင်း (ဇယား-၁) တွေ့ရှိရပါသည်။ ဧရာဝတီမြစ်အထက်ပိုင်း ရေခဲတောင်အနီးဒေသများတွင် မြစ်ရေမြင့်တက်မှုကို အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်။

၂၀၀၄ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် တစ်ပတ်အတွင်း ၁၃ လက်မခန့် မိုးရွာသွန်းခဲ့သဖြင့် ဧရာဝတီမြစ်ရေသည် လေးရက်အတွင်း မချမ်းဘောမြို့တွင် ၁၂ ပေခန့်၊ မြစ်ကြီးနားမြို့တွင် ၂၁ ပေခန့်မြင့်တက်ခဲ့သည် (ပုံ-၃)ကို တွေ့ရှိရပါသည်။ ယင်းမြစ်ရေ မြင့်တက်မှုတွင် ရေခဲတောင် အရည်ပျော်မှုကြောင့် စီးဝင်လာသည့် ရေအနည်းငယ်ပါဝင်နိုင်သော်လည်း အဓိကအားဖြင့် မြစ်ကြောင်းအတွင်းစီးဝင်နိုင်သည့် ဒေသများတွင် မိုးပျံ့ပျံ့နှံ့နှံ့ ရွာသွန်းခြင်းကြောင့်ဖြစ်ပါသည်။



ပုံ-၃ ၂၀၀၄ ခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီမြစ်အထက်ပိုင်း ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် မိုးရွာသွန်းမှုနှင့် မချမ်းဘောမြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မြစ်ရေမြင့်တက်ခြင်း ဆက်စပ်မှု

ထို့အတူ ၂၀၁၄ ခုနှစ် မေလ ပထမပတ်အတွင်း ဧရာဝတီမြစ် အထက်ပိုင်း ပူတာအိုမြို့၊ မချမ်းဘောမြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မိုးရွာသွန်းမှုနှင့် မချမ်းဘောမြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မြစ်ရေမြင့်တက်ခြင်း ဆက်စပ်မှုကို (ပုံ-၄) တွင် ပြသထားပါသည်။ ယင်းဒေသတွင် တစ်ပတ်အတွင်း ၄ ဒသမ ၅လက်မခန့် မိုးရွာသွန်းခဲ့ပြီး မြစ်ရေမြင့်တက်မှုသည် မချမ်းဘောမြို့တွင် ခုနစ်ပေနှင့် မြစ်ကြီးနားမြို့တွင် ပေ ၂၀ မြင့်တက်ခဲ့ကြောင်းတွေ့ရှိရပါသည်။ ယင်း မြစ်ရေမြင့်တက်မှုသည် ရွာသွန်းသည့် မိုးပမာဏနှင့် နှိုင်းယှဉ်ပါက ပိုမိုကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ယင်းမြစ်ရေမြင့်တက်မှုသည် မိုးရွာသွန်းခြင်း သက်သက်ကြောင့် မဟုတ်ဘဲ ဧပြီ၊ မေလတို့တွင် ဖြစ်ပေါ်တတ်သည့် အပူလွန်ကဲခြင်းကြောင့် ရေခဲတောင်များ အရည်ပျော်ခြင်းဖြစ်ပေါ်ပြီး ယင်းကာလတွင် Western Disturbance ကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးရွာသွန်းခြင်းတို့ ပေါင်းဆုံကာ ရေခဲတောင်အရည်ပျော်မှုကို ကြုံတွေ့ရခြင်းဖြစ်ပါသည်။



ပုံ-၄ ၂၀၁၄ ခုနှစ် မေလအတွင်း ဧရာဝတီမြစ်အထက်ပိုင်း ပူတာအိုမြို့၊ မချမ်းဘောမြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မိုးရွာသွန်းမှုနှင့် မချမ်းဘောမြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မြစ်ရေ မြင့်တက်ခြင်း ဆက်စပ်မှု

ထိုနည်းတူ ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် သြဂုတ်လတို့တွင် ဧရာဝတီမြစ် အထက်ပိုင်း ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် မိုးရွာသွန်းမှုနှင့် မချမ်းဘောမြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မြစ်ရေမြင့်တက်ခြင်း ဆက်စပ်မှုကို ပုံ-၅ နှင့် ပုံ-၆ တို့တွင် ပြသထားပါသည်။ ယင်းမြစ်ရေမြင့်တက်ခြင်းသည်လည်း မိုးရွာသွန်းမှုကြောင့် အဓိကဖြစ်ပြီး ရေခဲတောင်အရည်ပျော်မှုသည် အနည်းငယ်သာ ပါဝင်ပါသည်။

ရေခဲတောင် အရည်ပျော်ခြင်းသည် ကမ္ဘာကြီးပူနွေးမှုနှင့်ဆက်စပ်နေသဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာပါက ရေခဲတောင် အရည်ပျော်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်ပါသည်။ မြန်မာနိုင်ငံအတွင်းတည်ရှိသည့် ရေခဲထုပမာဏသည် နည်းပါးသော်လည်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေရေး ထိန်းသိမ်းရန်လိုအပ်ပေသည်။



ပုံ-၅ ဧရာဝတီမြစ်အထက်ပိုင်း ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် မိုးရွာသွန်းမှုနှင့် မချမ်းဘောမြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မြစ်ရေမြင့်တက်ခြင်း ဆက်စပ်မှု



ပုံ-၆ ဧရာဝတီမြစ်အထက်ပိုင်း ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် မိုးရွာသွန်းမှုနှင့် မချမ်းဘောမြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မြစ်ရေမြင့်တက်ခြင်း ဆက်စပ်မှု

သံလွင် ရေဝေရေလဲဧရိယာ

သံလွင် ရေဝေရေလဲဧရိယာသည် ၃၆၃၇၇၈ စတုရန်းကီလိုမီတာ (ပုံ-၇) ရှိပြီး ၅၈ ရာခိုင်နှုန်းသည် HKH Region တွင်တည်ရှိသည်။ ရေခဲတောင် စုစုပေါင်း ၂၁၁၃ ခုရှိပြီး ဧရိယာအားဖြင့် ၁၃၅၂ စတုရန်း ကီလိုမီတာ (ပုံ-၈)ရှိပါသည်။ ယင်းရေခဲတောင်အားလုံးသည် တရုတ်နိုင်ငံအတွင်းတွင် တည်ရှိပါသည်။ ရေခဲတောင်အားလုံး၏ ၇၆ ရာခိုင်နှုန်း သည် ၀. ၅ စတုရန်းကီလိုမီတာနှင့် အောက်ငယ်သော ရေခဲတောင်များသာဖြစ်ပြီး ၁၀ စတုရန်းကီလိုမီတာနှင့် အထက်ကြီးသော ရေခဲတောင် ၁ ရာခိုင်နှုန်းရှိသည်။ ယင်း ရေခဲတောင်များ အရည်ပျော်ခြင်းကြောင့် စီးဝင်လာသည့် မြစ်ရေ မြင့်တက်မှုသည် မြန်မာနိုင်ငံအတွက် အကျိုးသက်ရောက်မှု အလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။

စာမျက်နှာ ၇ သို့

ဇယား-၁ Hindu Kush Himalayas (HKH) Region အတွင်းရှိ ရေခဲတောင်ဆိုင်ရာ အချက်အလက်များ

Parameter	Units	Basin											HKH
		Amu Darya	Indus	Ganges	Brahmaputra	Irrawaddy	Salween	Mekong	Yangtze	Yellow	Tarim	Interior	
Basin area total	km²	645,726	1,116,086	1,001,019	528,079	426,501	363,778	841,322	2,065,763	1,073,168	929,003	NA	8,990,445
Basin area in HKH	km²	166,686	555,450	244,806	432,480	202,745	211,122	138,876	565,102	250,540	26,729	909,824	3,705,721
Latitude minimum	degrees	34.58	30.45	27.53	27.49	28.06	28.38	28.30	28.21	33.29	34.74	29.69	27.49
Latitude maximum	degrees	38.35	37.08	31.42	31.03	28.77	32.76	33.73	35.78	38.25	36.75	39.28	39.28
Longitude minimum	degrees	67.63	69.36	77.98	82.03	97.32	91.50	94.15	90.56	98.61	75.56	78.31	67.63
Longitude maximum	degrees	74.88	81.65	88.7	97.76	98.17	98.71	98.76	103.89	101.87	86.82	100.54	103.89
Number of glaciers	unit	3,277	18,495	7,963	11,497	133	2,113	482	1,661	189	1,091	7,351	54,252
CI glacier area	km²	2,405.59	18,631.04*	5,621.68*	1,185.65*	35.46	NA	NA	NA	NA	516.95*	NA	NA
DC glacier area	km²	160.59	1,970*	809.92*	147.52*	0.0	NA	NA	NA	NA	32.00 *	NA	NA
Total glacier area	km²	2,566.18	21,192.67	9,011.53	14,019.84	35.46	1,351.76	234.61	1,659.85	137.43	2,310.26	7,534.64	60,054.23
Largest glacier area	km²	39.72	925.93	176.76	204.36	2.91	40.06	9.76	54.59	20.82	239.23	83.94	926
Total ice reserves	km³	162.61	2,696.05	793.53	1,302.63	1.29	87.69	10.68	121.40	9.24	378.64	563.1	6,126.85
Highest elevation	masl	7,213	8,566	8,806	8,331	5,695	6,471	6,361	6,270	5,710	6,462	6,609	8,806
Lowest elevation	masl	3,131	2,409	3,273	2,435	4,256	3,786	2,891	2,972	4,151	3,940	3,994	2,409
CI elevation minimum*	masl	3,415	2,723	3,610	3,707	4,256	NA	NA	NA	NA	4277	NA	NA
CI elevation maximum*	masl	7,213	8,566	8,806	8,331	5,695	NA	NA	NA	NA	6462	NA	NA
DC elevation minimum*	masl	3,131	2,409	3,273	3,882	NA	NA	NA	NA	NA	3940	NA	NA
DC elevation maximum*	masl	5,466	5,913	6,009	5,828	NA	NA	NA	NA	NA	5235	NA	NA
Mean CI glacier slope*	degrees	25	25	28	25	25	NA	NA	NA	NA	27	NA	NA
Mean DC glacier slope*	degrees	12	10	13	13	NA	NA	NA	NA	NA	10	NA	NA
Mean slope	degrees	24	24	28	25	25	25	26	27	26	27	24	25
Average glacier area	km²	0.78	1.15	1.13	1.22	0.27	0.64	0.49	1.00	0.73	2.12	1.02	1.11

** ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကူမင်းလေဆိပ်သို့ ရောက်ရှိစဉ် လေဆိပ်ရှေ့ခန်းမ ဆောင်၌ နိုင်ငံတော်သမ္မတအား ယူနန်ပြည်နယ် ပါတီအထွေထွေ အတွင်းရေးမှူး မစ္စတာလီကျိဟန် က လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား တရားဝင် ကုန်သွယ်မှုများ တိုးမြှင့်ရေး၊ ရွှေလီ-မူဆယ်စီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ရေး အလားအလာများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ သစ်ဦးထုတ်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ လူကုန်ကူးမှုအပါအဝင် တရားမဝင်လုပ်ငန်းများကို တားဆီးဟန့်တားရေး၊ မြန်မာနိုင်ငံမှ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းလေဆိပ်မှ ပြန်လည်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၅၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖက်ဆစ်စနစ် ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်သည် နိုင်ငံ ပေါင်း ၄၈ နိုင်ငံမှ နိုင်ငံ့အကြီးအကဲ များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အထူးသံတမန်များ၊ နိုင်ငံတကာ အဖွဲ့အစည်း ၁၀ ဖွဲ့မှ ခေါင်းဆောင် များနှင့်အတူ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ယူနန်ပြည်နယ် ပါတီအထွေထွေ အတွင်းရေးမှူး မစ္စတာ လီကျိဟန် ကူမင်းလေဆိပ်၌ လာရောက် ဂါရဝပြု တွေ့ဆုံစဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

မိုးညိုမြို့နယ်ရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၁၁၉ ကျောင်းသို့ ရဟန်းအသုံးအဆောင်ပစ္စည်းများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်းရှိ ရေဘေးဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၉ ကျောင်းမှ ဆရာတော် သံယာတော်များအတွက် သာသနာရေးဝန်ကြီးဌာနကတစ်ဆင့် လှူဒါန်းသည့် ဆွမ်းဆန်တော်၊ သက်နှီး၊ ပရိက္ခရာနှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မိုးညိုမြို့ မြို့နမရပ်ကွက် ဓမ္မိကပရိယတ္တိစာသင်တိုက်အတွင်းရှိ ဓမ္မာရုံ၌ စက်တင်ဘာ ၂ ရက်ကကျင်းပရာ နိုင်ငံတော် ဗဟိုသံယာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနရာ သဘာဘိဝံသ အမှူးပြုသော မြို့နယ်သံယနာယကဆရာတော်များနှင့် ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်းပေါင်း ၁၁၉ ကျောင်းမှ ဆရာတော်သံယာတော်များ တက်ရောက်ကြသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ သက်နှီး၊ သပိတ်ပရိက္ခရာနှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ **(အောက်ဝဲပုံ)** ဆက်လက်၍ နိုင်ငံတော် ဩဝါဒါစရိယ နာဂလိုဏ်ဂူ ကလေးဝတောရ ဆရာတော် ဒွိပဋ္ဌကရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဇာဂရာဘိဝံသ လှူဒါန်းသည့် ဖြွေဆိပ်ဖြေဆေးများနှင့် ရေသန့်စက်ခြောက်လုံးအား မြို့နယ်တာဝန်ရှိသူများသို့ ပေးအပ်သည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဒေသများရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းပေးရန် ဆွမ်းဆန်တော်၊ သက်နှီး၊ သပိတ် ပရိက္ခရာများ၊ ဆေးမျိုးစုံနှင့် အသုံးအဆောင်ပစ္စည်းများကို စေတနာရှင် ရဟန်းရှင်လူအပေါင်းက သာသနာရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းခဲ့ကြရာ သာသနာရေးဝန်ကြီးဌာနက စုစည်း၍ ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဒေသများသို့ ဆက်လက်လှူဒါန်းလျက်ရှိရာ ယခု မိုးညိုမြို့နယ်ရှိ ဆရာတော် သံယာတော်များအား လာရောက်လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ရေဘေးသင့်ပြည်သူများကို ဆရာတော် သံယာတော်များက ရေလွတ်ရာ ကျောင်းကန်သာသနိက အဆောက်အအုံများ၌ ခိုနားခွင့်ပြု၍ စောင့်ရှောက်ပေးကြသကဲ့သို့ ရပ်နီးရပ်ဝေးမှ သံယာတော်များကလည်း အလျဉ်းသင့်ရာ ဒါယကာ ဒါယိကာမများ၏ လှူဒါန်းမှုများကိုပါစုစည်း၍ ကိုယ်တိုင်ကြွရောက် လှူဒါန်းကြသည်ကို မြင်ရကြားသိရသဖြင့် ဝမ်းမြောက်စွာ သာဓုခေါ်ပါကြောင်း လျှောက်ထားသည်။

ထို့နောက် မြို့နယ်သံယာနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဇာနကထံမှ အနုမောဒနာ ရေစက်ချတရာနားယူကြပြီး ဆရာတော် သံယာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။

မိုးညိုမြို့နယ်အတွင်းရှိ ရေဘေးဒဏ်နှင့် ကြုံတွေ့ရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၉ ကျောင်းအတွက် လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများမှာ ဆန်အိတ် ၁၂၀၊ ဆီပိသာ ၆၀၊ သက်နှီး ၃၅၃ စုံ၊ ထီး ၃၅၈ ချောင်း၊ ဖိနပ် ၃၅၈ ရန်၊ သပိတ် ၃၄၈၊ ယပ် ၃၈၄ ချောင်း၊ စတီးလ်ဇွန်း ၁၁၉ ဒါဇင်၊ စတီးချိုင့် (သုံးဆင့်) ၁၁၉ လုံး၊ အချိုရည် ၁၁၉ ကတ်နှင့် နဝကမ္မအလှူငွေကျပ် သိန်း ၄၀ တို့ဖြစ်ကြောင်း သိရသည်။

အလားတူ ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ပွင့်ဖြူ၊ ကလေး၊ စစ်တွေ၊ မုံရွာမြို့နယ်များအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း စေတနာရှင် ရဟန်းရှင်လူ ပြည်သူများ လာရောက်လှူဒါန်းခဲ့ကြသည့် သက်နှီး ၂၈၅၅ စုံ၊ သီလရှင်ဝတ်စုံ ၃၄၇စုံ၊ သပိတ်အလုံး ၇၀၀ ၊ ဖိနပ်အရန် ၇၀၀၊ ကျမ်းစာအုပ်အစုံ ၁၂၀၊ ဆန် ၈၂၂ အိတ်၊ စတီးလ်ချိုင့်(သုံးဆင့်) ၇၀၀၊ စတီးလ်ဇွန်း ဒါဇင် ၁၅၀ ၊ ဆီပိသာ ၈၀၊ စောင် ၃၀၉ ထည်နှင့် နဝကမ္မအလှူငွေကျပ် သိန်း ၁၀၀ တို့အားလည်း ပေးပို့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ



သံလွင် ရေဝေရေလဲဧရိယာ



သံလွင် ရေဝေရေလဲဧရိယာရှိ ရေခဲတောင်များ

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ရေဝေရေလဲဧရိယာများအတွင်း တည်ရှိသော ရေခဲတောင်များသည် အခြားသော နိုင်ငံများ၏ ရေဝေရေလဲဧရိယာ အတွင်းတည်ရှိသည့် ရေခဲတောင်များနှင့် နှိုင်းယှဉ်ပါက ဧရိယာနှင့် အရေအတွက်တို့သည် နည်းပါးကြောင်းတွေ့ရှိပါသည်။ သို့သော်လည်း ကမ္ဘာကြီးပူနွေးလာပါက ရေခဲတောင်အရည်ပျော်ခြင်းများ ပိုမိုဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရပေသည်။ ရာသီဥတုပြောင်းလဲလာခြင်းနှင့် ကမ္ဘာကြီးပူနွေးခြင်းတို့သည်လည်း လူတို့ဆောင်ရွက်နေသော သစ်တောပြုန်းတီးခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းတို့နှင့် ဆက်စပ်နေပါသဖြင့် ပြည်သူ့အပေါင်းမှ မြန်မာနိုင်ငံ သဘာဝအလှတရားများ မပျက်စီးစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြပါရန် ရေးသားလိုက်ရပါသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စစ်တွေ စက်တင်ဘာ ၄

ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်သည် ခရိုင်မြို့နယ်အဆင့် တာဝန်ရှိ သူများ၊ မြို့မိမြို့ဖများ၊ လူမှုကွန်ရက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရေဘေးသင့်ပြည်သူများနှင့် စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲက မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ယင်းနောက် အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိနာယက ဆရာတော်က မြောက်ဦးမြို့နယ်အတွင်းရှိ ရေဘေးသင့်ရဟန်း၊ သာမဏေ၊ သီလရှင် များအတွက် ဆွမ်းဆန် ၂၀၁ အိတ်ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ပြောကြားပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖများ၊ လူမှုကွန်ရက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရေဘေးသင့်ပြည်သူများက ရေဘေးသင့်ဒေသများတွင် စာသင်ကျောင်းများ၊ လူနေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စိုက်ပျိုးထားသော လယ်ယာမြေများ စသည့် မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဝန်မြစ်ရေစီးရိမ်ရေမှတ်ကျော်နေသော်လည်း ငါးသိုင်းချောင်းမြို့၌ ပုံမှန်ဆက်သွယ်သွားလာရောင်းဝယ်လျက်ရှိ

ငါးသိုင်းချောင်း စက်တင်ဘာ ၄

စက်တင်ဘာ ၄ ရက်တွင် ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ် ဝန်မြစ်ရေသည် ၂၈ ပေသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်ကျော်လွန်နေသော်လည်း ဝန်ရေကာတာ ကြိုခိုင်မှုအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သြဂုတ်လဆန်းပိုင်း ပထမအကြိမ်မြစ်ရေကြီးမြင့်ချိန်တွင် ပူးပေါင်းဆောင်ရွက်ထားရှိမှုနှင့် မြစ်ရေကျသွားချိန်အတွင်း စစ်ဆေးပြုပြင်ဆောင်ရွက်ထားရှိမှုကြောင့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပုံမှန်ဆက်သွယ်သွားလာ ပညာသင်ကြားလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဝန်ရေကာတာ ဆည်မြောင်းဌာနရေကင်းစခန်းရှိ တာဝန်ရှိသူတစ်ဦးက လက်ရှိရေအမှတ်မှာတော့ တာတမံကြိုခိုင်မှုကောင်းမွန်နေကြောင်း၊ ရေစိမ့်ပေါက်များမှာ စိုးရိမ်ရေမှတ်အထက် နှစ်ပေကျော်မှသာ ဖြစ်ပေါ်နိုင်ကြောင်း၊ လိုအပ်သော တာတမံပြုပြင်ထိန်းသိမ်းမှုများ ငါးသိုင်းချောင်းမြို့ပတ်ဝန်းကျင်၌ ပြုလုပ်ပြီး ဖြစ်ပါကြောင်းနှင့် အရေးပေါ်အခြေအနေတွင် တာတမံကြိုခိုင်မှုအတွက် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ ပစ္စည်းအင်အား အရန်သင့်ပြင်ဆင်ထားပါကြောင်း၊ ပြည်သူလူထုကလည်း ဌာနများနှင့်ပူးပေါင်း၍ တာတမံကြိုခိုင်မှုအတွက် နီးစပ်ရာဒေသမှ အမှန်သတင်းများ အချိန်မီပေးပို့ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

အသေးစားငွေရေးကြေးရေးအပွဲ့ အစည်းများက ရေဘေးသင့်အသေးစားငွေရေးကြေးရေးလုပ်ငန်းအသင်းဝင်များ၏ ထူထောင်ရေးလုပ်ငန်းများပါဝင်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံတစ်ဝန်း၌ ဇူလိုင်နှင့် သြဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်း၏အရှိန်ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူများ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရပြီး အသက်အိုးအိမ်၊ စည်းစိမ်အပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖြင့် ငွေကြေးဝန်ဆောင်မှုပေးနေသော မြို့နယ် ၉၃ မြို့နယ်၊ ရပ်ကွက် ၁၂၄ ခု၊ ကျေးရွာ ၁၅၈၇ ရွာမှ အသေးစားငွေရေးကြေးရေးလုပ်ငန်း အသင်းဝင် ၉၁၁၆၉ တို့၏ နေအိမ်အဆောက်အအုံများ၊ ပိုင်ဆိုင်မှုပစ္စည်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီအနေဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ဒေသများတွင် ငွေကြေးဝန်ဆောင်မှုပေးနေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ပေးအပ်ရေး၊ လိုအပ်သော အထောက်အပံ့ကူညီမှုများ၊ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရလုပ်ငန်းဆိုင်ရာ သင်တန်းများပေးအပ်ရေးအပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ကြရန် ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဘဏ္ဍာရေးဝန်ကြီးဌာန အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် သြဂုတ် ၃၁ ရက်ထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ လိုင်စင်ရယူထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ပုံပိုးမှုစုဆောင်းငွေများ ပြန်လည်ထုတ်ပေးခြင်း၊ အသင်းသားတစ်ဦးစီအား ဆန်၊ ရေသန့်ဆေးထုပ်များ၊ အာဟာရကွေ့ကာထုပ်များ၊ ဆီ၊ ပဲ၊ ခေါက်ဆွဲခြောက်၊ အာလူး၊ ဖယောင်းတိုင်နှင့် ရေသန့်ဘူးများ စသည်ဖြင့် အသင်းသားများသို့ ထောက်ပံ့ကြေးငွေပေးအပ်ခြင်းများအပြင် လျှုဒါန်းမှုငွေကျပ် ၂၉၂ ဒသမ ၈၂ သန်းနှင့် အမေရိကန်ဒေါ်လာ ၅၀၀၀ တို့ ပေးအပ်လျှုဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ဒေသရှိ အသေးစားငွေရေးကြေးရေးလုပ်ငန်း အသင်းဝင်များအနေဖြင့်လည်း ဘဏ္ဍာရေးဝန်ကြီးဌာန အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ရေဘေးသင့်အသင်းဝင်များ၏ အခက်အခဲများအပေါ် အလေးထားကူညီဆောင်ရွက်ပေးခြင်းအတွက် အဆင်ပြေမှုရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပွင့်ဖြူ၊မြို့နယ် ရေနစ်မြုပ် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

ပွင့်ဖြူ စက်တင်ဘာ ၄

ပွင့်ဖြူမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနစ်နာခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများအား မြို့နယ်ပညာရေးမှူးရုံး၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မကွေးခရိုင် ပညာရေးမှူးရုံးမှ လျှုဒါန်းသော ငွေကျပ် ၁၀ သိန်းနှင့် အခြားအလျှူရှင်များက စုပေါင်းလျှုဒါန်းသည့် ငွေကြေးများ စုပေါင်း၍ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၄ ရက်နံနက် ၁၀ နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာ၌ ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေနစ်မြုပ်ရာတွင် နေအိမ်ပျက်စီးသွားသော ကျောင်းသား ၁၂၉ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ နေအိမ်ပျက်စီးသွားသော ဝန်ထမ်းလေးဦးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းနှင့် ရေနစ်မြုပ်သော ဝန်ထမ်းများကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ်ပညာရေးမှူး ဒေါ်သီတာထွန်းက ကျောင်းသားနှင့် ကျောင်းသားမိဘများ၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် နေအိမ်ပျက်စီးသွားသည့် ဝန်ထမ်းများ၏ လက်ဝယ်သို့ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မုန်းချောင်းရေဘေးကယ်ဆယ် ကူညီရေးအဖွဲ့က ပွင့်ဖြူမြို့နယ်အတွင်း ရေဘေးသင့်ခဲ့သော ကျောင်းများထဲမှ မူလတန်းကျောင်း ၂၀ ကို တစ်ကျောင်းလျှင် ငွေကျပ် နှစ်သိန်းခွဲနှုန်းဖြင့် အဖွဲ့ခေါင်းဆောင် ဦးဘိုရဲနှင့် အဖွဲ့က မြို့နယ် ပညာရေးမှူးထံသို့ စုစုပေါင်း ငွေကျပ် သိန်း ၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ်ပညာရေးမှူးက ရေဘေးသင့်မူလတန်းကျောင်း ၂၀ မှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းကော်မတီများထံ ပြန်လည်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ရေဘေးသင့်ကျေးရွာများ၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်

ကောလင်း စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်ထွန်းနိုင်နှင့် ဝန်ထမ်းများက ရေနစ်မြုပ်ကျေးရွာအုပ်စုများဖြစ်ကြသော သရက်ချဉ်၊ ပိုးနှံ၊ ဥက္ကံ၊ ညောင်ဝန်း၊ သရက်ခုံ၊ ဝါးရုံခုံ၊ ငွေးတောက်တော၊ ယားတောင်၊ ရေကန်သာ၊ တောင်ပုံနှင့် ဥမှင်ကုန်းကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ အိမ်ထောင်စုစာရင်း ၃၉၃ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၆၈ ပြားတို့ကို အခမဲ့ပြန်လည်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အောင်ကျော်စိုး(ကောလင်း)

ကသာမြို့နယ် မိုးတားလေးကျေးရွာသို့ ရေဝင်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

ကသာ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် မိုးတားလေးကျေးရွာအတွင်းသို့ ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့်အတွက် စက်တင်ဘာ ၃ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်၊ ဆည်မြောင်းဦးစီးဌာနတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ ရေဘေးအန္တရာယ်ဖြစ်မည်စိုး၍ ကြိုတင်ပြောင်းရွှေ့ထားသော နေအိမ်ငါးလုံးကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီက တစ်အိမ်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး သက်ကြီးရွယ်အိုများနှင့် ကလေးများအား အထူးဂရုပြုစောင့်ရှောက်ရေး၊ ကမ်းပြိုနိုင်သည့် နေရာများကို အမှတ်အသားတိုင်များ စိုက်ထူထားရှိရေး၊ အရေးပေါ်ကိစ္စများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရေး၊ ရေကင်းချစောင့်ကြပ်ရေး အဖွဲ့တို့ကို ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့ပြင် ရောဝတီမြစ်ရေသည် ထပ်မံမြင့်တက်လာနိုင်၍ မိုးတားလေးကျေးရွာအတွင်းသို့ ရေဝင်ရောက်နိုင်သော နေအိမ်များကို ရေဘေးအန္တရာယ်နှင့် မကြုံတွေ့စေရန် ကယ်ဆယ်ရေးစခန်းများ ကြိုတင်ဆောင်ရွက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများက မြစ်ကမ်းပါးထိန်း သဲအိတ်ချခြင်းလုပ်ငန်းများနှင့် ရေကင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရေဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့် လူနေအိမ်များကို ရေဘေးကင်းလွတ်ရာဒေသသို့ ကြိုတင်ပြောင်းရွှေ့ထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဟင်္သာတမြို့နယ် ဒူးယားတိုက်နယ်ရှိ ဒေသခံပြည်သူများအား ထိုင်းဘုရင့်ဆေးတပ်မတော်ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များက ဆေးဝါးများအခမဲ့ကုသ

ဟင်္သာတ စက်တင်ဘာ ၄

ထိုင်းနိုင်ငံ ဘုရင့်ဆေးတပ်မတော်မှ Major General PARINYA Khoonnasee ခေါင်းဆောင်သော ဆေးဘက်ဆိုင်ရာ အဖွဲ့ဝင်များနှင့် ဟင်္သာတမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲက အိုင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စုရပ်ပြု၍ ဒူးယားတိုက်နယ်အတွင်းရှိ ပြည်သူများအား ဆေးဝါးများ အခမဲ့ကုသပေးခဲ့သည်။

ဒူးယားတိုက်နယ် အတွင်းရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုနှင့် သပြုပင်အုပ်စု ကျေးရွာများမှ ကလေးလူနာ၊ အရိုးအကြောရောဂါနှင့် အထွေထွေရောဂါလူနာရှင် ၅၅၂ ဦးတို့အား ဆေးဝါးများကုသပေးခဲ့ပြီး သပြုပင်အုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့များက ပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ရေဘေးသင့်ပြည်သူများအတွက် လျှပ်ဒါန်းရရှိငွေများနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အသိပေးဖော်ပြခြင်း

ရေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင် (၂-၉-၂၀၁၅)ရက်နေ့အထိ အလျှင်ငွေလက်ခံရရှိမှုနှင့် သုံးစွဲမှုအခြေအနေ

(ကျပ်သိန်းပေါင်း)

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ရရှိ	ထောက်ပံ့သုံးစွဲ	လက်ကျန်
၁	စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ	၆၇၀၈. ၂၉၀	၉၀၅. ၆၈၇	၅၈၀၂. ၆၀၃
၂	ချင်းပြည်နယ်အစိုးရအဖွဲ့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ	၄၃၀၂. ၄၈၄	၂၈၀၁. ၄၂၂	၁၅၀၁. ၀၆၂
၃	ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ	၁၆၂. ၈၀၀	၁၆၂. ၈၀၀	-
၄	မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ	၃၃၈. ၈၂၉	၃၃၈. ၈၂၉	-
၅	မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ	၃၉၈၀. ၈၁၆	၃၃၉၃. ၂၆၂	၅၈၃. ၅၅၄
၆	ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ	၃၆၂၉၃. ၃၃	၁၀၄၉၅. ၄၅၀	၂၅၈၀. ၃၂၀
၇	ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ	၂၄၆၅. ၂၁၃	၁၃၅၅. ၁၃၃	၃၁၀. ၀၈၀
၈	ကရင်ပြည်နယ်အစိုးရအဖွဲ့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ	၁၀၁၉. ၅၄၄ ဘတ်- ၁၀၀၀၀	၉၂၀. ၅၂၆ ဘတ်-၁၀၀၀၀	၉၉. ၀၁၈ -
၉	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ	၄၃၁၉. ၂၃၃ ရင်းဂစ်-၂၀၀၀ US$- ၅၅၄၃၀	၄၂၆၃. ၁၃၃ US$-၅၅၄၃၀	၅၂. ၀၆၀ ရင်းဂစ်-၂၀၀၀ -
၁၀	ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ	ဘတ်-၁၁၃၉၅၅ ၁၀၂၃၁. ၄၃၈	ဘတ်-၁၁၃၉၅၅ ၈၈၈၅. ၃၃၈	ဘတ်- ၁၁၃၉၅၅ ၁၃၄၆. ၁၄၀
	စုစုပေါင်း	**၇၃၈၂၆.၅၁၅ ရင်းဂစ်-၂၀၀၀ US$-၅၅၄၃၀ ဘတ်-၁၁၄၉၅၅**	**၃၇၉၂၅.၆၇၈ - US$-၅၅၄၃၀ ဘတ်-၁၀၀၀**	**၃၅၉၀၀.၈၃၇ ရင်းဂစ်-၂၀၀၀ ဘတ်-၁၁၃၉၅၅**

၁။ ၂၀၁၅ခုနှစ်၊ ဇွန်လမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီး၊ ရေလွှမ်းမှုများနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ခဲ့ကြသော ပြည်သူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲရန် ပြည်တွင်း/ပြည်ပလျှပ်ဒါန်းငွေများကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ရန်ကုန်မြို့၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်များတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေစာရင်းများဖွင့်လှစ်၍လည်းကောင်း၊ ဘေးသင့်တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အလားတူ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေစာရင်းများ ဖွင့်လှစ်၍လည်းကောင်း ထောက်ပံ့ကူညီလျှပ်ဒါန်းမှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ ဇွန်လမှ စက်တင်ဘာလ ၂ ရက်နေ့အထိ နေပြည်တော်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေစာရင်းတွင် မြန်မာငွေ ၂၇၆၈၀၂၅၂၄၃၃၀၊ အမေရိကန်ဒေါ်လာ ၁၂၅၉၀၈၂. ၂၆၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၁၃၆၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀ ၊ ဩစတြေးလျှဒေါ်လာ ၅၅၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ တို့ လက်ခံရရှိထားပြီး သုံးစွဲငွေ(၆၈၁)သိန်းဖြစ်ပါသည်။ကျန်အလျှူငွေများကို ဘေးသင့်တိုင်းဒေသကြီး/ပြည်နယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ခွဲဝေသုံးစွဲသွားမည်ဖြစ်ပါသည်။

၃။ အလားတူ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင်လည်း ရရှိသောအလျှူငွေများကို အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိပြီး လက်ကျန်ငွေများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ ခွဲဝေထောက်ပံ့ငွေများနှင့်အတူ သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်တွင်း/ပြည်ပစေတနာရှင်၊ ရဟန်းရှင်လူပြည်သူအပေါင်းတို့အား ငွေစာရင်းရှင်းတမ်းများအတူ လေးစားစွာ အသိပေးဖော်ပြအပ်ပါသည်။

ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြည်တွင်း/ပြည်ပအလှူရှင်များမှ လျှပ်ဒါန်းသော မြန်မာငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများ၏ (၂-၉-၂၀၁၅)နေ့ထိ ရရှိ၊ သုံးစွဲ၊ လက်ကျန်စာရင်း

စဉ်	အမျိုးအစား	ရရှိ	ထောက်ပံ့သုံးစွဲ	လက်ကျန်
၁	မြန်မာငွေ	၂၇၆၈၀၂၅၂၄၃၃	၆၈၁၀၀၀၀၀	၂၆၉၉၉၂၅၂၄၃၃
၂	အမေရိကန်ဒေါ်လာ	၁၂၅၉၀၈၂. ၂၆	-	၁၂၅၉၀၈၂. ၂၆
၃	ထိုင်းဘတ်	၁၆၈၀၅၅	-	၁၆၈၀၅၅
၄	မလေးရှားရင်းဂစ်	၂၀၀၀	-	၂၀၀၀
၅	တရုတ်ယွမ်	၁၃၆၀၀	-	၁၃၆၀၀
၆	ယူရို	၄၂၀	-	၄၂၀
၇	ဂျပန်ယန်း	၂၉၆၀၀၀	-	၂၉၆၀၀၀
၈	ဩစတြေးလျှဒေါ်လာ	၅၅၀	-	၅၅၀
၉	စင်ကာပူဒေါ်လာ	၁၀၀၀	-	၁၀၀၀

မြန်မာနိုင်ငံအတွင်းရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် နေပြည်တော်သို့ ပြည်သူလူထုများမှ လျှပ်ဒါန်းသည့် အလှူပစ္စည်းရရှိမှုစာရင်း

စဉ်	ရက်စွဲ	လက်ခံသည့် နေရာ	အလှူရှင်အမည်/လိပ်စာ	အလှူပစ္စည်း	အရေအတွက်	ခန့်မှန်းတန်ဖိုး	သိုလှောင်သည့် နေရာ
၁	၄-၉-၂၀၁၅	နေပြည်တော်	ILBC	ရေသန့်ကတ် ခေါက်ဆွဲခြောက် ပန်းကန်/ဇွန်း သီးစုံဓာတ်ဆား ဆပ်ပြာမှုန့် အဝတ်အထည် ဆီ စာရေးကိရိယာ ဘီစကစ်မှုန့် ကလေးအရုပ်	၄ (အိတ်) ၃ (အိတ်) ၁ (အိတ်) ၂ (အိတ်) ၁ (အိတ်) ၄ (အိတ်)/၁ (ဖာ) ၁ (ဖာ) ၁ (ဖာ) ၁ (ဖာ) ၁ (အိတ်)	၂၇၀၀၀၀/-	နေပြည်တော်ကောင်စီ ဦးစီးမှူးရုံး
၂	။	။	ဗိုလ်ကြီးခင်မောင်ကြီး (ဒြိမ်း)၊ အမှတ် (၆၇၂)၊ နဝေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်	အဝတ်အထည်	၂ (အိတ်)	၁၀၀၀၀/-	ချင်းသို့ပေးပို့ရန်
၃	။	ရန်ကုန်မြို့	General Electric	Chlorine (ဆေးခဲ၊ဆေးမှုန့်)	၃၅/၅ (ပုံး)	၆၀၀၀၀/-	ကျိုက်ဝိုင်းသိုလှောင်ရုံ
၄	။	။	တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့	အဝတ်အထည် ပန်းကန်စုံ မလုံချည်	၄ (ထုပ်) ၁၀ (ဖာ) ၁ (ဖာ)	၁၀၄၀၀၀/-	။
၅	၄-၉-၂၀၁၅	ရန်ကုန်မြို့	ကော့သောင်းမြို့နယ်၊ နာရေးလူမှု အဖွဲ့	အဝတ်အထည် ဖိနပ်မျိုးစုံ သက်နံ်း ပန်းကန်စုံ ငါးသေတ္တာ Chicken Curry	၇၀(ထုပ်)/၅ (ဖာ) ၁ (အိတ်) ၁ (ထုပ်) ၁ (ထုပ်) ၁ (အိတ်) ၆၂ (ဖာ)	၁၃၅၅၀၀/-	ကျိုက်ဝိုင်းသိုလှောင်ရုံ
၆	။	။	မြိတ်ပြည်သူများမှ လျှပ်ဒါန်းခြင်း	အဝတ်အထည်	၅၀ (ထုပ်)	၂၅၀၀၀/-	။

မှတ်ချက်။ ရေသန့်ကတ် ၄(အိတ်)၊ ခေါက်ဆွဲခြောက် ၃(အိတ်)၊ ပန်းကန်/ဇွန်း ၁(အိတ်)၊ သီးစုံဓာတ်ဆား ၂(အိတ်)၊ ဆပ်ပြာမှုန့် ၁(အိတ်)၊ အဝတ်အထည် ၁၂၀(အိတ်)/၆ (ဖာ)၊ဆီ ၁ (ဖာ)၊ စာရေးကိရိယာ ၁ (ဖာ)၊ ဘီစကစ်မှုန့် ၁ (ဖာ)၊ကလေးအရုပ် ၁ (အိတ်)၊ Chlorine (ဆေးခဲ၊ဆေးမှုန့်) ၃၅/၅ (ပုံး)၊ မလုံချည် ၁(ဖာ)၊ဖိနပ်မျိုးစုံ ၁ (အိတ်)၊ သက်နံ်း ၁(ထုပ်)၊ ပန်းကန်စုံ ၁(ထုပ်)/၁၀ (ဖာ)၊ ငါးသေတ္တာ ၁ (အိတ်)၊ Chicken Curry ၆၂ (ဖာ)၊ ပြည်တွင်းအလှူရှင်ခန့်မှန်းတန်ဖိုး(၃၅၂၅၀၀၀/-)။

ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများလက်ခံရရှိ

နေပြည်တော် စက်တင်ဘာ ၄

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ နေပြည်တော်ရုံးများသို့ အလှူရှင်များက လာရောက်လျှပ်ဒါန်းလျက်ရှိရာ ယနေ့တွင် ရေသန့်ကတ် လေးအိတ်၊ ခေါက်ဆွဲခြောက် သုံးအိတ်၊ ပန်းကန်/ဇွန်း တစ်အိတ်၊ သီးစုံဓာတ်ဆား နှစ်အိတ်၊ ဆပ်ပြာမှုန့် တစ်အိတ်၊ အဝတ်အထည် ၁၂၀ အိတ်/ခြောက်ဖာ၊ ဆီတစ်ဖာ၊ စာရေးကိရိယာ တစ်ဖာ၊ ဘီစကစ်မုန့်တစ်ဖာ၊ ကလေးအရုပ် တစ်အိတ်၊ Chlorine (ဆေးခဲ၊ ဆေးမှုန့်) ၃၅/၅ (ပုံး)၊ မလုံချည် (၁)ဖာ၊ ဖိနပ်မျိုးစုံ (၁)အိတ်၊ သက်နံ်း (၁)ထုပ်၊ ပန်းကန်စုံ (၁)ထုပ်၊ ၁၀ ဖာ၊ ငါးသေတ္တာ တစ်အိတ်၊ Chicken Curry ၆၂ ဖာ စုစုပေါင်းခန့်မှန်းတန်ဖိုး ၃၅၂၅၀၀၀/လက်ခံရရှိခဲ့သည်။

အဆိုပါ အလှူပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ဆက်လက်ပေးပို့ လျှပ်ဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

နေပြည်တော် စက်တင်ဘာ ၄။ သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော ဆန်၊ ဆေးမျိုးစုံ၊ ငါးသေတ္တာနှင့် အဝတ်အထည်များပေးပို့ခဲ့သည်။ ထို့ပြင် တောင်ကိုရီးယားသမ္မတနိုင်ငံမှ ရေဘေးသင့်ဒေသရှိ ပြည်သူများအတွက် လျှပ်ဒါန်းသည့် စောင်(တစ်ထုပ်လျှင် ၂၅ ထည်ပါ) အထုပ် ၂၀ စုစုပေါင်းကုန်တန်ချိန် ၄၁၈ ကီလိုဂရမ်၊ ယမန်နေ့က ကိုရီးယားလေကြောင်းလိုင်းမှ ခေါက်ရေတစ်ခေါက်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ အဆိုပါ ပစ္စည်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လွှဲပြောင်းပေးအပ်ပြီး ရေဘေးသင့်ပြည်သူများရှိရာဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေဘေးသင့်ဒေသများတွင် ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှုမရှိ

နေပြည်တော် စက်တင်ဘာ ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာယီဆေးခန်းလေးခု၊ ရွှေ့လျားဆေးခန်းခုနစ်ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယာယီဆေးခန်းလေးခု၊ ရွှေ့လျားဆေးခန်း ၁၄ ခု၊ ချင်းပြည်နယ်တွင် ရွှေ့လျားဆေးခန်း ခုနစ်ခု၊ ရခိုင်ပြည်နယ်တွင် ရွှေ့လျားဆေးခန်း ၁၀ ခု ဖွင့်လှစ်ထားပြီး ဆေးကုသမှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရေဘေးသင့်ဒေသများတွင်လည်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များသည် ထိုင်းတပ်မတော်မှ ဆေးအဖွဲ့များနှင့်ပူးပေါင်း၍ ဟသ်ာတမြို့နယ် အိုင်ကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်၍လည်းကောင်း၊ Mercy Malaysia အဖွဲ့၊ MSF အဖွဲ့တို့နှင့် ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပေါ်ရှိရပ်ကွက်များနှင့် နတ်ကြီးကုန်းကျေးရွာ၊ ကျောက်ကာကျေးရွာ၊ တောင်အူကျေးရွာနှင့် ပြင်သာကျေးရွာများရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့သွားရောက်ကာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မီးသတ်တပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရေဘေးကျရောက်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စက်တင်ဘာ ၃ ရက်အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရေဘေးသင့်ပြည်သူများအတွက် အလျှောင်ငွေနှင့် အသုံးအဆောင်များလျှောဒါန်း

နေပြည်တော် စက်တင်ဘာ ၄

ဇွန်လနှင့် သြဂုတ်လများအတွင်း ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလျှောင်ငွေများ လျှောဒါန်းပွဲကို စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

ယင်းနောက် Plan International Myanmar က အလျှောင်ငွေကျပ်သိန်း ၂၀ နှင့် ILBC နေပြည်တော်က ငွေကျပ် ၃၇ ဒသမ ၅ သိန်း၊ အဝတ်အထည်၊ ဖိနပ်၊ ကစားစရာ၊ စာရေးကိရိယာ၊ အစားအစာများကို ရေဘေးသင့်ပြည်သူများအတွက် ပေးအပ်လျှောဒါန်းရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြစ်ရေချိန်သတိပေးချက်များနှင့် ကယ်ဆယ်ရေးစခန်းများပွင့်လှစ်ထားမှုကို လိုက်လံနှိုးဆော်

မော်လိုက် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်၌ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်း၍ မြို့နယ်အတွင်းရှိ ပြည်သူများ ချင်းတွင်းမြစ်ရေချိန်သတိပေးချက်များနှင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှုများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် ပြန်/ဆက်ဌာနမှနေ၍ ကယ်ဆယ်ရေးစခန်းမှ မြစ်ရေချိန်သတိပေးချက်များကို အသံချဲ့စက်များဖြင့် အသိပေးနှိုးဆော်ပေးခြင်း၊ နံရံကပ်ဘုတ်များနှင့် လူစည်ကားသည့်နေရာများတွင် မြစ်ရေချိန်သတိပေးချက်များကို ပြည်သူများ သိရှိစေရန် နှိုးဆော်ကြေညာပေးခြင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှနေ၍ မြို့တွင်းသို့ ကားများဖြင့် လှည့်လည်အသိပေး နှိုးဆော်ပေးခြင်းကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေကြောင်း သိရသည်။

ကျော်ပွား(မော်လိုက်)

ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလျှောင်ငွေနှင့်ပစ္စည်းများ ပေးအပ်လျှောဒါန်းလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလျှောင်ငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လျှောဒါန်းလျက်ရှိရာ စက်တင်ဘာ ၂ ရက်က နေပြည်တော်(ရုံးချုပ်) အလျှုံခံဌာန၌ Jasmine Palace Hotel (ရန်ကုန်)မှ ဦးဆန်းနောင်က ငွေကျပ် ၂၂၂ သိန်း၊ Grand Guardian Insurance Public Co., Ltd. က ငွေကျပ် သိန်း ၅၀၊ ဦးအောင်ဇော်မင်း၊ ဦးအဏ္ဏဝါ (တောင်ငူပရဟိတအဖွဲ့)က ငွေကျပ် ၄၈၀၀၀၀၊ သတင်းစဉ်(ပြည်တွင်း)က ငွေကျပ် ၇၄၀၀၀ စုစုပေါင်း မြန်မာငွေကျပ် ၂၇၇၅၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၅၀၀၊ ဂျပန်ယန်း ၂၀၀၀၀၀၊ တရုတ်ယွမ် ၄၅၀၀၊ သြစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀၊ ဦးသတိုးဟိန်း-ဒေါ်စိုးမာလာ (မြန်မာ့သြဘာ)က ငွေကျပ် သိန်း ၆၀ တန် ဖိုးရှိ Aquatabs ဆေးပြား ၅၀၀၀၀ တို့ကို လာရောက်လျှောဒါန်းရာ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က လက်ခံယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ အလျှုရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၂၇၆၈၀၂၅၂၄၃၊ အမေရိကန်ဒေါ်လာ ၁၂၅၉၀၈၂ ဒသမ ၂၆၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၁၃၆၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ သြစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလျှောင်ငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဘေးသင့်ပြည်သူများအား ဆန်နှင့် အလျှောင်ငွေများပေးအပ်

ကန်ပက်လက် စက်တင်ဘာ ၄

ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာဘာမောင်သည် ကန်ပက်လက်မြို့နယ် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ လျှောဒါန်းသူ မြတ်နိုးသူကုမ္ပဏီမန်နေဂျာ ဦးအောင်သင်းနှင့်အတူ စက်တင်ဘာ ၁ ရက်က မဆာတွီကျေးရွာ၊ မှန်တောင်ကျေးရွာနှင့် မောချောင်းကျေးရွာများသို့ ဆန်နှင့် အလျှောင်ငွေများ ပေးအပ်လျှောဒါန်းသည်။

ထို့နောက် စက်တင်ဘာ ၂ ရက်က ကျင်ဒွေးဒေသရှိကျေးရွာနေပြည်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ ပျက်စီးသွားသည့်လယ်ယာမြေများတွင် သင့်လျော်သည့်အစားထိုးသီးနှံများ ပြန်လည်စိုက်ပျိုးရေး၊ ရေမျှောသွားသည့် အိမ်ထောင်စုများအား ထောက်ပံ့ရေး၊ ပျက်စီးသွားသည် လမ်း၊ တံတားများပြန်လည်တည်ဆောက်ရေး၊ ပြောင်းရွှေ့ရမည့်ကျေးရွာများကို နေရာချထားပေးရေးနှင့် ဆက်လက်ပံ့ပိုးမည့် အခြေအနေများကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟုမ္မလင်းမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ဒေသခံပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးလျက်ရှိ

ခန္တီး စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၃ ရက်က ချင်းတွင်းမြစ်ရေမြင့်တက်လာပြီး ဟုမ္မလင်းမြို့နယ် ကောယားကျေးရွာအုပ်စု မြေနိမ့်ပိုင်း၌ ရေဝင်ရောက်မှုကြောင့် ကောယားကျေးရွာမှ အိမ်ထောင်စု ၄၂ စုအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ခေါ်ကြူဝကျေးရွာမှ အိမ်ထောင်စု ၃၀ ကို ရွာဦးဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ သောင်သွပ်ကျေးရွာအုပ်စုမှ အိမ်ထောင်စု ၈၁စုကို ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းသို့လည်းကောင်း၊ နန်းသည်စကျေးရွာ၌ ရေဝင်ရောက်မှုကြောင့် လူများရွှေ့ပြောင်းရခြင်းမရှိသော်လည်း ကျွဲ၊ နွားများအား နောင်ကင်းနားကျေးရွာအုပ်စုသို့ ပြောင်းရွှေ့ပေးခြင်း၊ လောင်မင်းကျေးရွာအုပ်စု ညောင်သာယာကျေးရွာမှ အိမ်ထောင်စု ၄၉ စုကို ရွှေလောင်းဘုရားရှိ ဇရပ်နှင့် အမကကျောင်း၌ လည်းကောင်း၊ ဟုမ္မလင်းရပ်ကွက်မှ အိမ်ထောင်စုနှစ်စုအား မြို့မကျောင်း၌လည်းကောင်း၊ ညောင်ပင်သာကျေးရွာအုပ်စုအတွင်းမှ အိမ်ထောင်စု ၂၀ ကို ညောင်ပင်သာ ဘုန်းတော်ကြီးကျောင်းနှင့် အမကကျောင်းများ၌ လည်းကောင်း၊ ယက်ဖကျေးရွာအုပ်စုမှ အိမ်ထောင်စု ၂၅ စုကို စာသင်ကျောင်း၌လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် လူ၊ တိရစ္ဆာန်၊ ပစ္စည်းများ ဆုံးရှုံးမှုမရှိကြောင်း သိရပြီး ကူညီကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးစပါးစိုက်ကွင်းများ ရေနစ်မြုပ်ခဲ့သော်လည်း လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့

ကောလင်း စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် မိုးစပါးစိုက်ကေ ၈၇၄၄၀ လျာထားခဲ့ရာ စက်တင်ဘာ ၄ရက်အထိ မိုးစပါးစိုက်ကေ ၉၅၉၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ဧက ၈၄၆၀ ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ ကောလင်းမြို့နယ်၌ ရေကြီးနစ်မြုပ်လယ်မြေကေ ၂၅၅၂၁ ဧကကို တောင်သူများ ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မျိုးစပါးများ လုံလောက်စွာ ထုတ်ပေးခြင်းနှင့် လယ်ထွန်စက်ကြီးများဖြင့် အခမဲ့ထွန်ယက်ပေးခြင်းတို့ကို အချိန်မီ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် မိုးစပါးများ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောကြားခဲ့သည်။

ကိုကိုမောင်(ကောလင်း)

ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနှင့် လမ်းညွှန်စာအုပ်များကို ငွေတောင်းကာ ဖြန့်ဝေနေမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်ပညာရေးမှူးရုံးက သတိပေးချက်ထုတ်ပြန်

စစ်တွေ စက်တင်ဘာ ၄

ရခိုင်ပြည်နယ် မြို့နယ်အချို့၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများနှင့် တက္ကသိုလ်လမ်းညွှန်စာအုပ်များကို ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ငွေကြေးနှုန်းထားအမျိုးမျိုးတောင်းကာ ဖြန့်ဝေပေးနေကြောင်း လူမှုအသိုင်းအဝိုင်းများကြားတွင် သတင်းပျံ့နှံ့နေသဖြင့် ရခိုင်ပြည်နယ် ပညာရေးမှူးရုံးက စက်တင်ဘာ ၃ ရက် နေ့စွဲဖြင့် သတိပေးချက်ထုတ်ပြန်ကာ တားမြစ်ဆောင်ရွက်ထားကြောင်း သိရသည်။

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနှင့် လမ်းညွှန်စာအုပ်များကို ဖြန့်ဝေရာတွင် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ မှ ၆၀၀၀၊ ၇၀၀၀ အထိ ပေးနေကြရသည်။ အချို့မြို့နယ်များတွင် မြို့နယ်ပညာရေးမှူးရုံးက ငွေကျပ် ၂၀၀၀ ဖြင့်လည်းကောင်း၊ အချို့ ငွေကျပ် ၃၀၀၀ မှ ၃၅၀၀ အထိလည်းကောင်း ထုတ်ပေးသော်လည်း နယ်ကျောင်းများသို့ ရောက်သွားသောအခါ ကျောင်းသား ကျောင်းသူများအနေဖြင့် ငွေကျပ် ၄၅၀၀ မှ ၆၀၀၀၊ ၇၀၀၀ အထိ ပေးနေကြရကြောင်း နယ်အသီးသီးမှ သတင်းပေးပို့ချက်နှင့် ဆက်သွယ်မေးမြန်းချက်များအရ သိရသည်။

ပေါက်တောစာစစ်ဌာနမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသူတစ်ဦး၏ ဖခင်က "လျှောက်လွှာခန့် လမ်းညွှန်စာအုပ်ကို ငွေကျပ် ၃၅၀၀ ပေးရပါတယ်။ ယူတဲ့သူတွေကလည်း ယူပြီးကြပါပြီ။ ကျွန်တော့်သမီးအတွက်တော့ မနက်ဖြန်မှ သွားပြီးထုတ်ပါတော့မယ်။ အမှန်ကတော့ ဒီလိုမဖြစ်သင့်ဘူး။ သူတို့ကိုမေးရင်တော့ စရိတ်စကဆိုပြီး ပြောကြတယ်။ ဒါကပြောနေကျစကားတွေပါ။ ကိုယ်ချင်းစာစိတ်ထားစေချင်ပါတယ်"ဟု ပြောသည်။

"သမီးက ပညာရေးတက္ကသိုလ်ကို ဦးစားပေးလျှောက်မှာပါ။ သမီးတို့ကျောင်းမှာ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနဲ့ လမ်းညွှန်စာအုပ်အတွက် ငွေကျပ် ၃၀၀၀ ပေးခဲ့ရပါတယ်" ဟု စစ်တွေစာစစ်ဌာန တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသူတစ်ဦးက ပြောပြသည်။

ရေလွှမ်းမှုဒဏ်အကြီးအကျယ်ခံခဲ့ရသော မြို့နယ်တစ်ခုမှ မြို့နယ်ပညာရေးမှူးတစ်ဦးက "အလကားတော့မရပါဘူး။ ကျွန်မတို့မှာ ငွေကျပ် ၈၀၀ နှုန်းထား နဲ့အထက်ကို ပေးရပါတယ်။ ငွေကျပ် ၈၀၀ ကောက်ပါလို့ ပါတယ်။ ဒါကြောင့် ငွေကျပ် ၈၀၀ တော့ ပေးရပါလိမ့်မယ်။ ငွေကျပ် ၈၀၀ ပေးရတယ်ဆိုတဲ့အကြောင်း ကျွန်မတို့အနေနဲ့ လျှောက်လွှာထုတ်လာတဲ့သူတွေကို လက်မှတ်ထိုးခိုင်းပါတယ်။ အခြားစာစစ်ဌာနတွေကိုလည်း ဖုန်းဆက်ပြီး မှာထားပါတယ်"ဟု ၎င်းတို့မြို့နယ်မှ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ ဖြန့်ဝေပေးပုံများကို စက်တင်ဘာ ၂ ရက်က ဖုန်းဖြင့်ဆက်သွယ်ပြောပြသည်။

စစ်တွေမြို့မှ ကျောင်းဆရာတစ်ဦးကလည်း "အမှန်က ကျွန်တော့်အမြင်ပြောရရင် ဒီလောက်တော့မလုပ်သင့်ပါဘူး။ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးတွေအနေနဲ့ မိမိရဲ့တပည့်သားသမီးတွေဆီက ဒီလိုတောင်းတာမကောင်းပါဘူး" ဟု စက်တင်ဘာ ၃ ရက်က ပြောပြသည်။

ရခိုင်ပြည်နယ်တွင် မြို့နယ်တိုင်းလိုလိုခြမ်း ဌာနဆိုင်ရာများတွင် ခေါင်းစဉ်အမျိုးမျိုးပြကာ လျှောက်လွှာများကိုဖြစ်စေ၊ ထောက်ခံချက်များကိုဖြစ်စေ၊ ဌာနဆိုင်ရာများနှင့် ပတ်သက်သောလုပ်ငန်းများကိုဖြစ်စေ အခကြေးငွေတောင်းကာ ဆောင်ရွက်နေကြသော ဝန်ထမ်းအချို့ရှိနေသေးကြောင်း ပြည်သူများ၏ ပြောပြချက်များအရ သိရသည်။

ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ သတိပေးချက်ထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဦးဦးမောင်သာက "သတိပေးချက်ထုတ်တာ မှန်ပါတယ်။ ကျွန်တော်တို့လည်း ကြားရပါတယ်။ ကောလာဟာလလား၊ အဟုတ်လားဆိုတာကတော့ အတည်မပြုနိုင်ပါဘူး။ သို့သော် ဟုတ်သည်ရှိ၊ မဟုတ်သည်ရှိ မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်လာရအောင်ဆိုပြီးတော့ သတိပေးချက်ထုတ်ပြန်ထားပါတယ်။ သတိပေးချက်ထုတ်ပြန်ထားတယ်ဆိုတော့ အရင်က တကယ်လို့များ လုပ်ခဲ့ကြရင်လည်း နောက်ပိုင်းမှာ ထိန်းထိန်းသိမ်းသိမ်းနဲ့ အားလုံးလုပ်ကြလိမ့်မယ်၊ လိုက်နာကြလိမ့်မယ်ထင်ပါတယ်" ဟုပြောပြသည်။

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဖြန့်ဝေနေမှုတွင် အချို့မြို့နယ်များ၌ အပိုကောက်ခံငွေများကို ပြန်ပေးမည်ဆိုသော်လည်း ပြန်မရသေးကြောင်း၊ ယနေ့ထိအကြောင်းမပြန်ကြားသေးသော မြို့နယ်များလည်းရှိကြောင်း ပြည်သူများက ဆက်သွယ်ပြောပြသည်။

ဤကဲ့သို့ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို အပိုကြေးအမျိုးမျိုးတောင်း၍ ဖြန့်ဝေခဲ့မှုများသည် ရခိုင်ပြည်နယ်တွင် ယခင်နှစ်များကလည်း ရှိခဲ့ကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ သို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် မြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
လူမှုဝန်ထမ်းဦးစီးဌာန(လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း)၊
အမှတ်(၆၅)၊ကျိုက်ပိုင်းဘုရားလမ်း၊မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၀၉ (ရုံးချိန်အတွင်း)

အမျှားပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်သောသစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

၅-၉-၂၀၁၅ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၇၊၁၈၊၁၉၊၂၀၊၂၁၊၂၂၊၂၄၊၂၆၊၅၆၊၅၅၊၅၅၊၅၆၊၅၇၊၁၀၀) ရပ်ကွက်များတွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်။

၆-၉-၂၀၁၅ ရက်နေ့တွင် ရွှေပြည်သာမြို့နယ် (စက်မှုဇုန် ၃ ၊ ၄) တို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်။

ယင်းသို့ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

SME လုပ်ငန်းများ အပေါင်ပစ္စည်းမပါဘဲ ချေးငွေရယူနိုင်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံတွင် SME ဟုခေါ်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အပေါင်ပစ္စည်းမပါဘဲ ဘဏ်ချေးငွေများရယူနိုင်ရန်အစီအမံများ ဆောင်ရွက်ထားပြီဖြစ်ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြောသည်။

"ကြွေးမြီအာမခံလို့ခေါ်တဲ့ Credit Guarantee Insurance လုပ်ငန်းဟာ SME လုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ငန်းရှင်တွေလိုအပ်တဲ့ ငွေကြေးကို အပေါင်ပစ္စည်း သို့မဟုတ် အပေါင်ပစ္စည်းမပါဘဲ အာမခံအကာအကွယ်နဲ့ ဘဏ်ချေးငွေရယူနိုင်ဖို့အစီအမံတစ်ခုအဖြစ် New Version ကိုဆောင်ရွက်ထားပါတယ်"ဟု ဒုတိယဝန်ကြီးက ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၌ ယနေ့နံနက်ပိုင်းက ကျင်းပသော New Version Credit Guarantee နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

ယခု Credit Guarantee Insurance ကိုအသုံးချခြင်းအားဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အပေါင်ပစ္စည်းသဘောဖြစ်၍ ငွေချေးရာတွင် စိတ်ချရကြောင်း၊ အပေါင်ပစ္စည်းမရှိသော်လည်း လူနှင့်လုပ်ငန်းကောင်းလျှင် Credit Guarantee Insurance ဝယ်ယူ၍ ငွေချေးနိုင်မည်ဖြစ်ကြောင်း၊ အပေါင်ပစ္စည်းရှိသော်လည်း တန်ဖိုးနည်းနေလျှင် ယခုအာမခံကိုဝယ်ယူ၍ ငွေချေးနိုင်မည်ဖြစ်ကြောင်း၊ ပရီမီယံကို ဝယ်ယူသူကပေးရမည်ဖြစ်ကြောင်း၊ ပရီမီယံနှုန်းမှာလည်း အများဆုံး ၃ ရာခိုင်နှုန်းမှ အနည်းဆုံး ၂ ရာခိုင်နှုန်းသာ ဖြစ်ပါကြောင်း၊ ယင်းသည် ပထမနှစ်အတွက် ပရီမီယံနှုန်းသာဖြစ်ပြီး နောင်နှစ်များ ဘဏ်ချေးသွားလျှင် လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ယခုအာမခံသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်းဖြင့်လည်း ဒုတိယဝန်ကြီးက ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကာ ဆက်လက်၍ New Version ဖြင့် ဆောင်ရွက်မည့် အစီအစဉ်အား SMBC မှ Senior Vice President Mr. Izumi Kenichi က ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။ **ကြံတိုင်းအောင်**

စက်တင်ဘာ ၄ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	ဈေးကွက်	ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး
၁	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၇၀၀၀ မှ ၅၀၅၀၀
၂	ဇီရာ/ညွှေ့မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၀၀၀၀ မှ ၂၄၀၀၀
၃	ငစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၉၅၀၀ မှ ၂၂၀၀၀
၄	မြီးတုံး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၈၀၀၀ မှ ၃၀၀၀၀
၅	ဆင်းသွယ်လတ်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၆၀၀၀ မှ ၂၈၀၀၀
၆	ကောက်ညှင်း(ဆန်)	ဘိုကလေး	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၄၀၀၀ မှ ၃၆၀၀၀
၇	မတ်ပဲ (FAQ)(ပဲ)		တစ်တန်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၄၅၅၀၀၀
၈	ပဲတီစိမ်း(ပဲ)	နယ်စုံ(ပခုက္ကူ၊ရွှေဝါ)	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၁၀၀ မှ ၂၃၆၅
၉	ကြက်သွန်နီ	ဆိပ်ဖြူ	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၆၂၅ မှ ၁၀၅၀
၁၀	ကြက်သွန်ဖြူ	ကြူကုတ်	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၅၅၅ မှ ၂၆၂၅
၁၁	ကြက်သွန်ဖြူ	အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၄၅၀ မှ ၃၀၀၀
၁၂	အာလူး	အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၃၇၀ မှ ၆၇၀

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

ရေဘေးအထူးရန်ပုံငွေဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ရေဘေးအထူးရန်ပုံငွေပွဲအဖြစ် စက်တင်ဘာ ၇ ရက် ညနေ ၅ နာရီတွင် နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်/အဆိုတော်များအသင်းနှင့် မြန်မာ့လက်ရွေးစင်ဟောင်းအသင်းတို့၏ အထူးခြေစမ်းပွဲ၊ ညနေ ၆ နာရီတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ဘောလုံးပွဲများကို ညနေ ၅ နာရီမှစတင်၍ MRTV Entertainment Channel တွင်လည်းကောင်း၊ ညနေ ၆ နာရီမှစတင်၍ MRTV News Channel တွင် လည်းကောင်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(သတင်းစဉ်)

မန့်ဟီးရိုးမြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

မန့်ဟီးရိုး စက်တင်ဘာ ၄

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ် အမှတ် (၂) ရပ်ကွက်ရှိ အထကကျောင်း၌ စက်တင်ဘာ ၂ ရက်က မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်စန္ဒာဝင်းနှင့် ဝန်ထမ်းများသည် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

"ကျောင်းမှာက ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေပဲဆိုတော့ ကျောင်းစာတွေကိုပဲ ထိတွေ့တာများပါတယ်။ အခုလို ပြင်ပဗဟုသုတရစေတဲ့ စာတွေဖတ်ဖို့၊ ထိတွေ့ဖို့ မြို့နယ် ပြန်/ဆက်ရုံးက လာရောက်ဌားပေးတဲ့အတွက်ရော ကျေးလက်နေပြည်သူတွေ စာဖတ်ချင်စိတ်ရှိလာအောင် ၊ စာဖတ်လို့ရရှိမယ့် အကျိုးကျေးဇူးတွေကို သိအောင်၊ ကျေးရွာစာကြည့်တိုက်ကို အသုံးပြုခြင်းကြောင့် ရရှိမယ့်အကျိုးကျေးဇူးတွေကိုသိအောင် ပြောပြပေးတဲ့အတွက်လည်း အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်" ဟု တာဝန်ရှိ ဆရာမတစ်ဦးက ပြောသည်။

(ခရိုင် ပြန်/ဆက်)

ပြင်ဆင်ဖတ်ရှုပါရန်

၃-၉-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၂)ပါ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးကို **အမေရိကန်ဒေါ်လာ ၅၅၃၈ ဒသမ ၅၁ သန်းရှိ အစား အမေရိကန်ဒေါ်လာ ၉၂၃၁ ဒသမ ၂၂ သန်းရှိ**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(သတင်းစဉ်)

မဲဆန္ဒနယ်အတွင်း မဲဆန္ဒရှင်များ ကြိုတင်မဲဘယ်လိုပေးမလဲ

လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး တစ်ရက်ထက်တစ်ရက် နီးကပ်လာသည်နှင့်အမျှ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ရွေးကောက်ပွဲနှင့် ဆန္ဒမဲပေးခြင်းဆိုင်ရာ အထွေထွေသိကောင်းစရာများကို လေ့လာသိရှိနိုင်စေရန် ဖော်ပြအပ်ပါသည်။

ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် **အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့လာရောက်၍ မဲမပေးနိုင်သူများအတွက်** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (ရွေးကောက်ပွဲကော်မရှင်)က ကြိုတင်မဲပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိပါသည်။

မဲဆန္ဒနယ်အတွင်းမှ မဲဆန္ဒရှင်များသည် မိမိ၏ မဲဆန္ဒနယ်အတွင်း၌ ရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးနိုင်သောသူများ ဖြစ်ကြသည်။ ၎င်းတို့မှာ -

(၁) အနာကြီးရောဂါ စွဲကပ်နေသူများ၊
(၂) ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူများ၊
(၃) နေအိမ်တွင် မီးဖွားနေသူများ၊
(၄) အသက်အရွယ်ကြီးရင့်သူများ၊
(၅) မသန်စွမ်းသူများ၊
(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူများ
(မဲဆန္ဒနယ်အတွင်း၌ရှိသော ဆေးရုံ)၊
(၇) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ
(မဲဆန္ဒနယ်အတွင်း၌ရှိသော အချုပ်စခန်း/အကျဉ်းစခန်း)၊
(၈) ရွေးကောက်ပွဲကျင်းပသောနေ့တွင် မိမိ၏ရပ်ကွက်/ကျေးရွာမှ ခရီးဝေးသည့်ဒေသသို့ ရွေးကောက်ပွဲတာဝန်ဖြင့် သွားရောက်ရန်ရှိသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲများနှင့် အစိုးရဝန်ထမ်းများ၊
(၉) လွတ်တော် ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ ဖြစ်ကြသည်။

မိမိတို့၏အိမ်၌ပင် နေထိုင်လျက်ရှိသော အနာကြီးရောဂါစွဲကပ်ခံနေရသူများ၊ ဝေဒနာပြင်းထန်စွာ ခံစားနေရသူများ၊ မီးဖွားနေသူများ၊ အသက်အရွယ်ကြီးရင့်နေသူများသည် မဲရုံသို့သွားရောက်၍ မဲမပေးနိုင်ပါက မိမိတို့၏နေအိမ်၌ပင် ကြိုတင်မဲပေးနိုင်ရေးအတွက် ရပ်/ကျေးကော်ခွဲက ရွေးကောက်ပွဲနေ့မတိုင်မီ ၎င်း၏အဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ ဆန္ဒမဲပေးလိုကပေးနိုင်ကြောင်းနှင့် ဆန္ဒမဲပေးလိုက မပေးဘဲ နေနိုင်ကြောင်း လာရောက်ရှင်းပြမည်ဖြစ်သည်။ မဲပေးမည်ဆိုပါက ရပ်/ကျေးကော်ခွဲက ၎င်း၏အဖွဲ့ဝင်နှစ်ဦးကို စေလွှတ်ပြီး ရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အလိုဌ် ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်သည်။ အကယ်၍ ရပ်/ကျေးကော်ခွဲက လာရောက်အကြောင်းမကြားပါက မဲဆန္ဒရှင်များ၏ မိသားစုဝင်တစ်ဦးဦးက ရပ်ကျေးကော်ခွဲသို့သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးလိုကြောင်း အကြောင်းကြားနိုင်သည်။

ဆန္ဒပြုရမည့်နေ့တွင် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးက မဲရုံကိုယ်စားလှယ်များ/မဲရုံအကူ ကိုယ်စားလှယ်များ လိုက်ပါလျက် မဲဆန္ဒရှင်၏ နေအိမ်သို့ လာရောက်ကြမည်ဖြစ်သည်။ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လေ့လာရန် လိုက်ပါလာပါက အိမ်ရှင်က လေ့လာခွင့်ပေးရပါမည်။

ရပ်/ကျေးကော်ခွဲအဖွဲ့ဝင်က ထုတ်ပေးသော မဲလက်မှတ်အသီးသီးတွင် ကိုယ်တိုင်ဆန္ဒပြုနိုင်ပါက တံဆိပ်တုံးဖြင့်သာ ဆန္ဒပြုရန်ဖြစ်သည်။ ထို့နောက် ဆန္ဒပြုပြီး ကြိုတင်မဲလက်မှတ်အသီးသီးကို သက်ဆိုင်ရာ စာအိတ်များတွင် ထည့်သွင်းပြီး လုံခြုံစွာ ပိတ်ပြီးနောက် ရပ်/ကျေးကော်ခွဲအဖွဲ့ဝင်ထံအပ်နှံရမည်။ အကယ်၍ ကိုယ်တိုင်ဆန္ဒမပြုနိုင်ပါက မဲစာရင်းတွင် ပါရှိသော မိမိ၏မိသားစုဝင်တစ်ဦးဦးကိုဖြစ်စေ ရပ်/ကျေးကော်ခွဲအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ မိမိကိုယ်စား ဆန္ဒပြုပေးရန် အကူအညီတောင်းခံနိုင်သည်။ မသန်စွမ်းသူဖြစ်လျှင် မဲစာရင်းတွင်ပါရှိသော မိမိ၏မိသားစုဝင်တစ်ဦးဦးကို ဖြစ်စေ၊ မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦးကိုဖြစ်စေ အကူအညီတောင်းခံနိုင်သည်။

ဆေးရုံ၌တက်ရောက်နေသော အတွင်းလူနာများနှင့် အချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အတွက် ဆေးရုံအုပ်နှင့် အချုပ်စခန်း/အကျဉ်းစခန်း အကြီးအမှူးက ရပ်ကျေးကော်ခွဲသို့ အကြောင်းကြားမည်ဖြစ်သည်။ ထိုအခါ ရပ်ကျေးကော်ခွဲက ဆေးရုံနှင့် အချုပ်စခန်း/အကျဉ်းစခန်း၌ပင် ဆန္ဒပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ဆန္ဒပြုနည်းမှာ အထက်ပါအပိုဒ်တွင် ဖော်ပြထားသည့်အတိုင်းပင် ဖြစ်သည်။

ထို့ပြင် **မဲဆန္ဒရှင်တစ်ဦးဦးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သာရေး၊ နာရေးကိစ္စဖြင့် ခရီးဝေးသို့ သွားရောက်ရန်ရှိပါက ရပ်/ကျေးကော်ခွဲသို့ အထောက်အထားခိုင်လုံစွာ တင်ပြနိုင်လျှင် ကြိုတင်မဲပေးခွင့်ရှိသည်။ ရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အလိုတွင် ရပ်/ကျေးကော်ခွဲရုံးသို့သွားရောက်ပြီး ကြိုတင်မဲပေးရန် ဖြစ်သည်။ ရပ်/ကျေးကော်ခွဲအဖွဲ့ဝင် တစ်ဦးဦးက ထုတ်ပေးသော ကြိုတင်မဲလက်မှတ်များတွင် တံဆိပ်တုံးဖြင့်သာ ဆန္ဒပြုပြီးနောက် သက်ဆိုင်ရာ လွတ်တော်စာအိတ်အသီးသီးသို့ ထည့်ပြီး စာအိတ်များကို သေချာစွာပိတ်ရမည်။ ထို့နောက် ထိုစာအိတ်များကို ရပ်/ကျေးကော်ခွဲရုံးတွင် ထားရှိသော လုံခြုံရေးကြိုးများဖြင့် သေချာစွာပိတ်ထားသည့် မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည်။ [မှတ်ချက်-ယခုကဲ့သို့ ကြိုတင်မဲပေးရန် ခွင့်ပြုခြင်းသည် တစ်ဦးတစ်ယောက်ချင်း၊ မိသားစုတစ်စုချင်းအတွက်သာ ဖြစ်ပါသည်။ လုပ်ငန်းအကြောင်းပြချက်(ဥပမာ-ပင်လယ်သို့ ငါးဖမ်းထွက်ရန်)ဖြင့်ဖြစ်စေ၊ ဘုရားဖူး၊ ထီးတင်ပွဲ စသည်များသွားရန် အကြောင်းပြချက်ဖြင့် ဖြစ်စေ၊ လူ ၂၀၊ ၃၀ က ကြိုတင်မဲပေးရန် တောင်းဆိုလာပါက ရပ်/ကျေးကော်ခွဲအနေဖြင့် ခွင့်ပြုပေးမည် မဟုတ်ပါ။]

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိ၏ရပ်ကွက်/ကျေးရွာမှ ညအိပ်ခရီးသွားရောက်ရမည့်ဒေသရှိ မဲရုံ၌တာဝန်ကျသည့် ရပ်/ကျေးကော်ခွဲအဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများ၊ မဲရုံလုံခြုံရေး အတွက် တာဝန်ကျသော တပ်မတော်သားများနှင့် ရဲများသည်လည်း ရပ်/ကျေးကော်ခွဲရုံးများ၌ ကြိုတင်မဲပေးနိုင်သည်။ ကြိုတင်မဲများကို ရပ်ကျေးကော်ခွဲရုံးများ၌ သွားရောက်ဆန္ဒပြုရန်ဖြစ်သည်။ ကြိုတင်မဲလက်မှတ်အသီးသီးတွင် တံဆိပ်တုံးဖြင့်သာ ဆန္ဒပြုပြီးနောက် သက်ဆိုင်ရာလွတ်တော်စာအိတ်အသီးသီးတွင်ထည့်၍ သေချာစွာပိတ်ပြီး ယင်းစာအိတ်များကို လုံခြုံရေးကြိုးများနှင့် သေချာစွာပိတ်ထားသည့် မဲပုံးထဲသို့ ကိုယ်တိုင်ထည့်ရမည်။ ထို့အပြင် ရွေးကောက်ပွဲတာဝန်ဖြင့် ခရီးဝေးသွားရောက်ရန်ရှိသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ အစိုးရတာဝန်ဖြင့် အခြားဒေသသို့ မဖြစ်မနေ သွားရောက်ရန်ရှိသော အစိုးရဝန်ထမ်းများသည် မိမိတို့၏ ရပ်/ကျေးကော်ခွဲရုံးများ၌ ကြိုတင်မဲပေးပိုင်ခွင့်ရှိပါသည်။ ကြိုတင်မဲပေးရမည့်နေ့ကို ကော်မရှင်က သတ်မှတ်ကြေညာပေးမည်ဖြစ်သည်။ (၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့စဉ်က- ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲနေ့မတိုင်မီ ၁၀ ရက် ကြိုတင်၍ ကြိုတင်မဲပေးခွင့်ပြုခဲ့ပါသည်။)

ထို့အပြင် မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါရှိသော မဲဆန္ဒနယ်မှ ခရီးဝေးသည့်ဒေသတစ်ခုခု၌ ရွေးကောက်ခံမည့် လွတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ သည်လည်း မိမိတို့၏ ရပ်/ကျေးကော်ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

ဖော်ပြပါ မဲဆန္ဒနယ်အတွင်းမှ မဲဆန္ဒရှင်များ ကြိုတင်မဲပေးမည့် လုပ်ငန်းစဉ်အားလုံးကို ရပ်/ကျေးကော်ခွဲများက ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ရပ်/ကျေးကော်ခွဲရုံး၌ ကြိုတင်ဆန္ဒမဲပေးမှုများအားလုံးကို မဲရုံကိုယ်စားလှယ်များ၊ မဲရုံအကူကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ Observer များနှင့် မီဒီယာများ ကြည့်ရှုလေ့လာခွင့်ရှိပါသည်။

(မြန်မာ့အလင်း)

(ဆက်လက်ဖော်ပြပါမည်)

မော်လမြိုင်ကျွန်းတွင် မဲရုံဆောက်လုပ်မည့် နေရာများ ရွေးချယ်

မော်လမြိုင်ကျွန်း စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် မော်လမြိုင်ကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များသည် စက်တင်ဘာ ၄ ရက်ကစတင်ပြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဆောက်လုပ်သွားမည့် မဲရုံဆောက်လုပ်မည့်နေရာများကို ရွေးချယ်ခဲ့ကြသည်။ လပွတ္တာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ဦးသက်အောင်၊ ဦးတင်မောင် ဦးနှင့်ခရိုင်ရွေးကောက်ပွဲအရာရှိ၊ မော်လမြိုင်ကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်ကော်မရှင်အဖွဲ့ခွဲဝင်များသည် မြို့နယ်အတွင်း မဲရုံဆောက်လုပ်မည့် အမှတ်(၂)ရပ်ကွက်၊ (၄)ရပ်ကွက်၊ (၅)ရပ်ကွက်၊ (၉)ရပ်ကွက်၊ (၁၀)ရပ်ကွက်၊ (၁၂)ရပ်ကွက်၊ ရေလိမ်ကျေးရွာနှင့် ကျိုက်ပိကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကြပြီး ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ အဖွဲ့အစည်းပေါင်းစုနှင့် ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး မဲရုံဆောက်လုပ်မည့်နေရာများကို ညှိနှိုင်းရွေးချယ်ခဲ့ကြကြောင်းသိရသည်။

မော်ကျွန်း-မြင့်အောင်

ဖခင်အမည်မှန်

ကျွန်းလှမြို့နယ်၊ ရေရှင် အထကမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် (စ ၈-၁၇၆၂)ဖြင့် အောင်မြင်သူမစန်းသော်တာ၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုးဦး(ခ)ဦးမြင့်ဦး ဖြစ်ပါသည်။ **ဦးသိန်းစိုးဦး(ခ)ဦးမြင့်ဦး**

အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ တိုက်ရွာအုပ်စု၊ ညောင်ချောင်ရွာနေ ဦးမောင်ညွှန့် ၁၄/ကပန(နိုင်)၀၆၈၂၇၇၏ အမည်ရင်းမှာ ဦးကျင်အေး ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြောင်းမြမြို့နယ်၊ ညောင်ချောင်းပွေးစုအုပ်စု၊ မဒေါ်ချောင်းအထက၊ တက္ကသိုလ်ဝင်တန်းမှ စနေသျှင်းအောင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ မန်းနံသပု ၁၄/မမန(နိုင်)၁၁၈၈၅၁ ဖြစ်ပါကြောင်း။ **မန်းနံသပု**

မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ရွှေဂဲကုန်းရပ်နေ ဦးဂိုကူလ်ဗဟာဒူး၏သား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အဌမတန်း(A)မှ မဘီနား၏အမည်မှန်မှာ မဗီနားဖြစ်ပါကြောင်းနှင့် ပထမတန်း(B)မှ မောင်ဘီရှားနံ(ခ)မောင်အောင်ခန့်ဝိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ရွှေဂဲကုန်းရပ်နေ ဦးဂိုကူလ်ဗဟာဒူး၏သမီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အဌမတန်း(A)မှ မဘီနား၏အမည်မှန်မှာ မဗီနားဖြစ်ပါကြောင်းနှင့် ပထမတန်း(B)မှ မောင်ဘီရှားနံ(ခ)မောင်အောင်ခန့်ဝိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/2545 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမည်ပြောင်း

ဟိုပင်မြို့၊ ခလရ (၄၀)နေ တပ်ကြပ်ကြီးဘိုဝင်း၏သမီး မသိမ့်သိမ့်ထက်အား မခတ္တာဝင်းဟု ပြောင်းလဲခေါ်ပါရန်။

အမည်ဖြည့်စွက်ခြင်း

သန်လျင်မြို့၊ ညောင်သုံးပင်တောင်ပိုင်းနေ ဦးဇော်ဇော်၏သမီး မမြတ်ယုမွန်အား မမြတ်ယုမွန်(ခ)မယွန်းသီရိဟု ဖြည့်စွက်ခေါ်ပါရန်။

ဖခင်အမည်မှန်

မြောင်းမြမြို့နယ်၊ ညောင်ချောင်းပွေးစုအုပ်စု၊ မဒေါ်ချောင်း အထက၊ တက္ကသိုလ်ဝင်တန်းမှ စအောင်ဖြိုးကျော်၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးနေထွန်း ၁၄/၀ခမ(နိုင်)၂၃၀၉၁၂ ဖြစ်ပါကြောင်း။ **ဦးနေထွန်း**

မိခင်အမည်မှန်

ပုသိမ်မြို့၊ အလက-၆/ထခွ တက္ကသိုလ်ဝင်တန်း(A)မှ မနှင်းမွင့်ဖြူ(ဘ)ဦးဘဏ်ထွန်း ၁၄/ပသန(နိုင်)၁၆၁၁၉၀၂၏မိခင်အမည်မှန်မှာ ခေါ်သီတာနိုင် ၁၄/ပသန(နိုင်)၀၀ဖိ၃၉၅ ဖြစ်ပါကြောင်း။ **ခေါ်သီတာနိုင်**

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ဝါးနက်ချောင်း(အထက)၊ နဝမတန်း(B)မှ မနန်းခမ်းကျော်ဇင်၏ဖခင် အမည်မှန်မှာ ဦးကျော်သန်း ၁၂/မဘန (နိုင်)၁၅၈၄၉ ဖြစ်ပါသည်။ **ဦးကျော်သန်း**

ထိုင်းပုံးပေါက်ကွဲမှုအပေါ် စုံစမ်းရာတွင် သံသယဖြစ်ဖွယ် ဒီအင်နှအေမတွေ့သေး

ဗန်ကောက် စက်တင်ဘာ ၄

ထိုင်းပုံးပေါက်ကွဲမှုအပေါ် သံသယရှိသူနှစ်ဦးကို မှုခင်းဆေးပညာ စစ်ဆေးမှုအရ စစ်ဆေးခဲ့သော်လည်း ၄င်းတို့မှာ သေစေနိုင်လောက်သည့် ပုံးပေါက်ကွဲမှုနှင့် ဆက်စပ်မှုမရှိကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၄ ရက်က ပြောခဲ့သည်။

ဗန်ကောက်တိုက်ခန်းတွင် ဖမ်းဆီးခဲ့သည့် နိုင်ငံခြားသားနှစ်ဦးကို ဒီအင်နှအေစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဧရာဝတီနတ်ကွန်းပုံးပေါက်ကွဲမှုတွင် ရရှိခဲ့သည့် ဒီအင်နှအေသက်သေခံပစ္စည်းများနှင့်မတူကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ တရားခံဖမ်းဆီးရမိရန် ကွင်းဆက်ပျောက်နေခြင်းမှာ ထူးဆန်းဖွယ်ရာကောင်းနေသည်။

ပုံးပေါက်ကွဲမှုတွင်ပါဝင်သည့် တရားခံများမှာ ရဲတပ်ဖွဲ့က နှိမ်နင်းဖြိုခွင်းခဲ့သည့် လူကုန်ကူးဂိုဏ်းအဖွဲ့မှ အဖွဲ့ဝင်များဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ခန့်မှန်းခဲ့သည်။

ဤပုံးပေါက်ကွဲမှုကိစ္စတွင် အကြမ်းဖက်အုပ်စုမှ ပါဝင်နိုင်ခြင်းကို ရဲတပ်ဖွဲ့က ငြင်းဆိုထားကြောင်း သိရသည်။

ရဲတပ်ဖွဲ့က ဒုတိယမြောက် နိုင်ငံခြားသားကို ဒီအင်နှအေစစ်ဆေးခဲ့ရာတွင် ပုံးပေါက်ကွဲမှုအနီးကင်မရာ၌တွေ့ရသည့် အဝါရောင်ဝတ်လူမဟုတ်ကြောင်း ရဲပြောရေးဆိုခွင့်ရှိသူ ပရာဝုဒ်သာဝန်ဟရီက သတင်းထောက်များကို ပြောခဲ့သည်။ ကင်မရာ၌ တွေ့ရသည့် အဝါရောင်ဝတ်လူမှာ ပုံးပေါက်ကွဲမှုတွင် ကျိန်းသေပါဝင်မည်ဟုယူဆရကြောင်း ရဲအဖွဲ့က ပြောခဲ့သည်။ **(ရိုက်တာ)**

ဟန်ဂေရီတွင် ရွှေ့ပြောင်းဒုက္ခသည်များ အကူအညီတောင်း

ဘူခါရက် စက်တင်ဘာ ၄

ဟန်ဂေရီနိုင်ငံ ဘူခါရက်ရထားဘူတာရုံရှေ့၌ ရွှေ့ပြောင်းဒုက္ခသည် ၁၅၀၀ ခန့် အကူအညီ ရရှိရန် စောင့်ဆိုင်းလျက်ရှိသည်။ ဘူတာရုံဝင်ပေါက်များကို မကန့်သတ်ခင်က ရွှေ့ပြောင်းဒုက္ခသည်များသည် ဘူတာရုံထဲသို့ ဝင်ခွင့်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ဂျာမနီသို့ထွက်ခွာမည့် မီးရထားတွဲများပေါ်သို့ သူ့ထက်ငါအလုအယက် တိုးဝှေ့တက်ရောက်ကြသည်။

သို့သော် ရွှေ့ပြောင်းဒုက္ခသည်များသည် ဘူခါရက်မြို့မှ ကီလိုမီတာ ၃၀ ခန့်ဝေးသော နေရာဘစ်စကီးနှင့် အခြားနေရာများ၌ ရထားကို အတင်းအကျပ် ရပ်တန့်စေခြင်းများရှိကြောင်း သိရသည်။

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များက ၄င်းတို့ကိုရွှေ့ပြောင်းဒုက္ခသည် မှတ်ပုံတင်ဌာနသို့ လွှဲပြောင်းရန် ကြိုးစားရာတွင် ၄င်းတို့က ခုခံကာကွယ်မှုများ ပြုလုပ်ကြောင်း သိရသည်။

ဘူတာရုံ၌ နယ်စပ်ဖြတ်ကျော်ခုတ်မောင်းသွားမည့် မီးရထားများကို ဆိုင်းငံ့ထားသောကြောင့် ရွှေ့ပြောင်းဒုက္ခသည် ၁၅၀၀ လောက်မှာ ဘူတာရုံတွင် သောင်တင်နေကြသည်။

ရွှေ့ပြောင်းဒုက္ခသည်များက ဂျာမနီသွားချင်ကြောင်း အော်ဟစ်နေကြသည်။ တချို့မှာ အကူအညီပေးရေး ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားကြသည်။ ရွှေ့ပြောင်းဒုက္ခသည်များကြား ရုန်းရင်းဆန်ခတ်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။

အချို့မှာ မြေပေါ်တွင် လဲ့နေကြကာ စိုးရိမ်ပူပန်မှုများ ၄င်းတို့မျက်နှာပေါ်တွင် အထင်းသားပေါ်လွင်နေသည်။

ဆီးရီးယားမှ ရွှေ့ပြောင်းဒုက္ခသည် အမျိုးသားတစ်ဦးက ဘူတာရုံတွင်ရောက်နေသည်မှာ သုံးရက်ရှိပြီဖြစ်ကြောင်း၊ အေးစက်နေသော လမ်းများပေါ်တွင် စောင်မပါဘဲ အိပ်စက်ရကြောင်း၊ ထိုဒုက္ခများကို ရွှေ့ပြောင်းဒုက္ခသည် အမျိုးသမီးများနှင့် ကလေးများပါ ခံစားရကြောင်း ၄င်းက ပြောကြားသည်။

(အင်နှအိတ်ချ်ကေ)

တရားစီရင်မှုခံယူရန် ဂွာတီမာလာသမ္မတ နုတ်ထွက်

ဂွာတီမာလာ စက်တင်ဘာ ၄

အကျပ်အတည်းပေါင်းစုံ ပိုင်းရံနေသော ဂွာတီမာလာသမ္မတ အော်တိုပီ ရစ်ဂ်မိုလီနာသည် စက်တင်ဘာ ၃ ရက်က ရာထူးမှ နုတ်ထွက်ခဲ့ပြီး ၄င်းကိုယ်တိုင် တရားစီရင်မှုခံယူရန် တရားစီရင်ရေးအာဏာပိုင်အဖွဲ့သို့ အပ်နှံခဲ့သည်။

သမ္မတ မိုလီနာကို နိုင်ငံ၏အကောက်ခွန်ပျူရှိကို လိမ်ညာရန် ဥပဒေချိုးဖောက်သော အဖွဲ့တွင် ပါဝင်သည့် သံသယဖြင့် ကွန်ဂရက်က ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် ၎င်းနုတ်ထွက်မှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

သမ္မတမိုလီနာ တရားရင်ဆိုင်ရန် ကွန်ဂရက်က ၄၂ မဲ ထောက်ခံခဲ့သည်။ ၄င်းရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းရန်အတွက် ရာထူးမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်ကြောင်း သမ္မတပြောရေးဆိုခွင့်ရှိသူ ဂျော့ချ်အော်တီဂါက သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့သည်။

(ဆင်ဟွာ)

အိန္ဒိယနိုင်ငံ၌ ရထားလမ်းချော်မှုဖြစ် ၄၂ ဦးဒဏ်ရာရ

နယူးဒေလီ စက်တင်ဘာ ၄

အိန္ဒိယနိုင်ငံတောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်သော တမီလ်နာဒူးတွင် စက်တင်ဘာ ၄ ရက်က အမြန်ရထားတစ်စင်းမှ ရထားတွဲလေးတွဲ လမ်းချော်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ခရီးသည် ၄၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

ဒဏ်ရာရရှိသူ အားလုံးကို နီးစပ်ရာဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ခဲ့ရပြီး ၄င်းတို့ထဲတွင် သုံးဦးမှာ ဒဏ်ရာပြင်းထန်သည်ဟု ရဲအရာရှိက ပြောခဲ့သည်။

ဒေသတွင်းရုပ်သံက အဆိုပါ ရထားလမ်းချော်မှုကြောင့် ယင်းဒေသရှိ ရထားများ ခုတ်မောင်းပြေးဆွဲမှုကို အဟန့်အတားဖြစ်စေခဲ့သည်။

(ဆင်ဟွာ)

အမည်ပြောင်း

ဗိုလ်မှူးကျော်ကျော်ဦး ၁၄/ပသရ(နိုင်)၀၉၇၅၁၁၅၁၀၁သား ရန်ကုန်မြို့၊ အထက(၂) ကမာရွတ် Grade 4(C)မှ မောင်ကွန်းဆင့်ဧယျာအား ယနေ့မစ္စ၍ မောင်ကွန်းဆင့်ဧယျာ(ခ) မောင်ရန်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကွန်းဆင့်ဧယျာ(ခ)မောင်ရန်ကျော်

ပျောက်ဆုံးကြောင်း

ဦးတင်ဝင်း၏သား မောင်ဝဏ္ဏဇော်(ခ)ဝဏ္ဏဇော်ဝင်း ၁၂/စခန(နိုင်)၀၅၂၄ဒ၃၏ နိုင်ငံကူးလက်မှတ် M-265325 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၈၅၅၀

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးလှရင်ထွန်း၏သား အဝေးသင် တက္ကသိုလ် ဘားအံဌာနခွဲ ၂၀၁၅ပညာသင်နှစ်တွင် ဒုတိယနှစ် မြန်မာစာမှ ခွဲနှစ်စိုးပိုင်(ခ)ခွဲနှစ်ရာဇာအေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ခွဲနှစ်ရာဇာအေး(ခ)ခွဲနှစ်စိုးပိုင်
၃/ဘအန(နိုင်)၂၉၆၁၃၉၁

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြတ်မင်း ၁၂/ဒဂတ(နိုင်)၀၁၄၅၃ဒ၆၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၃၀၅၄၂

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မုံလှကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ ဓစောကေသီကျော်၏ ဖခင်အမည်မှန်မှာ ဦးအေးမြင့် ၅/ကသန(နိုင်)၀၅၄၃၃၉ ဖြစ်ပါကြောင်း။ **ဦးအေးမြင့်**

လပြည့် 09-50-37438 532200

မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လှိုင်ကော်ခရိုင်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ် လုပ်ငန်းအမည်

(က) ၁၁ ကေဒီဓာတ်အားလိုင်း ၂.၄ မိုင်နှင့်ဆက်စပ်ပစ္စည်းများ၀ယ်ယူခြင်း (Lot.1)

(ခ) ၂၂ ကီလို၀ပ်အင်ဒတ်ရှင်းမော်တာ+စတတ်တာနှင့် ဆက်စပ်ပစ္စည်း (၄)စုံ၀ယ်ယူခြင်း (Lot.2)

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၃-၂၂၀၂၉၊ ၀၉-၅၆၀၀၉၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၈-၉-၂၀၁၅ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂၉-၉-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၆း၀၀နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လှိုင်ကော်မြို့

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ ဈေးကြီး/အရှေ့ရပ်ကွက်၊ အမှတ် ၈၂၊ ပဌမထပ် (ခြောက်လွှာ) (၂၅ ပေ× ၀ေ ၅၀)ရှိသော အခန်းအား သက်ဆိုင်ရာတရားဝင်ပိုင်ဆိုင်သူ ဦးမြင့်ဆွေ ၁၂/ဗတထ(နိုင်)၀၀၃၄၄ဃမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါပစ္စည်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာချုပ်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက် နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဘောဘီထွန်း B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၄၉)
အမှတ်(၃)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၈၀၈၁

ဖုန်းကြီးမှ ကြေးနန်းပို့ခြင်း

ဖုန်းကြီးမှ ကြေးနန်းပို့ခြင်းဝန်ဆောင်မှုကို ဧပြီလ ၁ ရက်နေ့ကစ၍ ရပ်ဆိုင်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဖုန်းကြီးမှ ကြေးနန်းပို့ခြင်းဝန်ဆောင်မှုမှူး

The VOICE weekly Vol.11, No.33

ထွက်ပြီ

- ☐ ဝေဟာဘရောထားတဲ့ "ဆီ" ဆိုတာ ဘယ်လိုဆီအမျိုးအစားကိုပြောတာလဲ။
- ☐ ရောနှောဆီတွေကြောင့် ကင်ဆာရောဂါအဖြစ်များလာတာလို့ပြောတဲ့ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနဲ့အင်တာဗျူး။
- ☐ ဈေးကွက်ထဲက ဆေးဖက်ဝင်ကမ်းဖော်ဆီကရော အရောအနောကင်းရဲ့လား။
- ☐ အပြိမ်းစားအခြေခံပညာ ဆရာ၊ဆရာမတွေကို ကန်ထရိုက်စနစ်နဲ့ပြန်စန့်မယ်။
- ☐ ရခိုင်ပြည်နယ်မှာ လွတ်တော်ကိုယ်စားလှယ်လောင်း ၂၈ဦး ဘာ့ကြောင့် ပယ်ချခံရတာလဲ။
- ☐ တရုတ်က မြစ်ဆုံစီမံကိန်းပြန်စဖို့ကချင်ဒေသခံတွေကို စဆွေးနွေးနေပြီ။

စတဲ့ သတင်းတွေ၊ သတင်းဆောင်းပါးတွေ၊ သတင်းသုံးသပ်ချက်တွေ၊ အားကောင်းစူးရှတဲ့ အတွေးအမြင်ဆောင်းပါးတွေ၊ မျှတပြီး စေတနာပါတဲ့ နိုင်ငံရေးအမြင်ဆောင်းပါးတွေနဲ့အတူ စနေ တစ်နေ့လုံးအတွက် အကောင်းဆုံးအဖော်မွန်ပါ။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ရတနာသစ်အိမ်ရာ၊ အခန်း (၆)၊ တိုက် (ဂ)နေ ဒေါ်ဝင်းဝင်းနိုင် ၁၂/လမန(နိုင်)၀၀၂၂၃၅သည် ဦးထွန်းဝင်း အမည်ပေါက် မြေချပါမစ် မြေပေ အကျယ်ပေ ၄၀×ပေ ၆၀အနက်မှ ပေ ၂၀×ပေ ၆၀အား အဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ဝင်းဝင်းနိုင်ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးထွန်းဝင်း အမည်ပေါက် မြေချပါမစ်မူရင်းမှာ ပျောက်ဆုံးနေပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်ဝင်းဝင်းနိုင်၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရပါ။ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညီညီဆင့်
LL.B, D.BL, D.I.L, DML, WIPO (Switzerland)
အထက်တန်းရှေ့နေ(စဉ်-၃၁၃၀၈)
အမှတ် (၃၁၅)၊ မင်းစေတီ (၁)လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရင်သွေးပျိုးခင်း(၁) တက္ကသိုလ်ဝင်တန်းတက်ရောက်နေသော ဦးဝင်းနိုင်၏သမီး မထက်ထက်ဇင်အား ယနေ့မှစ၍ မခင်ထက်ထက်ဇင်ဟု ဖြည့်စွက်ခေါ်ဆိုကြပါရန်။ **မခင်ထက်ထက်ဇင်**

တစ်ဦးတည်းဖြစ်ပါကြောင်း

နမ့်စန်မြို့နယ်၊ ဟိုက်ဖတ်ကျေးရွာနေ ဦးလေယျနှင့် ဦးဗီဇင်းရှိ ၁၃/နစန(နိုင်)၀၅၅၂၉၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးလေယျ(ခ)ဦးဗီဇင်းရှိ

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုရဲအောင် ၈/စတရ(နိုင်)၀၃၇၈၃၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-660139)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ကိုရဲအောင် ဖုန်း-၀၉-၂၆၂၉၅၅၆၈၉

တစ်ဦးတည်းဖြစ်ပါကြောင်း

နမ့်စန်မြို့နယ်၊ ဟိုက်ဖတ်ကျေးရွာနေ ဒေါ်မူလဲ့နှင့် ဒေါ်မောနီးကာ ၁၃/နစန(နိုင်) ၀၅၅၂၈၉သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်မူလဲ့(ခ)ဒေါ်မောနီးကာ

ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ထားခြင်းကြောင့် ပြည်သူများအဆင်ပြေ

တောင်ငူ စက်တင်ဘာ ၄

ပြည်သူ့ ဝန်ဆောင်မှုရုံးသည် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှုအလေ့အကျင့်များ ပြုစုပျိုးထောင်ပေးနိုင်ရန် ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအပေါ် အားကိုး ယုံကြည်မှုတိုးပွားလာစေရန်နှင့် ဝန်ထမ်းများနှင့်ဦးစီးဌာနများအလိုက် အပြန်အလှန် ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပြီး ပြည်သူ့ဝန်ဆောင်မှုရုံးသို့ လာရောက်သည့် ပြည်သူများ၏ စကားသံများကိုလည်း ကြားသိရသည်။

တောင်ငူမြို့ (၂၀) ရပ်ကွက် နတ်သျှင်နောင်လမ်းနေ ဦးဆန်းလွင်က "ကျွန်တော်က လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ လိုင်စင်ကိစ္စ ဒီရုံးမှာရှိတဲ့စည်ပင်မှာလာစုံစမ်းတာပါ။ စုပေါင်းရုံးဒီမှာ ဖွင့်ထားတယ်ဆိုတာ သတင်းစာမှာ ဖတ်လိုက်ရတယ်။ ကိုယ့်ဘက်က ဆိုင်ဖွင့်ဖို့ လိုင်စင်မှာ ဘာတွေလိုတယ် ဘာတွေ ပြင်ဆင်ရမလဲဆိုတာ ရှင်းပြလို့ သိခဲ့ရပါပြီ။ အဆင်ပြေပါတယ်။ ကျွန်တော့်ပတ်ဝန်းကျင်မှာ ရှိတဲ့ မိတ်ဆွေတွေကိုလည်း ဒီစုပေါင်းရုံးရဲ့ အကျိုးသက်ရောက်မှုအကြောင်းကို လက်ဆင့်ကမ်း ပြောကြားပေးသွားမှာပါ" ဟုပြောကြားသည်။

ထို့နောက် တောင်ငူမြို့ညောင်ပင်သာကျေးရွာအုပ်စု မိုးကောင်းကျေးရွာနေ ကိုထိုက်လင်းက "ကျွန်တော်က ဆိုင်ကယ်ဌားသွားပြီး ပြန်မပေးလို့ ဘယ်လိုလုပ်ဆောင် ရမလဲဆိုတာ ကျွန်တော့်အသိ တစ်ယောက်က ဒီရုံးမှာရဲတပ်ဖွဲ့ရှိတယ်။ သွားစုံစမ်းကြည့်ပါလားဆိုလို့လာတာပါ။ ဥပဒေလမ်းကြောင်း အတိုင်းဆောင်ရွက်ရမယ့် အချက်အလက်တွေကို တစ်ဆင့်ချင်းရှင်းပြပါတယ်။ ဒီမှာက ဌာနပေါင်းစုံရှိတော့ လိုအပ်တာကိုစုံစမ်းလို့ရတယ်။ အချိန်ကုန်သက်သာလို့ အဆင်ပြေပါတယ်"ဟု ပြောကြားသည်။ တောင်ငူမြို့ မင်းကြီးညို(၂၂)ရပ်ကွက်မှာနေသည့် အမျိုးသမီးတစ်ဦးက "ကျွန်မက မူကြိုကျောင်းဖွင့်ဖို့ လာစုံစမ်းတာပါ။ ကလေးသူငယ်နဲ့ပတ်သက်တော့ ကျန်းမာရေးကိစ္စတွေ၊ ပညာရေးကိစ္စတွေ စုံစမ်းရတာများတယ်လေ ဒီမှာက တစ်နေရာတည်းမှာတင် ပြီးသွားပြီ" ဟုပြောကြားသည်။

တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) သို့ စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲက ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်သည် ရည်ရွယ်ချက်လေးရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

မှုခင်းသတင်း

ဗီယက်နမ်နိုင်ငံသားထံ ငွေခြောက်လှန့်တောင်းသူများကို ဖမ်းဆီးအရေးယူ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်တွင်နေထိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဗီယက်နမ်နိုင်ငံသား Mr. Doan Nguyen Vong သည် ဇူလိုင် ၅ ရက် ည သန်းခေါင်ယံတွင် နေအိမ်တိုက်ခန်း၌ရှိနေစဉ် တံခါးခေါက်သံကြားသဖြင့် ဖွင့်ပေးရာ မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားသုံးဦးဝင်ရောက်လာပြီး စာရေးကိရိယာသုံးဓားနှင့် ပလတ်စတစ်သေနတ်တစ်လက်တို့ကိုကိုင်ဆောင် ခြောက်လှန့်၍ အမေရိကန်ဒေါ်လာတစ်သောင်း တောင်းသဖြင့် မြန်မာငွေကျပ် လေးသိန်းသာရှိကြောင်းပြောဆိုကာ ပေးခဲ့ရကြောင်း၊ ၄င်း၏ လက်နှစ်ဖက်အား ပိုက်ချည်ပလတ်စတစ်ကြိုးဖြင့်တုပ်ကာ ငွေများလိုက်လံရှာဖွေပြီး အိတ်အတွင်းမှ အမေရိကန်ဒေါ်လာ ၄၀၀ ကိုလည်း ထပ်မံယူဆောင်သွားကြောင်း၊ ထိုစဉ် ၄င်းမှ ရုန်းကန်ပြီး ပုလင်းဖြင့်ပစ်ပေါက်ခဲ့သဖြင့် အမျိုးသားတစ်ဦးအားထိမှန်ပြီး မျက်နှာဖုံးစွပ်မှာ ကျွတ်ကျသွားခဲ့ရာ ယခင်က ၄င်း၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်လုပ်ကိုင်ဖူးသူ အလုပ်သမား ကျော်ကျော်စိုးဖြစ်သည်ကို သိရှိခဲ့ရကြောင်း၊ စက်တင်ဘာ ၂ ရက်တွင် ကျော်ကျော်စိုးအား ပြန်လည်တွေ့ရှိ၍ အရေးယူပေးရန် ရန်ကင်းမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

တိုင်တန်းချက်အရ ရန်ကင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ သယံနိုးကျွန်းမြို့နယ်နေ ကျော်ကျော်စိုးနှင့် ရန်ကင်းမြို့နယ်နေ ကျော်ဇောတို့နှစ်ဦးအား ဖမ်းဆီးရမိပြီး ကျန်ပြစ်မှုကျူးလွန်သူ သန်းတင့်အောင်ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညပိုင်း လမ်းဖြတ်ကူးသူ ယာဉ်တိုက်ခံရ

ရန်ကုန် စက်တင်ဘာ ၄

စက်တင်ဘာ ၁ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် လမ်းမတော်မြို့နယ် အနော်ရထာလမ်းအတိုင်း အလုံမြို့နယ်ဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော အမှတ်/--- အမျိုးအစား (မသိ)ယာဉ်သည် ၇ လမ်းထိပ်အရောက်တွင် လမ်းဖြတ်ကူးသူ လှိုင်မြို့နယ် အုတ်ကျင်း(ကပရ) ဝင်းနေဦးတင့်လွင် (၄၈ နှစ်) ယာဉ်မောင်းနည်းပြ (ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန) အား ဝင်တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားသဖြင့် သက်ဆိုင်ရာက အမှုဖွင့်ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

◆ *ကျောဖုံးမှ*

ခန္ဓာမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် အကြံပြုအပ်ပါသည်။

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲတိုင်းထွာချက်အရ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

တရားမဝင် မြန်မာအလုပ်သမားများကို ထိုင်းက လွှဲပြောင်းပေးအပ်

တာချီလိတ် စက်တင်ဘာ ၄

ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာလူမျိုး အမျိုးသား ၆၆၉၄ ဦး ၊ အမျိုးသမီး ၂၅၁၀ စုစုပေါင်း ၉၁၅၉ ဦးကို ငါးနှစ်ကာအတွင်း ထိုင်းနိုင်ငံမှ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)တွင် လာရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ သိရသည်။ ထိုသို့ လာရောက်လွှဲပြောင်းပေးရာတွင် စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲက ခရိုင်၊ မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များထံသို့ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက တရားမဝင် မြန်မာအလုပ်သမား အမျိုးသား ၂၃ ဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၂၇ ဦးတို့ကို လာရောက်လွှဲပြောင်း ပေးအပ်ခဲ့သည်။

အဆိုပါလွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား ၂၇ ဦး တို့ကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတား အမှတ်(၁)မှ တံတားကူးလက်မှတ်ဖြင့်ဝင်ရောက်ပြီး တရားမဝင်နေထိုင် အလုပ်လုပ်ကိုင်ခြင်းကြောင့် ရှောင်တခင် စစ်ဆေးချက်အရ ဖမ်းဆီးခံရပြီး ၄င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ ၄င်းတို့အား အခကြေးငွေရယူကာ စည်းရုံးပို့ဆောင်ပေးသူများမရှိဘဲ ၄င်းတို့၏သဘောအလျောက် ကိုယ်တိုင်သွားရောက် အလုပ်ရှာဖွေ လုပ်ကိုင်နေကြသူများဖြစ်ကြောင်းသိရ၍ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၄င်းတို့၏ ဆွေမျိုးများထံ မွန်းလွဲ ၂ နာရီခွဲက ခံဝန်ဖြင့် အပ်နှံခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အဘာဘိုးပင်းခေါင်မွဲ သို့ရှေကြေးစည်
Sep 26,28,29 ထွက်မည်
▲ အဘာထွက်ပွဲ၊ ပုပ္ပါး ညအိပ်။
▲ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (ငွေယိတော်လေးဆူ)၊ ပခုက္ကူ။
▲ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့။
▲ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကတ္တူ၊ ထမ့်ဆမ်းဂူ။
▲ ပြည်ဘုရားစုံ၊ အကောက်တောင်၊ ဓပါင်းတည်ငွေယိတော်ပွဲ(နေ့ချင်းပြန်)
ပန်းဆိုးတန်း 01-240860,01-372290 ခေါ်ဝိုက် 09-49282825 ကမကြည် 09421029191

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သင်္ဂါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (၀/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြီး ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
စက်တင်ဘာ (၂/၃/၅)ရက်နေ (၀/ဒ)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ဝန်းသိုမြို့နယ်၊ အထကဝန်းသို့ တက္ကသိုလ်ဝင်တန်း (A)မှ မလုမျိုးသူ၏ မိခင်အမည်မှန်မှာ ခေါ်ဖြူ ၅/ဝသန(နိုင်)၀၄၄၉၀ ဖြစ်ပါသည်။

ခေါ်ဖြူ

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မကျီးအုပ်ရပ်နေ ဦးပိန်(ခ)ဦးကာစင်၏ သမီး ခေါ်ချို ၉/သစန(နိုင်)၀၁၀၀၄နှင့် ခေါ်ပုချိုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ခေါ်ချို(ခ)ခေါ်ပုချို

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်သီဟဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ဖြစ်ပါကြောင်း။

ဦးအောင်မြင့်
၇/၃ဥန(နိုင်)၀၂၇၆၃၁

အမည်မှန်

ဦးအောင်ကြည်၏သမီး ကန့်ဘလူမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မနန်းနန်းမိုး၏ အမည်မှန်မှာ မနီနီနန်းမိုး ၅/ကဘလ(နိုင်)၂၀၆၃၉၅ ဖြစ်ပါသည်။

မနီနီနန်းမိုး

သတ္တမအကြိမ်မြတ်ဆရာပူဇော်ကန်တော့ပွဲ

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား/သူဟောင်းများ၏ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို (၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်) ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်၊ (တနင်္ဂနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပူဇော်ခံ ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများအား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီ

ဆက်သွယ်ရန်
ဦးပါလေး ဖုန်း-၀၉-၉၇၁၇၈၉၁၃၊ ၀၉-၇၈၀၄၃၄၇၇
ဦးပန်ချိန် ဖုန်း-၀၉-၄၅၀၀၃၇၈၀၃၊ ၀၉-၄၉၈၅၇၀၄၃
ဦးသောင်းရှိန် ဖုန်း-၀၉-၂၅၅၈၂၅၉၇

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
NATIONAL MANAGEMENT COLLEGE
ဒီပလိုမာသင်တန်းများအတွက်သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Winner Computer Group တို့ ပူးပေါင်းပြီး အောက်ပါဒီပလိုမာသင်တန်း အမှတ်စဉ်(၃၂)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ သင်တန်းအမည်
(က) Diploma in Information Communication Technology အမှတ်စဉ်(၃၂)
(ခ) Diploma in Software Engineering အမှတ်စဉ်(၃၂)
(ဂ) Diploma in Hardware Engineering အမှတ်စဉ်(၃၂)
(ဃ) Diploma in Network Engineering အမှတ်စဉ်(၃၂)

၂။ အနိမ့်ဆုံးပညာအရည်အချင်း-တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆို/အောင်မြင်ပြီးသူများဖြစ်ရမည်။

၃။ **သင်တန်းကာလ** - (၁)နှစ်

၄။ **စတင်ဖွင့်လှစ်မည့်ရက်** - ၁၂ ရက် စက်တင်ဘာ ၂၀၁၅
(သင်တန်းစတင်လက်ခံနေပြီ)

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၃၃၁၊ ၀၁-၇၀၃၂၃၀၊ ၀၉-၂၆၀၉၂၁၂၈၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

ဦးရဲမင်းမိုင်(သင်္ချာ)နှင့် ဘာသာစုံသင်တန်း
၁၀တန်း ဘာသာစုံမိုင်း ညနေ(၅း၀၀-၇း၀၀) နေ့လယ်(၂း၀၀-၅း၀၀)
၈တန်း၊ ၁၀တန်း (သင်္ချာ၊အင်္ဂလိပ်စာ)စနေ-တနင်္ဂနွေ နှင့် ကြားရက်
၁၆၅(ပထမ)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ဝဇ္ဇရုဒ ဒေသ၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၂၅

ဦးကျော်ဝင်းနိုင် နှင့် ဦးဇေယျာလင်း
တရားလို **တရားပြိုင်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ အာသာဝတီ (၃)လမ်း၊ (၂)ရပ်ကွက်၊ အမှတ် ၃၅ (ယခုနေရပ်လိပ်စာမသိ) ဦးဇေယျာလင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက နစ်နာဆုံးရှုံးသည့်ငွေများရလိမ္မ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၁ရက် (၁၃၇၇ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ဤရုံးတံဆိပ်ကပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဌေးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

MEC ၏ရွှေမေတ္တာအစီအစဉ်ကိုပြောင်းလဲရယူသူနည်းနေ

သူရဖြိုး

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ MEC ဖုန်းအသုံးပြုသူများအတွက် ဖုန်းပြောခနှင့် အင်တာနက်အသုံးပြုမှု ဒေတာ Plan သစ်များပါဝင်သည့် ရွှေမေတ္တာအစီအစဉ်သစ်ကို ဩဂုတ် ၁၈ ရက်က စတင်ခဲ့သော်လည်း အသုံးပြုသူများအနေဖြင့် အကြိုက်တွေ့မှုနည်းနေပြီး အများစုမှာ ပုံမှန်အတိုင်းသာ ဆက်သုံးနေကြကြောင်း MEC ဖုန်းအသုံးပြုသူများထံမှ သိရသည်။

MEC သည် ဖုန်းခေါ်ဆိုခများကို MEC အချင်းချင်း တစ်မိနစ် ၂၂ ကျပ်နှင့် အခြားဖုန်းများသို့ ၂၃ ကျပ်နှုန်း၊ အင်တာနက်သုံးခကို တစ်မိနစ်လျှင် လေးကျပ်မှ သုံးကျပ်နှုန်းများသို့ ဩဂုတ် ၁၂ ရက်က လျှော့ချပေးခဲ့ပြီး MEC ဖုန်း သုံးနေသူတို့အတွက် များစွာအဆင်ပြေခဲ့သည်။ ရွှေမေတ္တာအစီအစဉ်ကို ဩဂုတ် ၁၈ ရက်တွင် ထပ်မံကြော်ငြာခဲ့ပြီး MEC ဖုန်းသုံးသူများအနေဖြင့် ရွှေမေတ္တာအစီအစဉ်ကို ရယူပါက MECအချင်းချင်း ၂၁ ကျပ်နှုန်းနှင့် အခြားဖုန်းများသို့ ၂၂ ကျပ်နှုန်းဖြင့် ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်ကာ မက်ဆေ့တစ်စောင်လျှင် ၁၅ ကျပ်နှုန်းဖြစ်သည်။ သို့သော် အင်တာနက်အသုံးပြုခမှာမူ မိနစ်အလိုက်ကောက်ခံသည့်ပုံစံမှ အသုံးပြုသော ဒေတာပမာဏအလိုက် ကောက်ခံသည့်ပုံစံသို့ ပြောင်းသွားမည်ဖြစ်ကာ တစ်မဂ္ဂါဘိုက်လျှင် ခြောက်ကျပ်ကျသင့်မည်ဖြစ်သည်။

"စျေးပိုသက်သာမယ့် ရွှေမေတ္တာပလန်ကို ရယူနိုင်တယ်ဆိုပြီး ဩဂုတ် ၁၈ရက်မှာမက်ဆေ့ချ်ပို့တယ်။ ဒါပေမယ့် လက်ရှိနှုန်းကနေ ဘယ်လောက်နှုန်းကို လျှော့မှာလဲ ဆိုတာမျိုး အသေးစိတ်တွေမပါလို့ မယူဖြစ်ဘူး။ နောက်တော့ ရွှေမေတ္တာပလန်အကြောင်း အွန်လိုင်းမှာ ဖတ်ကြည့်တော့ ဖုန်းပြောခမှာ တစ်မိနစ်ကို တစ်ကျပ်စီလောက် လျှော့သွားပေမယ့် အင်တာနက်သုံးခကိုကျတော့ ဒေတာနဲ့ကောက်မှာဆိုတော့ ပြောင်းမသုံးဖြစ်တော့ဘူး" ဟု MEC ဖုန်းကို အသုံးပြုနေသူတစ်ဦးက ပြောသည်။

ရွှေမေတ္တာအစီအစဉ်ကို ရယူရန်အတွက် နံပါတ် ၂၃၃ သို့ SMT ဟု မက်ဆေ့ချ်ပို့၍ ရယူနိုင်ပြီး ရယူပြီးသည့် အစီအစဉ်ကို ပြန်ပိတ်လိုပါက နံပါတ် ၂၃၃ သို့ UNSMT ဟု မက်ဆေ့ချ်ပို့၍ ပြန်ပိတ်နိုင်သည်။

ရွှေမေတ္တာအစီအစဉ်တွင် ပုံမှန်အင်တာနက်အသုံးပြုခမှာ တစ်မဂ္ဂါဘိုက်လျှင် ခြောက်ကျပ်ဖြစ်သော်လည်း ဖုန်းပြောခနှင့် အင်တာနက်သုံးခ ပို၍စျေးသက်သာသည့် Silver, Gold နှင့် Diamond လစဉ် Package Plan သုံးခုကိုလည်း ထပ်မံရယူနိုင်ကြောင်း သိရသည်။ Silver Plan အတွက် တစ်လလျှင် ကျပ်ခြောက်ထောင်ကျသင့်ပြီး တစ်လအတွင်း ဖုန်းပြောဆိုချိန် ၂၇၀ မိနစ်၊

အင်တာနက်အသုံးပြုသည့်ပမာဏ ၁၀၀ မဂ္ဂါဘိုက်နှင့် မက်ဆေ့ချ်အစောင် ၃၀မေးပို့ခြင်းတို့ကို ရရှိမည်ဖြစ်သည်။ Gold Plan အတွက် တစ်လလျှင် ကျပ်တစ်သောင်းကျသင့်ပြီး ဖုန်းခေါ်ဆိုချိန် ၄၅၀ မိနစ်၊ အင်တာနက် ၂၀၀ မဂ္ဂါဘိုက်နှင့်မက်ဆေ့ချ်အစောင် ၆၀ ပေးပို့ခြင်းတို့ကို တစ်လအတွင်း အသုံးပြုနိုင်မည်ဖြစ်သည်။ Diamond Plan အတွက် တစ်လလျှင် ကျပ်နှစ်သောင်းကျသင့်ပြီး ဖုန်းခေါ်ဆိုချိန် မိနစ် ၉၀၀၊ အင်တာနက်အသုံးပြုမှု ၄၅၀ မဂ္ဂါဘိုက်နှင့် မက်ဆေ့ချ်အစောင် ၁၀၀ ပေးပို့ခြင်းတို့ကို တစ်လအတွင်း သုံးနိုင်မည်ဖြစ်သည်။

ထို့အပြင် Gold Plan ကို ယူပါက ဖုန်းခေါ်ဆိုခကို ၂၁ ကျပ်နှုန်းနှင့် အင်တာနက်သုံးခကို တစ်မဂ္ဂါဘိုက်လျှင် ငါးကျပ်နှုန်းဖြင့် ရရှိမည်ဖြစ်ပြီး Dimond Plan ကိုယူပါက ဖုန်းခေါ်ဆိုခမှာ တစ်မိနစ် ၂၀ ကျပ်နှင့် အင်တာနက် သုံးခမှာ တစ်မဂ္ဂါဘိုက်လျှင် လေးကျပ်နှုန်းအထိ လျှော့ကျမည်ဖြစ်ကြောင်းလည်း ရွှေမေတ္တာအင်တာနက် အစီအစဉ်တွင် ဖော်ပြထားချက်အရ သိရသည်။ အဆိုပါ အစီအစဉ်များကိုလည်း နံပါတ် ၂၃၃ သို့ မက်ဆေ့ချ်ပို့၍ ရယူနိုင်ပြီး Silver Plan အတွက် SMTS, Gold Plan အတွက် SMTG နှင့် Diamond Plan အတွက် SMTDဟု မက်ဆေ့ချ်ပို့ရမည်ဖြစ်သည်။

လအလိုက်အစီအစဉ်များအပြင် အင်တာနက် အသုံးပြုမှုပမာဏအလိုက် 100 MB, 500 MB, 1GB နှင့် 2GB အစီအစဉ်လေးမျိုးကိုလည်း ၅၅၀ ကျပ်၊ ၂၇၅၀ ကျပ်၊ ၅၃၀၀ ကျပ်နှင့် တစ်သောင်းကျပ်နှုန်းများဖြင့် ရယူနိုင်ကြောင်း သိရသည်။

"အင်တာနက်သုံးခက ပလန်တွေနဲ့သုံးရင်တော့ လေးကျပ်လောက်ပဲကျလို့ မဆိုးဘူးလို့ ပြောလို့ရတယ်။ လိုင်းကတော့ နေးမလား မြန်မလား မသိဘူး။ ကြော်ငြာထဲမှာတော့ Bandwidth က 2MBps ဆိုတော့ တကယ်တမ်းမှာ ဒါထက်လျော့ဖို့ပဲရှိတယ်။ ဒေါင်းလုပ်တွေဆွဲမယ်ဆိုရင် အဆင်ပြေမှာမဟုတ်ဘူး။ ပြီးတော့ မြန်မာနိုင်ငံမှာ လူများစုက မိနစ်အလိုက် ပိုက်ဆံဖြတ်တာကိုပဲ ပိုနားလည်ပြီး ပိုသဘောကျတာ။ ဒါကြောင့် ကျွန်တော် သိသလောက်တော့ တော်တော်များများက ပြောင်းမသုံးကြဘူး"ဟု MEC ဖုန်းသုံးသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ပြည်တွင်းအော်ပရေတာများဖြစ်သော တယ်လီနော၏ အင်တာနက်အသုံးပြုခမှာ ပုံမှန် တစ်မဂ္ဂါဘိုက်လျှင် ငါးကျပ်နှုန်းနှင့် စမတ်အင်တာနက် အစီအစဉ်က ခြောက်ကျပ်နှုန်း ကျသင့်ပြီး အော်ရီဇူး၏ ပုံမှန်အင်တာနက်သုံးခမှာ တစ်မဂ္ဂါဘိုက်လျှင် ခြောက်ကျပ်နှုန်းဖြစ်သည်။ သို့သော် အော်ရီဇူး၏ အင်တာနက် Package အစီအစဉ်များနှင့် အပိုပေးသည့် အစီအစဉ်များကြောင့် တစ်မဂ္ဂါဘိုက်လျှင် သုံးကျပ်ခန့်သာ ကျသင့်ပြီး လိုင်းလည်းကောင်းသဖြင့် အော်ရီဇူး၏ အင်တာနက်မှာ လက်ရှိတွင် လူကြိုက်အများဆုံးဖြစ်နေသည်။

MPT ၏ ဆွေသဟာက ပုံမှန် တစ်မဂ္ဂါဘိုက်လျှင် ၇ ကျပ်ခွဲနှုန်းဖြစ်ကာ ၆ ကျပ်ခွဲနှုန်းအထိ ရနိုင်သော ပလန်များရှိပြီး မိနစ်အလိုက်ကောက်ခံမှုမှာ တစ်မိနစ်လျှင် နှစ်ကျပ်နှုန်းဖြစ်သည်။ MEC ၏ အင်တာနက်သုံးခ ကောက်ခံမှုမှာ ယခုရွှေမေတ္တာအစီအစဉ်အရ တစ်မဂ္ဂါဘိုက်လျှင် ခြောက်ကျပ်၊ ငါးကျပ်နှင့် လေးကျပ်နှုန်းများဖြစ်ပြီး မိနစ်အလိုက်ကောက်ခံမှုမှာ တစ်မိနစ်လျှင် သုံးကျပ်ဖြစ်သည်။ MEC ၏ အင်တာနက်လိုင်းမှာ ယခင်က အတော်အသင့် ကောင်းခဲ့သော်လည်း ရွှေမေတ္တာ အစီအစဉ်ကို စတင်မိတ်မဆက်မီ ဩဂုတ်လဆန်းပိုင်းမှ စ၍ ယခုနောက်ပိုင်းတွင် အင်တာနက်လိုင်းများ နှေးလာကြောင်းလည်း MEC ကို အသုံးပြုနေကြသူများ၏ ပြောကြားချက်များအရ သိရသည်။ ။

Hacking နည်းပညာနှင့် သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ သင်တန်းဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ Hacking နည်းပညာရပ်များကို စိတ်ဝင်စားသော မြန်မာလူငယ်များအတွက် Today Hacking Technologies (Offensive Vs Defensive Security) and Countermeasures သင်တန်းကို စက်တင်ဘာ ၁၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို Hacking နည်းပညာဆိုင်ရာ Offensive နှင့် Defensive Security များကို နားလည်ပိုင်နိုင်သော IT Security Professional များ ပိုမိုပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ နည်းပညာရပ်များ (Information Security)ကို စိတ်ဝင်စားသူများ၊ ပြည်တွင်း၊ ပြည်ပမှ နည်းပညာကုမ္ဏီကြီးများမှ နည်းပညာလုံခြုံရေးနယ်ပယ်တွင် လက်တွေ့ကိုင်တွယ် ထိန်းချုပ်နိုင်လိုသူများ တက်ရောက်သင့်သော သင်တန်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် အဓိကဘာသာရပ်များအနေဖြင့် Ethical Hacking၊ Hacking Technologies၊ Mobile Hacking၊ Security Policies၊ Social Engineering စသည်တို့ပါဝင်ကာ နောက်ဆုံးပေါ် Hacking နည်းပညာရပ်များ၊ Threats များ၊ Policies and Planning၊ Countermeasure စနစ်များကို Module တစ်ခုချင်းစီအလိုက် စာတွေ့၊ လက်တွေ့စနစ်တကျ သင်ကြားရမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် စက်တင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ MCPA ရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ သို့ စုံစမ်းနိုင်ကြောင်း

သိရသည်။

သင်တန်းကာလအနေဖြင့် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ တစ်ပတ်လျှင် နှစ်ရက်၊ တစ်ရက် သုံးနာရီကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်သုံးသိန်းဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းဝင်များအနေဖြင့် ကျပ်တစ်သိန်းခွဲဖြင့် တက်ရောက်နိုင်မည်ဖြစ်သည်။ သင်တန်းသားဦးရေ ၁၈ ဦးသာ လက်ခံသင်ကြားမည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးဆုံးပါက နိုင်ငံတကာအသိအမှတ်ပြု EC COUNCIL (USA) မှ ချီးမြှင့်သည့် ENSA နှင့် CEH ဘာသာရပ်များ ဝင်ရောက်ဖြေနိုင်ရန် လေ့ကျင့်ပြင်ဆင်ပြီးသားဖြစ်စေမည်ဖြစ်ပြီး သတင်းအချက်အလက်နှင့် နည်းပညာလုံခြုံရေးလုပ်ငန်းနယ်ပယ်များတွင် Security Professional များအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်အသုံးပြုမှုများ တွင်ကျယ်လာသည်နှင့်အမျှ သတင်းအချက်အလက်လုံခြုံရေးသည် အထူးအရေးပေးဆောင်ရွက်ရန် ကိစ္စတစ်ရပ်ဖြစ်လာလျက်ရှိရာ မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံတကာမှ အဆင့်မြင့်လုပ်ငန်းခွင်များတွင် သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများကို လိုအပ်ချက်မြင့်မားလာပြီး၊ ရာထူး၊ လစာ အခွင့်အလမ်းကောင်းများဖြင့် ခေါ်ဆိုမှုများ များပြားလာလျက်ရှိသည်။ **သူရဖြိုး**

တစ်နာရီပုန်းပြောခြင်းအတွက် ငါးမိနစ်စာသာပေးရမည့် အစီအစဉ်သစ်ကို MPT မှ ပြုလုပ်ထား

ရန်ကုန် စက်တင်ဘာ ၄

MPT ၏ ဆွေသဟာအစီအစဉ်ကို သုံးစွဲနေသူများအနေဖြင့် တစ်နာရီဆက်တိုက် ဖုန်းခေါ်ဆိုတိုင်း ပထမ ၅ မိနစ်အတွက်သာ ခေါ်ဆိုခပေးရပြီး ကျန် ၅၅ မိနစ်ကို အခမဲ့ပြောနိုင်မည့် "၁ နာရီမှာ ၅ မိနစ်စာ" အထူးအစီအစဉ်ကို MPT က ဩဂုတ် ၂၈ ရက်မှ စတင်ပြုလုပ်ထားပြီး ဆွေသဟာအသုံးပြုနေသူများအနေဖြင့် ထပ်မံလျှောက်ထားစရာမလိုဘဲ သုံးနိုင်ကြောင်း သိရသည်။

ထိုအစီအစဉ်အရ ဖုန်းခေါ်ဆိုသူများအနေဖြင့် ဖုန်းတစ်ကြိမ်ခေါ်ဆိုပါက ပထမဆုံး ၅ မိနစ်အတွက်သာ တစ်မိနစ် ၂၃ ကျပ်နှုန်းဖြင့် ပေးဆောင်ရမည်ဖြစ်ပြီး တစ်နာရီအတွင်း ကျန်ခေါ်ဆိုချိန် ၅၅ မိနစ်ကို အခမဲ့ရရှိမည်ဖြစ်ကာ တစ်နာရီထက်ကျော်လွန်ပါက မူလသတ်မှတ်စျေးနှုန်းဖြစ်သည့် တစ်မိနစ် ၂၃ ကျပ်ဖြင့် ဆက်လက်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်အရ တစ်နာရီဆက်တိုက် ဖုန်းပြောခြင်းအတွက် ၁၁၅ ကျပ်သာ ကျသင့်တော့မည်ဖြစ်ရာ ဖုန်းကို အချိန်အနည်းငယ်ဖြင့် အကြိမ်ရေများများပြောသူများအတွက် အဆိုပါအစီအစဉ်က ထူးခြားမှုမရှိသော်လည်း အချိန်ကြာမြင့်စွာ ဖုန်းပြောသူများအတွက် များစွာအဆင်ပြေစေမည်ဖြစ်သည်။

၁ နာရီမှာ ၅ မိနစ်စာအထူးအစီအစဉ်ကို အမြဲတမ်းအတွက် သတ်မှတ်ခြင်းမဟုတ်ဘဲ စက်တင်ဘာလကုန်အထိသာ သတ်မှတ်ထားခြင်းဖြစ်ကြောင်းနှင့် MPT နံပါတ်အချင်းချင်းသာ ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်းသိရသည်။ အချိန်သတ်မှတ်ချက်အရ နေ့စဉ် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ လေးနာရီအတွင်း ၅၅ မိနစ် အခမဲ့အစီအစဉ်ကို ရရှိမည်မဟုတ်ဘဲ ပုံမှန်နှုန်းထားဖြစ်သည့် တစ်မိနစ် ၂၃ ကျပ် ကျသင့်မည်ဖြစ်ကာ ကျန်အချိန်များတွင်မူ အကြိမ်အရေအတွက် ကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။ **သူရဖြိုး**

Cisco နည်းပညာ၏ Learning Partner ဆုကို မြန်မာနိုင်ငံမှ ကွန်ပျူတာသင်တန်းတစ်ခုရရှိ

ရန်ကုန် စက်တင်ဘာ ၄

အမေရိကန်နည်းပညာကုမ္ဏီကြီးတစ်ခုဖြစ်သည့် Cisco ၏ APJC Learning Partner ဆုကို မြန်မာနိုင်ငံရှိ ကွန်ပျူတာနည်းပညာသင်တန်းတစ်ခုဖြစ်သော Youth Computer က ဩဂုတ် ၂၃ ရက်က ရရှိခဲ့ကြောင်း သိရသည်။

Youth Computer သည် မြန်မာနိုင်ငံ၏ ပထမဆုံး Cisco Learning Partner လည်းဖြစ်ပြီး ယခုရရှိသည့်ဆုမှာ Cisco APJC Learning Partner- Top Rookie 2015 ဆုကို ရရှိခြင်းဖြစ်သည်။ Cisco APJC သည် (Asia, Pacific, Japan, Greater China)ဒေသအတွင်းရှိ နိုင်ငံများမှ Cisco အသိအမှတ်ပြု သင်တန်းများအနက် ဆုရရှိသူများကို ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ Youth Computer က ဆုရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ Cisco APJC ဆုပေးပွဲကို စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့ပြီး Youth Computer မှ Managing Director ဆရာဦးဇော်လင်းက စင်ကာပူနိုင်ငံသို့ သွားရောက်လက်ခံရယူခဲ့ကြောင်း သိရသည်။ ဆုပေးပွဲတွင် ဩစတြေးလျ၊ ထိုင်ဝမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အိန္ဒိယနှင့် ထိုင်းတို့မှ ဆုရရှိသူများကိုလည်း ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။Youth Computer သင်တန်းတွင် Practical A+, နက်ဝပ်အင်ဂျင်နီယာ၊ Cisco ဘာသာရပ်များနှင့် နိုင်ငံတကာ ကွန်ပျူတာဘွဲ့ရယူနိုင်မည့် HND Diploma in Computing သင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

သူရဖြိုး

ပျက်စီးခဲ့သော မိုးစပါးခင်းများ ပြန်လည်စိုက်ပျိုးပြီးစီး

အင်းတော် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာတွင် မိုးသည်းထန်ခြင်းကြောင့် ပျက်စီးခဲ့သော မိုးစပါးစိုက်လယ်မြေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးထားရှိမှုနှင့် ပျက်စီးခဲ့သော ရေလွှဲဆည်ကို ပြန်လည်ပြင်ဆင်ထားမှု အခြေအနေများကို အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူးတို့ သြဂုတ် ၃၁ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမင်းအောင်နှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးတင်မျိုးဆွေနှင့် ဦးတင်မွေ့အောင်တို့က မိုးသည်းထန်စွာ ရွာခြင်းကြောင့် ပျက်စီးခဲ့သော သံလမ်းတံတားအောက် ရေလွှဲဆည် ပြန်လည်ပြင်ဆင်မှုများနှင့် ဥယာဉ်စုရွာ အနောက်ကွင်းအတွင်းရှိ ပျက်စီးလယ်မြေများတွင် မိုးစပါးများ ပြန်လည်စိုက်ပျိုးပြီးစီးမှုများကို ကြည့်ရှုခဲ့ခြင်းဖြစ်သည်။

အင်းတော် မြို့နယ်တွင် ၂၀၁၅- ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီအတွင်းဧက ၅၁၃၃၀ စိုက်ပျိုးရန် လျာထားပြီး စက်တင်ဘာ ၂ ရက် အထိ ၄၉၉၃၈ ဧကကို စိုက်ပျိုးထားပြီးကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးရုံးဌာနမှ သိရသည်။

ငွေအိုး(ကသာ)

လူကုန်ကူးမှု အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

လွယ်ဂျယ် စက်တင်ဘာ ၄

စက်တင်ဘာ ၁၃ရက်တွင် ကျရောက်မည့် တတိယအကြိမ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုလှုပ်ရှားမှုအနေဖြင့် အများပြည်သူ ပညာပေးမြေစိုက်ပိုစတာ စိုက်ထူခြင်းအခမ်းအနားကို သြဂုတ် ၂၈ ရက်က လွယ်ဂျယ်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပရာ လူကုန်တားစိတ် (၂) လွယ်ဂျယ်မှ ရဲမှူးအောင်လွင် ဦးစီးသောတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဦးစီးမှူးများ၊ မြို့မိမြို့ဖများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

ရင်ဇြိမ်းပန်း(လွယ်ဂျယ်)

ပြည်သူ့ဝန်ဆောင်မှုရုံး တောင်ကုတ်၌ဖွင့်

သံတွဲ စက်တင်ဘာ ၄

ပြည်သူ့ဝန်ဆောင်မှု (One Stop Shop) ရုံးကို သြဂုတ်လ နောက်ဆုံးပတ်က တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးစာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းစည်းဌာန ခုနှစ်ခုဖြင့် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ကို ထပ်မံဖြည့်စွက်၍ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးများ၌ ပါဝင်သည့်ဌာနခုနစ်ခုသည် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို အချိန်ကြန့်ကြာမှုမရှိစေပဲတစ်နေရာတည်းတွင် (One Stop Shops)အဖြစ်အသီးသီး တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်သူရ (ပြန်/ဆက်)**

ကလေးနှင့် တမူးဒေသများမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

ကလေး စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ထိုမာကျေးရွာနှင့် တမူးမြို့နယ် မင်းသမီးကျေးရွာများမှ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က စက်တင်ဘာ ၂ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များသည် ထိုမာကျေးရွာ၌ ရွာဦးကျောင်းဆရာတော်အား ဆွမ်းဆန်တော် ၂၀ အိတ်၊ အလှူငွေကျပ်တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်တပ်လှူဒါန်းခဲ့သည်။ ယင်းနောက် အဆိုပါကျေးရွာမှ မီးဖွားခါနီးကိုယ်ဝန်ဆောင် မိခင် ၁၀ ဦးအတွက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့သည့် ကိုယ်ဝန်ဆောင်မိခင်သုံးပစ္စည်းထုပ်များနှင့် အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ ဒေသခံပြည်သူများအတွက် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံးနှင့် အဖွဲ့ဝင်များသည် တမူးမြို့နယ် မင်းသမီးကျေးရွာ သွားရောက်ခဲ့ပြီး မီးဖွားခါနီး ကိုယ်ဝန်ဆောင်မိခင် ၁၀ ဦးအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့သည့် ကိုယ်ဝန်ဆောင်မိခင်သုံးပစ္စည်းထုပ်များနှင့် အာဟာရပစ္စည်းများ၊ ကျေးရွာနေပြည်သူများအတွက် ခြင်ထောင်နှင့် အဝတ်အထည်များ၊ ကျောင်းသား ကျောင်းသူများအတွက် ထီးနှင့် ကွန်ပါဘူးများကို ထောက်ပံ့ပေးအပ်ပြီး ရေဘေးကယ်ဆယ်ရေးစခန်းရှိ ယာယီဆေးပေးခန်း၌ သက်ကြီးဘိုးဘွားကိုးဦးအတွက် ထောက်ပံ့ငွေနှင့် အာဟာရပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

လုပ်ငန်းခွင်ထိခိုက်ရှရှိသည့် လူမှုဖူလုံရေးခံစားခွင့်ကို ကျန်ရစ်သူမိသားစုအားပေးအပ်

ဒိုက်ဦး စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သြဂုတ် ၃၀ ရက်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ငွေလုံးငွေရင်းအကျိုးခံစားခွင့် တစ်လုံးတည်းပေးသည့် အခမ်းအနားကို ကျင်းပသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အမှာစကားပြောကြားပြီး ဒိုက်ဦးမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသော မြို့နယ်စည်ပင်သာယာရေးမှ အာမခံအလုပ်သမားဦးမြင့်ကြည်၏ ကျန်ရစ်သူမိသားစုအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အညီ နာရေးစရိတ်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေကျပ် ၃၃၃၆၉၀၀ ကို ထုတ်ပေးခဲ့သည်။ ကျန်ရစ်သူမိသားစု၏ကိုယ်စား မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက ကျေးဇူးတင်စကားပြောကြားပြီးနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ **ငွေးစု(ပြန်/ဆက်)**

စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

တောင်ကြီး စက်တင်ဘာ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် USAIDတို့ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို တောင်ကြီးဟိုတယ်၌ သြဂုတ် ၃၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က မြန်မာနိုင်ငံတွင် စားသုံးသူ အခွင့်အလမ်းများကာကွယ်နိုင်ရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာကျွမ်းကျင်သူများထံမှ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ ရှုထောင့်အမြင်များကို လေ့လာသင်ယူနိုင်စေရန်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စားသုံးသူများ၏ အခွင့်အလမ်းများကို ထိရောက်စွာ ကာကွယ်နိုင်ရန် အမှာစကားပြောကြားသည်။

ထို့နောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးထိုက်က Overview of the New Law on Consumer Protection and plans for Implementaion ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးပြောကြားသည်။

စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ USAID မှ Head Economist Mr.Dan Swift၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြို့နယ်အတွင်းမှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

စိုင်းသန်းကျော်(တောင်ကြီး)

ပျဉ်းမနားမြို့နယ်အတွင်း မိုးစပါးစိုက်ခင်းများသို့ ကွင်းဆင်းပညာပေး

နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပြူတွင်းကျေးရွာအုပ်စုအတွင်းရှိ မိုးစပါးစိုက်ခင်းများတွင် စပါးအထွက်တိုးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက စပါးစိုက်တောင်သူများအား စက်တင်ဘာ ၂ ရက်က ကွင်းဆင်းပညာပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦးနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးလှငြိမ်းတို့ ဦးဆောင်ပြီး သီးနှံကာကွယ်ရေးအဖွဲ့များ၊ မြေအသုံးချရေးအဖွဲ့များနှင့် မျိုးစေ့ဌာနခွဲများမှ ဝန်ထမ်းများက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ စပါးအထွက်နှုန်းတိုးရေး နည်းလမ်းများ၊ မိုးစပါးများတွင် အများဆုံးကျရောက်တတ်သည့် အဝါရောင်ဆစ်ပိုး၊ ဖြူတ်ပိုး၊ ရွက်လိပ်ရွက်ကပ်ပိုးများ ကာကွယ်နည်းနှင့် ရွက်စင်းရောဂါနှင့် ရွက်ခြောက်ရောဂါများ၏ ဖျက်ဆီးမှုလက္ခဏာများ၊ ပိုးသတ်ဆေးစနစ်တကျ အသုံးပြုနည်း၊ ဓာတ်မြေသြဇာများကို အချိုးအစားမှန်ကန်စွာဖြင့် အချိန်ကိုက် အသုံးပြုနည်း၊ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းစသည့်အကြောင်းအရာများကို တောင်သူများအား အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကာရန်ခ

သတင်းတိုများ

သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက်ခြင်ဆေးဖျန်း

မကွေးတိုင်းဒေသကြီး မြိုင်မြို့၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ဦးဆောင်မှုဖြင့် ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်ရေးအတွက် စာသင်ကျောင်းများ၌ ခြင်ဆေး ဖျန်းခြင်းများကို သြဂုတ်နောက်ဆုံးပတ်အတွင်းက ဆောင်ရွက်ခဲ့ရာ မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းနှင့် စည်ပင်သာယာရုံးများတွင် ခြင်ဆေးများဖျန်းခဲ့ကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

ရှေကော့သောင်းခရီးသည်တင်ယာဉ်ငယ်လိုင်းသစ်ဖွင့်

ကော့သောင်းမြို့ ဘုတ်ပြင်းမြို့နှင့် မြတ်မြို့များသို့ ပြေးဆွဲမည့် ရှေကော့သောင်း ခရီးသည်တင်ယာဉ်ငယ်လိုင်းသစ်ဖွင့်ပွဲကို သြဂုတ် ၃၁ ရက်က ကော့သောင်းမြို့၌ ကျင်းပရာ ကော့သောင်းမြို့နယ် ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာနမှ ဦးညီညီနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဦးစီးဌာနမှျား ဦးမြင့်မော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဒေသအတွင်း ခရီးသွားပြည်သူများ လွယ်ကူမြန်ဆန်စွာဖြင့် ခရီးသွားနိုင်ရေးအတွက် ရှေကော့သောင်းမော်တော်ယာဉ်လိုင်းက ၁၂ ယောက်စီး မော်တော်ယာဉ်ငယ် ခြောက်စီးဖြင့် ကော့သောင်းမြို့မှ ဘုတ်ပြင်းမြို့နှင့် မြတ်မြို့များသို့ အသွားအပြန်ပြေးဆွဲသွားမည်ဖြစ်ကြောင်းနှင့် ယာဉ်စီးခနှုန်းထားများမှာ ကော့သောင်းမှ ဘုတ်ပြင်းမြို့သို့ ၁၅၀၀၀ ကျပ်နှင့် ကော့သောင်းမှ မြတ်မြို့သို့ ၂၅၀၀၀ ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ဂန့်ဂေါတွင် နယ်လှည့်ဆေးကုသမှုဆောင်ရွက်

ဂန့်ဂေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် တာဝန်ရှိသူများပူးပေါင်း၍ မိုဘိုင်းကျန်းမာရေးကုသမှုအစီအစဉ်ဖြင့် ပျားကျေးရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို သြဂုတ် ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ကွင်းဆင်းကုသပေးရာတွင် ဒေသခံပြည်သူ ၁၀၀ ကျော်အား ဌက်ဖျား၊ တုပ်ကွေးနှင့် အထွေထွေရောဂါများကို အခမဲ့ စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

ကမ်းနီးငါးလုပ်ငန်းရှင်များ လုပ်အားနှင့်သန့်ရှင်းရေးသုံးပစ္စည်းများ ဒါနပြု

ကော့သောင်း စက်တင်ဘာ ၄

ကော့သောင်းခရိုင် ကမ်းနီးငါးလုပ်ငန်းရှင်များအသင်းမှ မြို့ပေါ်ရှိ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများအတွင်း သန့်ရှင်းရေး လုပ်အားဒါနနှင့် အမှိုက်ပုံးများပေးလှူခြင်း အစီအစဉ်တစ်ရပ်ကို ဩဂုတ် ၃၁ ရက်နံနက်ပိုင်းက စတင်၍ စုပေါင်း

ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင် ကော့သောင်းခရိုင် ကမ်းနီးငါးလုပ်ငန်းရှင်များအသင်းမှ အသင်းသူ အသင်းသားများ စုပေါင်း၍ ကော့သောင်းမြို့ကျက်သရေဆောင် ပြည်တော်အေးစေတီ ရင်ပြင်တော်အတွင်း အမှိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ ပရိဝုဏ်အတွင်း ချဲ့နွယ်မြက်ပင်များ ရှင်းလင်းပေးခြင်း၊ ပိတောက်ရွှေဝါရပ်ကွက် လောကမာန်အောင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အမှိုက်များ ရှင်းလင်းပေးခြင်းနှင့် လီတာ ၈၀၀ ဆံ့ အမှိုက်ပုံးများ လှူဒါန်းပေးခြင်း စသည့်လုပ်ငန်းများကို တစ်နေ့တာဒါနပြုပေးလှူခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ဒဿမအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် စာအုပ်/စာမူများ ပေးပို့ရန် ဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၄

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ ဘာသာရပ် ၁၂ မျိုးခွဲခြားပြီး စာပေဆုများကို နှစ်စဉ်ထိုက်ထိုက်တန်ခိုးမြင့်ပေးလျက်ရှိသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် အကျုံးဝင်သော ဘာသာရပ်များမှာ စီးပွားရေး၊ သမိုင်း၊ အတ္ထုပ္ပတ္တိ၊ ကျန်းမာရေး၊ ကလေးစာပေ၊ လူငယ်စာပေ၊ ယဉ်ကျေးမှု၊ ရှေးဟောင်းကျမ်း၊ ရည်ညွှန်းကျမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စာပဒေသာနှင့် သုတပဒေသာတို့ဖြစ်ပြီး(အင်္ဂလိပ်၊ မြန်မာ) နှစ်သက်ရာဘာသာဖြင့် ရေးသားတင်သွင်းနိုင်သည်။

စာအုပ်ဆုအတွက် အထက်ပါဘာသာရပ်များနှင့် အကျုံးဝင်သော ၂၀၁၄ ခုနှစ်အတွင်း ပထမအကြိမ်ထုတ် စာအုပ်နှစ်အုပ်နှင့် စာမူဆုအတွက် မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူနှစ်စုံ(လက်နှိပ်စက်၊ ကွန်ပျူတာဖြင့်)ကို စာရေးသူ၏ ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံနှစ်ပုံတို့ဖြင့် ပူးတွဲပေးပို့ရန်ဖြစ်သည်။

ဒဿမအကြိမ်ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် စာအုပ်/စာမူ တင်သွင်း လိုသူများသည် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ် (၂၃/၂၄) ဗဟိုစည်ရိပ်သာ ပိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၀၄၄၈၇ သို့ စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်သူပညာပေး လက်တွေ့သရုပ်ပြပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကြီးမှူး၍ ၂၀၁၅-၂၀၁၆ မိုးစပါးရာသီတွင် မြေဩဇာ စုပေါင်းကြေပက်ပွဲနှင့် ပိုးမွှားရောဂါ စနစ်တကျကာကွယ်နှိမ်နင်းခြင်း၊ စုပေါင်းဆေးဖျန်းခြင်း၊ တောင်သူပညာပေး လက်တွေ့သရုပ်ပြပွဲကို ဩဂုတ် ၃၁ ရက်က ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)စံပြစိုက်ကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ ပညာပေးသရုပ်ပြပွဲတွင် ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ဒင်က စပါးသီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေမြေသဘာဝနှင့်ကိုက်ညီသော သိပ္ပံနည်းကျ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို တောင်သူများ သိရှိနားလည်စေရန်နှင့် တာဝန်ရှိသူများက ဟောပြော ပို့ချခဲ့ကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်း ကျေးရွာအုပ်စုကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)စံပြစိုက်ကွင်းတွင် ဒေသခံတောင်သူများနှင့်အတူ စုပေါင်းမြေဩဇာကြေပက်ခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကို ပညာပေးလက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

ပျော်ရွှင်တက်ကြွ လူငယ်ဘဝသင်တန်း ဆရာဇော်ဂျီစာကြည့်တိုက်တွင် ဖွင့်လှစ်မည်

ဖျာပုံ စက်တင်ဘာ ၄

ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် အလုပ်အမှုဆောင်အဖွဲ့နှင့် CCDF (Consultancy and Career Development Farm)တို့ ပူးပေါင်းစီစဉ်သည့် ပျော်ရွှင်တက်ကြွလူငယ်ဘဝ သင်တန်းကို စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ဆရာဇော်ဂျီရာပြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်ပေးမည်ဖြစ်သည်။

သင်တန်းသား ၄၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ လူငယ်များအကြား ကျန်းမာရေးအသိပညာဗဟုသုတများ ရရှိလာစေရန်၊ မိမိဘဝတည်ဆောက်ရာတွင် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးနှင့် ကျိုးကြောင်းညီညွတ်စွာတွေးတောတတ်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများသည် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သို့ စက်တင်ဘာ ၁၄ ရက် နောက်ဆုံးထား၍ မွန်းလွဲ ၂ နာရီမှ ၈ နာရီအတွင်း စာရင်းပေးသွင်းကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ပုံမှန်ကာကွယ်ဆေးလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်နေ

တပ်ကုန်း စက်တင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်အတွင်းရှိ မွေးစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ပုံမှန်ကာကွယ်ဆေးတိုက်၊ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁ ရက်က ဆရာစံရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးခဲ့သည်။

ကလေးငယ် ၄၂ ဦးကို လ အလိုက် ဘီစီဂျီ ကာကွယ်ဆေး ဆုံ့ဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်၊ အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်၊ ပိုလီယိုအကြောသေ၊ ဝက်သက်ရောဂါကာကွယ်ဆေးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီး ၁၄ ဦးကို မေးခိုင်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ကျန်းမာရေး ဆရာမ ဒေါ်သင်းသင်းလှိုင်က ပြောကြားသည်။

တင်စိုးလွင်

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

သဲကုန်း စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် သစ်နီတောကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂ ရက်က သဲကုန်းမြို့နယ် လျှပ်စစ်မှူး ဦးခင်မောင်စိုး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ လျှပ်စစ်ဝန်ထမ်းများသည် သစ်နီတောကျေးရွာ ရွာလယ်ရှိ ၃၁၅ ကေဗွီအေထရန်စဖော်မာဝင်းခြံအနီးတွင် မြေစိုက်ပိုစတာစိုက်ထူခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

မြစိမ်းရောင်စီမံကိန်း မိတ်ဆက်ရှင်းလင်း

မင်းလှ စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှု ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း အခမ်းအနားကို သာယာကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဩဂုတ်လနောက်ဆုံးပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းချိုက မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်မတည်လည်ပတ် ရန်ပုံငွေနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ကျေးရွာနေပြည်သူ ၁၃၅ ဦးခန့် တက်ရောက်ပြီး ကျေးရွာကော်မတီဝင် ခုနစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ပေါက်စ(ပြန်/ဆက်)

၂၀၁၅-၂၀၁၆ မိုးစပါးမြေဩဇာကြေပက်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု ကွင်းအမှတ် ၁စဝ၅ တောင်သူ ဦးကျော်ရွှေ၏ ပုလဲသွယ်စိုက်ဧက ၂ ဧကကို စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီက မိုးစပါးမြေဩဇာကြေပက်ပွဲ ကျင်းပခဲ့သည်။

အဆိုပါမိုးစပါးမြေဩဇာကြေပက်ပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် ပိုးမွှားတာဝန်ခံများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ၊ တောင်သူများနှင့်အတူ စုပေါင်း၍ မြေဩဇာကြေပက်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးနှင့်မှုခင်းအသိပညာပေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း လုယက်မှု၊ ခိုးမှုနှင့်အခြားမလိုလားအပ်သော မှုခင်းများ မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် ရဲတပ်ဖွဲ့များကဘဏ်များ၊ စတိုးဆိုင်နှင့် ရွှေဆိုင်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုံခြုံရေးနှင့်မှုခင်းအသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့များက လမ်းမတော်မြို့နယ်အတွင်း ညလုံးပေါက်ဖွင့်လှစ်သော စတိုးဆိုင်များမှ မန်နေဂျာများကိုလည်းကောင်း၊ နံနက် ၁၀ နာရီတွင် ပုဂ္ဂလိကဘဏ်များ၊ ရွှေဆိုင်များနှင့် နိုင်ငံခြားငွေလဲလှယ်ရေးဆိုင်များမှ တာဝန်ရှိသူများကိုလည်းကောင်း တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သည့် လုယက်မှုဖြစ်စဉ်များကို ချေပြရှင်းလင်းကာ ယင်းသို့ မဖြစ်ပွားစေရေးအတွက် ပညာပေးဆွေးနွေးခြင်းနှင့်ပတ်သက်၍ ကျွမ်းကျင်သော လုံခြုံရေးဝန်ထမ်းများအပြင် နည်းပညာပိုင်းဆိုင်ရာ လုံခြုံရေးဆောင်ရွက်သည့် အချက်ပေးကိရိယာများ၊ CCTV(Camera) များကို တပ်ဆင်၍ စောင့်ကြည့်ခြင်း၊ မှတ်တမ်းရယူခြင်းများကိုလည်းကောင်း ဆောင်ရွက်ထားသင့်ကြောင်း ပညာပေးဆွေးနွေးဟောပြောခဲ့သည်။ ရဲတပ်ဖွဲ့အနေဖြင့် နေ့၊ ညလှည့်ကင်းများဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိရာ မသက်ဖွယ်ရာများတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ပြီး ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့အပြင် သန်လျင်မြို့နယ် မြို့မဈေးရှိ အစည်းအဝေးခန်းမ၌ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရွှေဆိုင်ပိုင်ရှင်များနှင့် မန်နေဂျာများအားတွေ့ဆုံ၍ အလားတူလုံခြုံရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြင့်ဆွေ**

ရေပြင်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

ကျိုင်းတုံ စက်တင်ဘာ ၄

ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်ရှိ နောင်တုံကန်ရေပြင်တွင် ကျိုင်းတုံခရိုင် နှင့်မိုင်းဆတ်ခရိုင်မှ စက်လှေမောင်းခြင်းနှင့် ရေပြင်အသက်ကယ်ခြင်းသင်တန်းကို စက်တင်ဘာ ၃ ရက်ကရှာဖွေကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင် ၄၀ ကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကျိုင်းတုံမြို့တွဲဖက်ပြည်နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်သိန်းမြင့်က အရည်အချင်းပြည့်ဝသောတပ်ဖွဲ့ဝင်များက ရေဘေးဒုက္ခအန္တရာယ်ရင်ဆိုင်နေရသည့် ပြည်သူများအား ကယ်ဆယ်ကူညီမှုများပြုလုပ်ပေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျိုင်းတုံ၊ တာချီလိတ်၊ တာလေ၊ မိုင်းယောင်း၊ မိုင်းခတ်၊ ပါလျှိုး၊ ကျိုက်လပ်မြို့နယ်များသည် ရေဘေးအန္တရာယ်ကြုံတွေ့နိုင်ဖွယ်ရှိသည့် ဒေသများဖြစ်၍ ရေပြင်အသက်ကယ်ခြင်းလုပ်ငန်းအတွက်မရှိမဖြစ်အရေးပါပြီး ရေပြင်ကယ်ဆယ်ရေးစက်လှေနှစ်စင်းကို ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တွင် တစ်စင်းစီထားရှိမည်ဖြစ်ကြောင်း သိရသည်။ **(၅၁၃)**

ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

ပွင့်ဖြူ စက်တင်ဘာ ၄

ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများအား မကွေးမြို့ကရုဏာရှင်များ နာရေးကူညီမှုအသင်းမှ ဦးစီး၍ ဩဂုတ်လ နောက်ဆုံးပတ်က ကျန်းမာရေးစောင့်ရှောက် မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ရွာ ၁၂ ရွာကိုလာရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ပေးတာပါ။ လူနာ ၈၅၀ ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ပါတယ်။ မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းအခမ့ဲဆေးခန်း ဆရာဝန်၊ သူနာပြုတွေ၊ မကွေးတိုင်း သင်ကြားရေးဆေးရုံနဲ့ တိုင်းဆေးရုံကြီးက ကလေးအထူးပြုပါမောက္ခနဲ့ ဆရာဝန်တွေ၊ အရေပြားရောဂါကုဆရာဝန်ကြီး ဒေါက်တာဒေါ်သွဲ့သွဲ့အုံးနဲ့ ဆရာဝန်တွေ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးတွေက ဆေးကုသမှုတွေ လုပ်ပေးခဲ့ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေအပြင် ရေတွင်းတွေကို ဆေးမှုတ်ပေးခြင်း၊ အသစ်ပြန်လည်တူးဖော်ပေးခြင်းတွေလည်း ဆောင်ရွက်ပေးနေပါတယ်"ဟု မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေဘေးသင့်ဒေသများဖြစ်သည့် ရွှေလှေကျေးရွာအုပ်စု၊ ထနောင်းကုန်းကျေးရွာအုပ်စု၊ မင်းမြေကျေးရွာအုပ်စုမှ အထွေထွေလူနာ ၆၈၃ ဦး၊ အရေပြား ၂၄ ဦး၊ ကလေး ၁၀၁ ဦး၊ ကိုယ်ဝန်ဆောင် ၁၁ ဦးတို့ကို ကုသကာ ၂၂ ဦးအား ခွဲစိတ်ပေးနိုင်ခဲ့ပြီး ဝေဒနာရှင်များအား ထမင်းထုပ်နှင့် ရေသန့်ဘူးများ လျူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအသင်းနှင့် မကွေးမြို့ မဟာဝိသုတာရာမတိုက်ကျောင်း မြို့နယ် မဟာသံဃာ့နာယက ဆရာတော် ဦးသာသနကဦးစီး၍ ပွင့်ဖြူမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀၀ ကျော်နှင့် ရေနစ်မြုပ်နေသော ကျေးရွာများမှ နွားများကိုလည်း ကယ်ဆယ်ပေးခဲ့ကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

တာမွေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်များ ရှင်သန်ခိုင်မာစေရေးနှင့် ကျောင်းသားကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတစာပေများဖတ်ရှုလေ့လာပြီး အသိပညာတိုးတက်စေရန်ရည်ရွယ်၍ ဩဂုတ် ၃၁ ရက်က အထက(၁) တာမွေ ကျောင်းစာကြည့်တိုက်သို့ စာအုပ်များလျူဒါန်းရာ ကျောင်းစာကြည့်တိုက်တာဝန်ခံဆရာမ ဒေါ်တင်တင်အေးက လက်ခံယူစဉ်။ လှလှ

မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ အသက် ၂၀ အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ အသက် ၂၀ အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲက မန္တလေးမြို့ မန္တလာသီရိအဆင့်မြင့် အားကစားကွင်း၌ ပြင်ဦးလွင်မြို့နယ်အသင်းနှင့် စဉ်ကိုင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်ဦးလွင်မြို့နယ်အသင်းက ငါးဂိုးပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ပထမဗိုလ်စွဲသွားသည့် ပြင်ဦးလွင်မြို့နယ်အသင်းအား တံခွန်စိုက် ပထမဒိုင်းဆုနှင့်ဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုရ စဉ်ကိုင်မြို့နယ်အသင်းအား ဆုငွေကျပ် ငါးသိန်းနှင့် တတိယဆုရ ချမ်းမြသာစည်မြို့နယ် အသင်းအား ဆုငွေကျပ်သုံးသိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ရေလွှမ်းမိုးမှုဒဏ်ခံ ကျေးရွာများသို့ မျိုးစပါးနှင့် စာတိမ်မြေဩဇာများလျူဒါန်း

ဇီးကုန်း စက်တင်ဘာ ၄

မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်သူများအသင်းကကြီးမှူး၍ MCE X မြန်မာအင်တာနေရှင်နယ် ကွန်မိုဒတီအိတ်ချိန်းလီမိတက်နှင့် ပြည့်ဟိန်းသာ ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်တို့မှ ဇီးကုန်းမြို့နယ်အတွင်းရှိ ရေလွှမ်းမိုးမှုဒဏ်အများဆုံး ခံစားရသော စပါးမြှောင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့် ကျောင်းသား ကျောင်းသူများအတွက် မျိုးစပါးတင်း ၁၀၀ နှင့် စူပါတော့ဓာတ်မြေဩဇာအိတ် ၁၀၀ အပါအဝင် အဝတ်အထည်များ၊ ကျောင်းဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများကို ဩဂုတ်လနောက်ဆုံးပတ်က လျူဒါန်းခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်အတွင်းရှိ စပါယ်မြှောင်ကျေးရွာအုပ်စုသည် ရေလွှမ်းမိုးမှုဒဏ်ကို အများဆုံးခံစားခဲ့ရပြီး လယ်မြေ ၂၉၅၅ ဧကထိခိုက်ပျက်စီး၍ ယခုအခါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အရန်ပျိုး၊ လှန်ပျိုး မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်အစေ့ချခြင်းများ ဆောင်ရွက်ခဲ့ရာ လယ်မြေဧက ၂၁၅၉ ဧကကို ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

သထုံ စက်တင်ဘာ ၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ သထုံခရိုင်နှင့်မြို့နယ် လေးမြို့နယ်ရှိ ဝန်ထမ်းများအားဌာနနှင့်ပတ်သက်သည့် လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့် ဆင့်ပွားနည်းပြသင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ဩဂုတ်လ နောက်ဆုံးပတ်က ဖွင့်လှစ်သင်ကြားခဲ့သည်။

ထို့အပြင်ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားလာစေရန်နှင့်မြစ်မံးရောင်စီမံကိန်းလုပ်ငန်း ငွေစာရင်းရေးသွင်းနည်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့အား ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်စေရန်အတွက် ခရိုင်ဦးစီးမှူးနှင့်မြို့နယ်ဦးစီးမှူးတို့က ဦးစီး၍ အရည်အချင်းစစ်စာမေးပွဲစစ်ဆေးသွားမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့်ဝန်ထမ်း ငါးဦးကို ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ယမန်နေ့မှအဆက်

အခန်း(၁၀)

နျူကလီးယားဒြပ်ပစ္စည်းဆိုင်ရာသတ္တုတူးဖော်ခြင်းနှင့်သန့်စင်ခြင်း

၅၈။ ဦးစီးဌာနသည် နျူကလီးယားဒြပ်ပစ္စည်းများ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ခြင်း၊ သန့်စင်ခြင်းနှင့် လုပ်ဆောင်လည်ပတ်ခြင်းလုပ်ငန်းတို့ကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးနိုင်ရန် အခြေခံလိုအပ်ချက်များကို သတ်မှတ်ရမည်။

၅၉။ ဦးစီးဌာနသည် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာဥပဒေကို လိုက်နာမှု ရှိမရှိ၊ နည်းဥပဒေနှင့် ကိုက်ညီမှုရှိမရှိ၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိမရှိ စစ်ဆေးအတည်ပြုနိုင်ရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ စနစ်တစ်ခုထူထောင်ထားရမည်။

၆၀။ လုပ်ငန်းခွင်တစ်ခုမှ ယူရေနီယံ သို့မဟုတ် သိုရီယံပါဝင်သော သတ္တုတူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျှောက်ထားသူသည် သတ်မှတ်ထားသော လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ဦးစီးဌာနသို့ တင်ပြရမည်။

၆၁။ လိုင်စင်တွင်ပါဝင်သော သတ္တုတူးဖော်ခြင်းနှင့် သတ္တုသန့်စင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချမှုသေချာစေရေးသည် လိုင်စင်ရရှိထားသူ၏ မူလနှင့်အဓိက တာဝန်ဖြစ်သည်။

၆၂။ လိုင်စင်ရရှိထားသူသည် ဦးစီးဌာနက တောင်းဆိုသော သတင်းအချက်အလက်များကို ပံ့ပိုးပေးရမည့်အပြင် ချမှတ်ထားသော နည်းဥပဒေများနှင့် လိုင်စင်ရရှိရေးအတွက် အခြေခံအချက်အလက်များနှင့်ကိုက်ညီကြောင်းအတည်ပြုနိုင်ရန် ဝင်ရောက်စစ်ဆေးမှုများကို ခွင့်ပြုရမည်။

၆၃။ လိုင်စင်ရရှိထားသူသည် ဦးစီးဌာနက တောင်းဆိုလာနိုင်သည့် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားရမည်။ လိုအပ်၍စုံစမ်းစစ်ဆေးမှုပြုပါက တင်ပြနိုင်ရမည်။

အခန်း(၁၁)

ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း

၆၄။ ဦးစီးဌာနသည် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် နယ်နိမိတ်အတွင်း တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် လိုအပ်သော အခြေခံအချက်အလက်များကို ချမှတ်ပေးရမည်။

၆၅။ လိုင်စင်ရရှိသူသည် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သယ်ယူပို့ဆောင်နေစဉ်အတွင်း ဘေးအန္တရာယ်ကင်းမှုနှင့် လုံခြုံစိတ်ချရမှုများအတွက် မူလနှင့် အဓိကတာဝန်ရှိသည်။

အခန်း(၁၂)

ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းနှင့်အသုံးပြုပြီးလောင်စာများစီမံခန့်ခွဲခြင်း

၆၆။ ဤဥပဒေကို အရပ်ဘက်သုံးနျူကလီးယားဆိုင်ရာ အသုံးချမှု လုပ်ငန်းများမှ ထွက်ရှိလာသော မည်သည့်ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းကိုမဆို စီမံခန့်ခွဲရန် အသုံးချရမည်။

၆၇။ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းနှင့် အသုံးပြုပြီးလောင်စာစီမံခန့်ခွဲမှုအတွက် အမျိုးသားအဆင့် မူဝါဒနှင့်နည်းဗျူဟာများကို ဦးစီးဌာနက ဦးဆောင်ရေးဆွဲ၍ ကော်မတီ၏အတည်ပြုချက်ကို ရယူရမည်။

၆၈။ နိုင်ငံတော်အတွင်း ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများနှင့် အသုံးပြုပြီးလောင်စာ စီမံခန့်ခွဲမှုကို ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးသေချာမှုရှိစေရန် ဦးစီးဌာနသည် စီမံခန့်ခွဲမှုဆိုင်ရာနည်းဥပဒေများရေးဆွဲရမည်။

၆၉။ စီမံခန့်ခွဲမှုအဆောက်အအုံများအတွင်း သို့မဟုတ် အပြင်ရှိ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း သို့မဟုတ် အသုံးပြုပြီးလောင်စာများကို ထိန်းသိမ်းထားရှိသည့် သက်တမ်းတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးသေချာမှုရှိစေရန်မှာ လိုင်စင်ရရှိထားသူ၏ မူလနှင့် အဓိက တာဝန်ဖြစ်သည်။

၇၀။ နျူကလီးယားစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အဆောက်အအုံများအတွက် လိုင်စင်ရရှိထားသူသည် ထိုအဆောက်အအုံ လုပ်ငန်းပိတ်သိမ်းရေးအတွက် ဦးစီးဌာန၏ထိန်းချုပ်မှုများပါဝင်သည့် အစီအစဉ်တစ်ခုကို ရေးဆွဲထားရမည်။ ဦးစီးဌာနသည် ယင်းအဆောက်အအုံများ လည်ပတ်မောင်းနှင်ရန် လိုင်စင်မပေးအပ်မီ ထိုအစီအစဉ်ကို စိစစ်၍အတည်ပြုရမည်။

အခန်း(၁၃)

နျူကလီးယားထိခိုက်ပျက်စီးမှုအတွက် ပေးလျော်ရန်တာဝန်ရှိမှုနှင့် အကျုံးဝင်မှု

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသော နျူကလီးယားထူထောင်မှုများကို ဆောင်ရွက်သည့် လည်ပတ်မောင်းနှင်သူ ဆောင်ရွက်နေသော နျူကလီးယားထူထောင်မှု၌ ထူးခြားဖြစ်ရပ်ကြောင့် နျူကလီးယားထိခိုက်မှုများ ပေါ်ပေါက်ရသည်ဟု သက်သေပြနိုင်ပါက မည်သည့်နေရာတွင်မဆို ထိခိုက်ခံစားရလျှင် အဆိုပါထိခိုက်မှုအတွက် ထိုလည်ပတ်မောင်းနှင်သူသာလျှင် တာဝန်ယူရမည်။

၇၂။ ပိုင်ရှင်မဲ့ပင်ရင်း သို့မဟုတ် ပိုင်ရှင်မဲ့စွန့်ပစ်သွားသော နျူကလီးယားဒြပ်ပစ္စည်းကြောင့် ဖြစ်ပေါ်လာသော နျူကလီးယားထိခိုက်မှုများအတွက် နောက်ဆုံးလိုင်စင်ရရှိခဲ့သော လည်ပတ်မောင်းနှင်သူကသာ ပေးလျော်ရန်တာဝန်ရှိသည်။

၇၃။ နျူကလီးယားဒြပ်ပစ္စည်းကို သယ်ယူပို့ဆောင်ရာတွင် ပေးပို့သူနှင့် လက်ခံသူအကြား နျူကလီးယားထိခိုက်မှုအတွက် ပေးလျော်ရန်တာဝန်ရှိမှု လွှဲပြောင်းနိုင်ရန် စာဖြင့်ရေးသားထားသော သဘောတူညီမှုမရှိခဲ့လျှင် အဆိုပါပစ္စည်းကို လက်ခံရယူခြင်းမပြုမီအထိ ပေးပို့သူကသာ နျူကလီးယားထိခိုက်မှုအတွက် ပေးလျော်ရန်တာဝန်ရှိသည်။ သို့မဟုတ် ပေးပို့သူ၏တောင်းဆိုချက်အရ ပစ္စည်းသယ်ဆောင်သူအား နျူကလီးယားထိခိုက်မှုအတွက် ပေးလျော်ရန်တာဝန်ရှိမှုကို လွှဲပြောင်းထားခဲ့လျှင် သယ်ဆောင်သူအား ဤဥပဒေအရ တာဝန်ရှိသူအဖြစ် မှတ်ယူရမည်။

၇၄။ နျူကလီးယားထိခိုက်မှုများဆိုင်ရာ ပေးလျော်ရန်တာဝန်ရှိမှု ပဋိညာဉ်၏ စာချုပ်ဝင်မဟုတ်သည့် နိုင်ငံ၏အချုပ်အခြာအာဏာပိုင်နယ်နိမိတ်အတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးထံ နျူကလီးယားဒြပ်ပစ္စည်း ပေးပို့သည့်ကိစ္စရပ်တွင် အဆိုပါနိုင်ငံ၏ နယ်နိမိတ်အတွင်း နျူကလီးယားဒြပ်ပစ္စည်းကို ကုန်ချခြင်းမပြီးမီအထိ ပေးပို့သူတွင်တာဝန်ရှိသည်။ အဆိုပါပစ္စည်းအား ကုန်ချခြင်းပြီးသည့်အခါမှသာ လက်ခံသူတွင် တာဝန်ရှိသည်။

၇၅။ မည်သည့် နျူကလီးယားထူးခြားဖြစ်ရပ်တစ်ခုကြောင့် ဖြစ်ပွားသော နျူကလီးယားထိခိုက်မှုအတွက်မဆို နျူကလီးယားထူထောင်မှုတွင် လည်ပတ်မောင်းနှင်သူတစ်ဦး၏ အနည်းဆုံးတာဝန်ယူရမှု ငွေကြေးပမာဏသည် လက်ခံကျင့်သုံးလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ နျူကလီးယားထိခိုက်ပျက်စီးမှုအတွက် ပေးလျော်ရန်တာဝန်ရှိမှု ကွန်ဗင်းရှင်းပါအတိုင်းဖြစ်သည်။

၇၆။ နျူကလီးယားထူထောင်မှုတွင် လည်ပတ်မောင်းနှင်သူသည် ပျက်စီးဆုံးရှုံးမှုအတွက် ယင်း၏တာဝန်ယူမှုတွင် ငွေကြေးဆိုင်ရာလုံလောက်ကြောင်း အာမခံနိုင်မှုကို ဦးစီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၇၇။ ဤဥပဒေတွင် ပြဋ္ဌာန်းထားသော နျူကလီးယားထိခိုက်မှုအတွက် အသက်ဆုံးရှုံးမှုများ သို့မဟုတ် တစ်ကိုယ်ရေထိခိုက်မှုများအတွက် နျူကလီးယားထူးခြားဖြစ်ရပ် ဖြစ်ပွားပြီးနောက် နှစ်ပေါင်း ၃၀ အတွင်းနှင့် အခြားနျူကလီးယားပျက်စီးဆုံးရှုံးမှုများအတွက် ၁၀ နှစ်အတွင်း မတောင်းခံလျှင် လျော်ကြေးတောင်းခံခွင့် ချုပ်ငြိမ်းစေရမည်။

၇၈။ ဤဥပဒေတွင် ပြဋ္ဌာန်းထားသော နျူကလီးယားထိခိုက်မှုအတွက် လျှော်ကြေးတောင်းခံခွင့် ကို ထိခိုက်မှုခံစားရကြောင်း သိရှိသည်နေ့မှစ၍ သို့မဟုတ် ထိခိုက်မှုကိုစတင်သိရှိသည်ဟု လုံလောက်သောအကြောင်းတရားများဖြစ်သည့်နေ့မှစ၍ သုံးနှစ်အတွင်းနှင့် ပုဒ်မ ၇၇ တွင် ဖော်ပြထားသော ကန့်သတ်ချိန်မကုန်ဆုံးမီအချိန်ထိ အကျုံးဝင်သည်။

၇၉။ နောက်ဆုံး တရားစီရင်ချက်မချမှတ်မီနှင့် ၎င်းသတ်မှတ်ကာလ၏ သက်တမ်းကုန်ဆုံးရက် ကျော်လွန်ခဲ့သော်လည်း သက်ဆိုင်ရာတရားရုံးမှချမှတ်ထားသော ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိလျှင် နျူကလီးယားထိခိုက်မှုကိုခံစားရ၍ လျော်ကြေးငွေတောင်းခံသော မည်သူမဆိုနှင့် ပုဒ်မ ၇၈ ပါ သတ်မှတ်ကာလအတွင်း လျော်ကြေးတောင်းခံလွှာ တင်ပြလာသည့်မည်သူမဆို ပျက်စီးမှုအခြေအနေနှင့် ပိုမိုဆိုးရွားလာသည့် ထိခိုက်မှုကိုလည်း ထည့်သွင်းတွက်ချက်၍ သတ်မှတ်ကာလကျော်လွန်သွားသည့်တိုင်အောင် ပြင်ဆင်တောင်းဆိုနိုင်သည်။

၈၀။ လျော်ကြေးတောင်းဆိုမှုများသည် သတ်မှတ်ချက်ထက်ကျော်လွန်နေပါက သို့မဟုတ် ကျော်လွန်သည့်သဘော သက်ရောက်လျှင် နျူကလီးယားထူးခြားဖြစ်ရပ်ကြောင့် ဖြစ်ပေါ်လာသော နျူကလီးယားထိခိုက်မှုအတွက်လျော်ကြေးငွေကို ပုဒ်မ ၇၅ တွင် ဖော်ပြထားသည့် တစ်ကိုယ်ရေထိခိုက်မှု သို့မဟုတ် အသက်ဆုံးရှုံးမှုအတွက် ဦးစွာပေးလျော်ရမည်။ အဆိုပါတောင်းဆိုမှုများအားလုံး ပြည့်စုံပြီးနောက်တွင်မှ အခြားဆုံးရှုံးပျက်စီးမှုအတွက် တောင်းဆိုမှုများကို ပေးလျော်စေရမည်။

၈၁။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်အတွင်း သို့မဟုတ် အချုပ်အခြာအာဏာပိုင်နယ်နိမိတ်အတွင်းဖြစ်ပွားသော နျူကလီးယားထူးခြားဖြစ်ရပ်ကြောင့်ဖြစ်ပေါ်သော နျူကလီးယားထိခိုက်မှုများအတွက် လျော်ကြေးတောင်းခံမှုကို ကြားနာစစ်ဆေးရန် စီရင်ပိုင်ခွင့်ရှိသော တရားရုံးဖြစ်ရမည်ဖြစ်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါတရားရုံးသို့ တင်သွင်းရမည်။

၈၂။ ဤဥပဒေအရ နျူကလီးယားထိခိုက်မှုများအတွက် လျော်ကြေးတောင်းခံခွင့်ရှိသော မည်သူမဆို တာဝန်ရှိသော လည်ပတ်မောင်းနှင်သူထံမှလည်းကောင်း၊ အာမခံထားသူထံမှလည်းကောင်း၊ ငွေကြေးလုံခြုံမှုရှိစေရန် အာမခံချက်ပေးထားသော သို့မဟုတ် ထောက်ပံ့နေသော အခြားပုဂ္ဂိုလ်ထံမှလည်းကောင်း လျော်ကြေးရရှိရေးအတွက် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၈၃။ နျူကလီးယားထိခိုက်မှုများသည် လက်နက်ကိုင်ပဋိပက္ခ၊ ရန်လိုတိုက်ခိုက်မှု၊ ပြည်တွင်းစစ် သို့မဟုတ် ပုန်ကန်ထကြွမှုတို့ကြောင့် တိုက်ရိုက်ဖြစ်ပွားသည်ဟု အကြောင်းတရားခိုင်လုံပါက လည်ပတ်မောင်းနှင်သူတွင် တာဝန်မရှိစေရ။

၈၄။ နျူကလီးယားထိခိုက်ပျက်စီးမှုများ၏ တစ်ခုလုံးဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသဖြစ်စေ ဖြစ်ရခြင်းသည် ထိခိုက်ပျက်စီးမှုကို ခံစားရသော လူပုဂ္ဂိုလ်၏ကြီးမားသော ပေါ့ဆမှုကြောင့် သို့မဟုတ် ထိုသူ၏ အပြုအမူသည် ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့်ပြုမူခြင်း၊ ဆောင်ရွက်ရန်ချန်လှပ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပေါ်သည်ဟု လုံလောက်သော အကြောင်းပြချက်ရှိပါက ထိုသူကြောင့် ပျက်စီးရမှုပမာဏပေါ်မူတည်၍ လည်ပတ်မောင်းနှင်သူသည် မိမိလျော်ကြေးပေးရန် တာဝန်ရှိမှု၏အားလုံးကို ဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ သက်သာခွင့်ရှိစေရမည်။

၈၅။ ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့်ပြုမူခြင်း၊ ဆောင်ရွက်ရန်ချန်လှပ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပေါ်သော အကြောင်းရင်းတစ်ခုစီအတွက် နျူကလီးယားလည်ပတ်မောင်းနှင်သူက တာဝန်ယူရန်မလိုအပ်သော ပျက်စီးမှုများအတွက် မည်သို့သောတာဝန်ယူမှုတစ်ခုချင်းစီအပေါ် ဤဥပဒေပါ မည်သည့်အချက်နှင့်မျှ သက်ရောက်မှုမရှိစေရ။

အခန်း(၁၄)

နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာကိစ္စရပ်များ

၈၆။ နိုင်ငံတော်ကပါဝင်ထားသည့် နျူကလီးယားနှင့်ဆက်စပ်သော အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များနှင့်အညီ နျူကလီးယားဒြပ်ပစ္စည်းကို ငြိမ်းချမ်းသောရည်ရွယ်ချက်အတွက်သာ အသုံးပြုရမည်။

၈၇။ ဦးစီးဌာနအနေဖြင့် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်၊ အလုံးစုံနျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ သဘောတူညီချက်နှင့် နောက်ဆက်တွဲစာချုပ်ပါ ပြဋ္ဌာန်းချက်တို့ကို ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသည်။

၈၈။ ဦးစီးဌာနသည် ပုဒ်မ ၈၇ ပါ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို သတ်မှတ်ရေးဆွဲရမည်။

၈၉။ ဦးစီးဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့သည် နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ကျင့်သုံးဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။

၉၀။ နျူကလီးယားဒြပ်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သန့်စင်ထုတ်လုပ်ခြင်း သို့မဟုတ် နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများဆောင်ရွက်ရန် လိုင်စင်ရရှိထားသူသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း (၁၅)

နျူကလီးယားဆိုင်ရာပို့ကုန်သွင်းကုန် ထိန်းချုပ်မှုများ

၉၁။ နိုင်ငံတော်မှပါဝင်ထားသည့် နျူကလီးယားနှင့် ဆက်စပ်သော အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များနှင့်အညီ ဦးစီးဌာနသည် နိုင်ငံတော်က တင်ပို့မည့် သို့မဟုတ် နိုင်ငံတော်သို့ တင်သွင်းမည့် နျူကလီးယားနှင့် ဆက်စပ်ကုန်ပစ္စည်းများကို ထိန်းချုပ်ရန်အလို့ငှာ ကန့်သတ်ကုန်အမျိုးအစားနှင့် ကန့်သတ်ကုန်ပစ္စည်းများစာရင်းကို ပြုစုထားရမည်။

၉၂။ ဦးစီးဌာနသည် ကန့်သတ်ကုန်ပစ္စည်းများကို နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်က တင်ပို့ခြင်းများအတွက် လိုင်စင်ချပေးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို ရေးဆွဲရမည်။

၉၃။ တည်ဆဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သော မည်သူ့ကိုမဆို စုံစမ်းမေးမြန်းမှုများဆောင်ရွက်၍ ဦးစီးဌာနက ချမှတ်ထားသော စီမံခန့်ခွဲရေးနည်းလမ်းများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

အခန်း(၁၆)

နျူကလီးယားလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာကာကွယ်မှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု

၉၄။ ဦးစီးဌာနသည် နျူကလီးယားနှင့် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၏ ရုပ်ပိုင်းဆိုင်ရာကာကွယ်မှုအတွက် နည်းဥပဒေများကို သတ်မှတ်ရေးဆွဲရမည်။

၉၅။ တည်ဆဲနည်းဥပဒေပါ လိုင်စင်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော နျူကလီးယား သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများနှင့် ၎င်းနှင့်ဆက်စပ်သည့် အဆောက်အအုံများ၏ ရုပ်ပိုင်းဆိုင်ရာကာကွယ်မှုသေချာစေရန်အတွက် အဆိုပါပစ္စည်းများကို အသုံးချ၍ လုပ်ငန်းများလုပ်ဆောင်နေသည့် လိုင်စင်ကိုင်ဆောင်ထားသော လူပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းတွင် မူလနှင့်အဓိကတာဝန်ရှိသည်။

၉၆။ နျူကလီးယား သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို ခိုးယူခံရခြင်း၊ ခိုးယူရန်ခြိမ်းခြောက်ခံရခြင်းနှင့် ပျောက်ဆုံးခြင်းများ ရှိပါက လိုင်စင်ရရှိသူသည် ဦးစီးဌာနသို့ နှောင့်နှေးမှုမရှိဘဲ အသိပေးအကြောင်းကြားခြင်း၊ အသေးစိတ်အစီရင်ခံစာကို ဦးစီးဌာနသို့ ချက်ချင်းတင်ပြခြင်းများဆောင်ရွက်ရမည်။ ဦးစီးဌာနက ထပ်မံတောင်းဆိုလာသော သတင်းအချက်အလက်များကိုလည်း ပံ့ပိုးပေးရမည်။

၉၇။ နျူကလီးယား သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ စက်ကိရိယာနှင့် နည်းပညာကိုခိုးယူခြင်း၊ လုယူခြင်း သို့မဟုတ် ဥပဒေမဲ့ မည်သို့သော ယူဆောင်ခြင်းများမဆို ပါဝင်သည့်ထူးခြားဖြစ်ရပ်များတွင် ဦးစီးဌာနသည် ထိုဖြစ်ရပ်၏ ထိခိုက်သက်ရောက်နိုင်မှု အတိုင်းအတာအပေါ်မူတည်၍ အခြားနိုင်ငံများနှင့် သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အရေးယူဆောင်ရွက်မှုအဆင့်များအလိုက် ပူးပေါင်းဆောင်ရွက်ရမည်။

စာမျက်နှာ ၂၀ သို့

အခကြေးငွေပေးရေးဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

အခကြေးငွေပေးရေးဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်။)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

နိဒါန်း

အလုပ်သမားများရထိုက်ခွင့်ရှိသည့် အခကြေးငွေအပြည့်အဝရရှိရေး၊ အချိန်မှန်ရရှိစေရေးနှင့် အလုပ်ရှင်က အလုပ်သမား၏ အခကြေးငွေများ ထဲမှ တရားမဝင်နုတ်ယူ ဖြတ်တောက်မှုမရှိစေရေးတို့အတွက် ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို **အခကြေးငွေပေးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခကြေးငွေ** ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ် အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြား အချိန်ပိုင်းအလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သောအခကြေးငွေနှင့် လုပ်ခလစာတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပို လုပ်ခသည်လည်းကောင်း၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်မှ အပိုပေးသည့် ဆုကြေးငွေများသည် လည်းကောင်း၊ ဝင်ငွေအဖြစ်သတ်မှတ်နိုင်သော အခြားငွေနှင့်အကျိုးခံစားခွင့်များသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါတို့မပါဝင်-

(၁) ခရီးစရိတ် သို့မဟုတ် ခရီးသွားလာမှုအတွက် အထူးထောက်ပံ့စရိတ်များ၊

(၂) လုပ်ငန်းသဘာဝအရ နှစ်ဖက်ကြိုတင်ညှိနှိုင်းထား၍ ခေတ္တစိုက်ထုတ် ကျခံသုံးစွဲငွေများ၊

(၃) လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေကြေးများ၊

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ ၁၉ မှ

၉၈။ မည်သူမဆို တစ်စုံတစ်ယောက်ကို သတင်းအချက်အလက်များနှင့် ပတ်သက်၍ ဆက်သွယ်မှုပြုရာတွင် ၎င်းဆက်သွယ်မှုပြုလုပ်ခြင်းသည် ရယူကလီးယားဒြပ်ပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းတစ်ခု၏ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ပျက်ပြားစေနိုင်ကြောင်း သိရှိရမည်။ အကယ်၍ ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခြင်းခံရမည်။ ယင်းပြဋ္ဌာန်းချက်သည် လိုင်စင်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား အကျိုးမဝင်စေရ။

အခန်း(၁၇)
စီမံခန့်ခွဲရေးအရ အရေးယူခြင်းနှင့် အယူခံဝင်ခြင်း

၉၉။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ်ရရှိထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အခြေခံသတ်မှတ်ချက်များကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်လက်မှတ် ပယ်ဖျက်နိုင်သည်။

၁၀၀။ ဦးစီးဌာနက မှတ်ပုံတင်ထုတ်ပေးရန်ဖြစ်စေ၊ လိုင်စင်ထုတ်ပေးရန်ဖြစ်စေ၊ လိုင်စင်သက်တမ်းတိုးရန်ဖြစ်စေ ကျိုးကြောင်းဖော်ပြ ငြင်းပယ်ခြင်းကို မကျေနပ်ပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကော်မတီသို့အယူခံဝင်နိုင်သည်။

၁၀၁။ ကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

၁၀၂။ ဦးစီးဌာနသည် လိုင်စင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အခြေခံသတ်မှတ်ချက်များကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိရသည့် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) လိုင်စင်ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ စိစစ်စစ်ဆေးပြီး ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်သက်တမ်း ပြင်ဆင်ပြောင်းလဲခြင်း၊

(ဃ) ပြန်လည်ရုပ်သိမ်းခြင်း၊

(င) လိုင်စင်ပယ်ဖျက်ခြင်း။

၁၀၃။ ဦးစီးဌာန၏ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ဆုံးဖြတ်ချက်သည် လိုင်စင်လျှောက်ထားသူ၊ လိုင်စင်ရရှိသူနှင့်အခြား ပုဂ္ဂိုလ်များကို ကြီးမားစွာ ထိခိုက်မှုနှစ်နာမှုရှိစေသည့်အပြင် အခြားဥပဒေတစ်ရပ်ရပ်မှ ချမှတ်ထားသော နည်းဥပဒေများနှင့်လည်းအကျုံးဝင်ပါက ထိုဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ချမှတ်ကြောင်းထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကော်မတီထံအယူခံဝင်နိုင်သည်။

၁၀၄။ ကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

အခန်း(၁၈)
တားမြစ်ချက်များ

၁၀၅။ မည်သူမျှ ဤဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း မရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို ဦးစီးဌာနက ငြင်းပယ်လျှင်ဖြစ်စေ ရယူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာများနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် စက်ကိရိယာများ၊ ပင်ရင်းများကို လက်ဝယ်ထားရှိခြင်းမပြုရ။

၁၀၆။ မည်သူမျှ လိုင်စင်မရှိဘဲ ရယူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၁၀၇။ မည်သူမျှ ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ရယူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာကို မည်သည့် နည်းလမ်းဖြင့်ဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

၁၀၈။ မည်သူမျှ ဆက်လက်သုံးစွဲရန် သို့မဟုတ် သိမ်းဆည်းထားရန်မသင့်ဟု ဦးစီးဌာနက သတ်မှတ်ထားသည့် ရယူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာကို လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၁၀၉။ မည်သူမျှ ဦးစီးဌာနက လိုင်စင်ချထားပေးခြင်းမရှိသော လုပ်ငန်းနှင့် လုပ်ဆောင်မှုများကို လည်းကောင်း၊ ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုထားခြင်းမရှိသော လုပ်ငန်းများကိုလည်းကောင်း လုပ်ဆောင်ခြင်းမပြုရ။

၁၁၀။ မည်သူမျှ ရေဒီယိုသတ္တိကြွပင်ရင်းအား ဆက်လက်အသုံးပြုရန် မသင့်လျော်ပါက သို့မဟုတ် ဆက်လက်အသုံးမပြုလိုပါက ပြန်လည်ပေးပို့ခြင်းကို ထုတ်လုပ်သူက လက်ခံရန် သဘောမတူလျှင် ဝယ်ယူတင်သွင်းခြင်းမပြုရ။

၁၁၁။ လိုင်စင်ရရှိထားသူမည်သူမျှ လိုင်စင်ပါ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို တိုးချဲ့မွမ်းမံရန် ရည်ရွယ်ချက်ရှိပါက ထိုတိုးချဲ့မွမ်းမံမှုအတွက် လိုင်စင်မရမချင်း ဆောင်ရွက်ခြင်းမပြုရ။

၁၁၂။ သတ်မှတ်ထားသော အခြေခံအချက်အလက်များနှင့် မကိုက်ညီပါက မည်သူမျှ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းမပြုရ။

၁၁၃။ မည်သူမျှ ဦးစီးဌာန၏ လိုင်စင်မရရှိဘဲ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း သို့မဟုတ် အသုံးပြုပြီး လောင်စာများစီမံခန့်ခွဲမှု အဆောက်အအုံများကို လုပ်ကိုင်ဆောင်ရွက်ခွင့်မပြုရ။

၁၁၄။ မည်သူမျှ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် နယ်နိမိတ်ပြင်ပရှိ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ သို့မဟုတ် အသုံးပြုပြီးလောင်စာများကို မည်သည့်ရည်ရွယ်ချက်နှင့်မျှ နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းမပြုရ။

၁၁၅။ မည်သူမျှ ဦးစီးဌာန၏ ကြိုတင်လိုင်စင် ရယူထားခြင်းမရှိဘဲ ကန့်သတ်ကုန်ပစ္စည်းများကို နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်က တင်ပို့ခြင်းများမပြုရ။

၁၁၆။ မည်သူမျှ ရယူကလီးယားဒြပ်ပစ္စည်း၏ ရုပ်ပိုင်းဆိုင်ရာ ကာကွယ်ခြင်း ပဋ္ဌာန်းဥပဒေနှင့် ၎င်း၏ပြင်ဆင်ချက်တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိထားသော မည်သည့်သတင်းအချက်အလက်မဆို ပါဝင်သော လျှို့ဝှက်သတင်းအချက်အလက်များကို ဖော်ထုတ်ခြင်းမပြုရ။

၁၁၇။ မည်သူမျှ နိုင်ငံတော်တွင် ရယူကလီးယားလက်နက်များနှင့် အခြားပေါက်ကွဲစေနိုင်သော ပစ္စည်းကိရိယာများ၊ ယင်းတို့ကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ထိန်းချုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် စုဆောင်းခြင်း၊ ထုတ်လုပ်ရန်အလို့ငှာ မည်သို့သောအကူအညီကိုမဆို ရှာဖွေခြင်း သို့မဟုတ် လက်ခံရယူခြင်းမပြုရ။

၁၁၈။ မည်သူမျှ အောက်ဖော်ပြပါဆောင်ရွက်ချက်တစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ-

(က) ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရယူကလီးယားဒြပ်ပစ္စည်းများကို ခိုးယူခြင်း သို့မဟုတ် လုယူခြင်း၊

(ခ) ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရယူကလီးယားဒြပ်ပစ္စည်းများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် တုပလိမ်လည်ရယူခြင်း၊

(ဂ) ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရယူကလီးယားဒြပ်ပစ္စည်းများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့ ဖြစ်စေ ပြည်ပသို့ဖြစ်စေ သယ်ယူခြင်း၊ ပို့ဆောင်ခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း။

၁၁၉။ မည်သူမျှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို တစ်စုံတစ်ရာပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ဘဲ ရှောင်လွှဲရန်အလို့ငှာ ပုဒ်မ ၁၁၈၊ ပုဒ်မခွဲ(က)ပါ အပြုအမူများကို ပြုမူဆောင်ရွက်ခြင်း သို့မဟုတ် အကျင့်ကိုင်ခြင်း မပြုရ။

၁၂၀။ မည်သူမျှ ရယူကလီးယားနှင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သို့မဟုတ် ရယူကလီးယားပစ္စည်းတစ်ခုခု သို့မဟုတ် ရယူကလီးယားအဆောက်အအုံတစ်ခုကို ခြိမ်းခြောက်၍သော်လည်းကောင်း ခြိမ်းခြောက်သည်ဟု ယုံကြည်နိုင်လောက်သော အခြေအနေများဖြစ်ပေါ်စေ၍ လည်းကောင်း သို့မဟုတ် အင်အားသုံး၍သော်လည်းကောင်း ရည်ရွယ်ချက်ရှိစွာဖြင့် ဥပဒေနှင့်မညီသည့် တောင်းဆိုမှုများမပြုရ။

၁၂၁။ မည်သူမျှ ဥပဒေအရ တရားဝင်လိုင်စင်မရရှိဘဲ ရေဒီယိုသတ္တိကြွ သို့မဟုတ် ရယူကလီးယားဒြပ်ပစ္စည်းများကို လက်ခံရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ ပြောင်းလဲပြုပြင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း သို့မဟုတ် ပစ္စည်းတစ်ခုအား ပိုင်ဆိုင်ခြင်းတို့ကြောင့် သေဆုံးစေနိုင်ခြင်း သို့မဟုတ် ခန္ဓာကိုယ်အား ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေခြင်း၊ ပိုင်ဆိုင်မှုများကို သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာပျက်စီးစေခြင်း ဖြစ်ပေါ်စေလိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မှုများ မပြုရ။

၁၂၂။ မည်သူမျှ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရယူကလီးယားဒြပ်ပစ္စည်းကို မည်သည့် နည်းလမ်းဖြင့်ဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် ပျံ့နှံ့စေခြင်း သို့မဟုတ် ရယူကလီးယားပစ္စည်းကိရိယာကို အသုံးပြုခြင်း သို့မဟုတ် ပြုလုပ်ခြင်း၊ ရယူကလီးယားအဆောက်အအုံတစ်ခုကို အသုံးပြုခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကို ထွက်လာစေခြင်း သို့မဟုတ် ထွက်လာခြင်းကြောင့် အန္တရာယ်ကျရောက်မှုဖြစ်စေနိုင်သည့် တစ်ဖက်ဖော်ပြပါ ဆောင်ရွက်ချက်တစ်ခုခုကို ပြုမူဆောင်ရွက်ခြင်းမပြုရ-

(က) တမင်ရည်ရွယ်၍ လူပုဂ္ဂိုလ်၏ အသက်ဆုံးရှုံးစေသည့် အန္တရာယ်ကျရောက်စေခြင်း သို့မဟုတ် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်း၊ ပိုင်ဆိုင်မှုများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးမှုကို ဖြစ်ပေါ်စေခြင်း၊

(ခ) မည်သူမဆို လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို တစ်စုံတစ်ရာ ပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ဘဲ ရှောင်လွှဲရန်အလို့ငှာ ဆောင်ရွက်ခြင်း သို့မဟုတ် အကျင့်ကိုင်ခြင်း၊

(ဂ) လူပုဂ္ဂိုလ်၏ အသက်ဆုံးရှုံးစေသည့် အန္တရာယ်ကျရောက်စေခြင်း၊ ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးစေခြင်း။

၁၂၃။ မည်သူမျှ ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အခြေခံသတ်မှတ်ချက်များပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။

အခန်း(၁၉)
ပြစ်ဒဏ်များ

၁၂၄။ မည်သူမဆို ပုဒ်မ ၁၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၂၅။ မည်သူမဆို ပုဒ်မ ၁၀၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ သို့သော် လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သော ပစ္စည်းဖြစ်ပါက အခြားနည်း စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၁၂၆။ မည်သူမဆို ပုဒ်မ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၄ ၁၁၃ သို့မဟုတ် ၁၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ သို့သော် လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သော ပစ္စည်းဖြစ်ပါက အခြားနည်း စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၁၂၇။ မည်သူမဆို ပုဒ်မ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁ သို့မဟုတ် ၁၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ သို့သော် လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သော ပစ္စည်းဖြစ်ပါက အခြားနည်း စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

အခန်း(၂၀)
အထွေထွေ

၁၂၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ခိုးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၂၉။ ရယူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အခြေခံသတ်မှတ်ချက်များပါ တားမြစ်ချက်များကို ချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရန် ပေါ်ပေါက်ပါက တရားစွဲဆိုခြင်းမပြုမီ ကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၁၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၃၁။ ဤဥပဒေဖြင့် အဏုမြူစွမ်းအင်ဥပဒေကို ရုပ်သိမ်းလိုက်သည်။

၁၃၂။ အဏုမြူစွမ်းအင်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သမျှ ကျင့်သုံးရန်လိုအပ်ပါက ဆက်လက်ကျင့်သုံးနိုင်သည်။

CREATE MORE HAPPINESS TO YOUR WHOLE FAMILY IS TO GO ALONG WITH BMW.

Prestige Automobiles is celebrating special offer, maximum save up from **3,000** USD to **5,000** USD for all BMW Models. Now is the perfect time to experience a whole new level of driving pleasure and arrive at your destination truly happy.

What's more, you'll receive the exclusive offer rate when you purchase any BMW model:

- Price calculated based on **1,200** Kyats/USD
- 3 years BMW Service Inclusive

* * * The limited time offer is valid from **1st to 30th September 2015** only.

Visit Prestige Automobiles or call at 01- 230 6133 for a test drive today.
Service Hotline at 01- 230 6144.

Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.

Join BMW Myanmar
www.facebook.com/BMWPAC

MPT × LINE

ဆွေသဟာ

သုံးစွဲသူများအတွက်

LINE ပရိုမိုးရှင်း အစီအစဉ်

အင်တာနက် သုံးစွဲခ ပေးရန်မလိုဘဲ

LINE Chat (ကြိုက်သလောက်) နှင့် LINE Calls (50MB) အသုံးပြုလိုက်ပါ



- LINE Application များဖြစ်သော Chatting ပြုလုပ်ခြင်း၊ စတစ်ကာများ ပေးပို့ လက်ခံခြင်း၊ ဓါတ်ပုံများ ပေးပို့ခြင်း၊ မိမိ၏ Timeline ကို Update လုပ်ခြင်း၊ VoIP ခေါ်ဆိုခြင်းများကို အခမဲ့ပြုလုပ်နိုင်ပါသည်။
- VoIP ခေါ်ဆိုခြင်းကို သုံးစွဲသူတစ်ဦးလျှင် တစ်လ 50MB ထိအသုံးပြုနိုင်ပါမည်။
- ယခုအစီအစဉ်မှာ ဆွေသဟာ အသုံးပြုသူများအတွက် ဖြစ်ပြီး ပရိုမိုးရှင်းကာလမှာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထိ ဖြစ်ပါသည်။
- ဤပရိုမိုးရှင်း နှင့်ပတ်သက်၍ ပြင်ဆင်ပြောင်းလဲချက်များကို MPT Website တွင် အချိန်နှင့်တပြေးညီ ဖော်ပြ အသိပေးသွားပါမည်။

LINE Application ကို ယခုဘဲ www.line.me/my မှ အခမဲ့ DOWNLOAD ရယူလိုက်ပါ။

အင်တာနက် ချိတ်ဆက်အသုံးပြုပုံ

Android ဖုန်းအသုံးသူများအတွက်

Setting ❯ Mobile Network ❯ Access Point Name

Name - mptnet
APN - mptnet

iOS ဖုန်းအသုံးသူများအတွက်

Setting ❯ Cellular ❯ Cellular Data Network

APN - mptnet
Username - mptnet

CALL CENTER 106
free hotline, 24 hours everyday

ဆွေသဟာ ရယူရန်အတွက် SWE ဟုရိုက်ပြီး 1332 သို့ SMS အခမဲ့ ပေးပို့ပါ။

အသေးစိတ်သိရှိလိုပါက mptofficialpage www.mpt.com.mm

STRATEGY FIRST INSTITUTE

ICM single subject diplomas in business & management

1. **Marketing Management** | Session 1: Wed - 6:00 to 8:30 pm + Sun - 8:30 to 11:30 am | Session 2: Sat - 6:00 to 8:30 pm + Sun -12:00 to 3:00 pm (Twice a week)
2. **Marketing Research & Quantitative Methods for Managers** | Thursday & Saturday – 6:00 to 8:30 pm (Twice a week)
3. **Business Management & Administration** | (Session-1) Sunday – 3 to 5:30 pm | (Session-2) Tuesday – 6 to 8:30 pm | (Session-3) Thursday – 6 to 8:30 pm
4. **Human Resource Management** | (Session 1) Monday - 6:00 to 8:30 pm | (Session -2) Sunday - 6:00 to 8:30 pm
5. **Management of Travel and Tourism Operation** | Sunday – 3:00 to 5:30 pm
6. **Sales & Sales Management** | Tuesday – 6 to 8:30 pm
7. **Financial Management** | Sunday – 10:00 to 1:00 pm
8. **Strategic Management** | Sunday – 3:00 to 5:30 pm
9. **Project Management** | Thursday – 600 to 8:30 pm
10. **Maritime Operations** | Thursday – 6:00 to 8:30 pm
11. **Logistics & Supply Chain Management** | Tuesday – 6:00 to 8:30 pm
12. **International Business Communications** | Sunday – 1:00 to 3:00 pm

အချိန်ရှားပါးသော လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ အရာရှိများအတွက် (၅) လခွဲ သင်တန်းများ

September-March Term
စက်တင်ဘာ (၁၄) ရက် စမည်။

Single Module Fees: 395,000 kyats for Marketing Mgt & Marketing Research Modules | 365,000 kyats for other modules
ICM Registration Fees - 45 USD per year | Exam Fees: 60 USD per module

အတန်းသစ်များစက်တင်ဘာလ (၁၄) ရက်တွင်စတင်ပြီး ၂၀၁၆ ဖေဖော်ဝါရီလကုန် တွင်ပြီးဆုံးပါမည်။ မိမိအတွက် လိုအပ်သော ဘာသာရပ် တစ်ခုချင်းသာ ရွေးချယ် တက်ရောက်နိုင်ပြီး Institute of Commericial Management (ICM, UK) မှ တိုက်ရိုက်စစ်ဆေးသော စာမေးပွဲကို ဖြေဆိုအောင်မြင်ပါက Single Subject Diploma များရရှိပါမည်။

CIM CAM FOUNDATION

CIM - CAM Diploma in Marketing Communications (Batch-1) Chartered Institute of Marketing မှ တည်ထောင်ထားသော Communication Advertising Marketing Foundation, UK မှ စစ်ဆေးသော စာမေးပွဲများအောင်မြင်ပါက **CIM-CAM Diploma in Marketing Communications** ကို ရရှိပါမည်။

1. **Marketing & Consumer Behaviour (Assignment)** | **ICM Marketing Mgt + Consumer Behaviour Module | Program Fees: 495,000**
2. **Direct Marketing and Sales Promotion (Exam)** | The module will be offered in December 2015 | **Program Fees: 365,000**
3. **Integrated Media (Assignment)** | Thursday – 6:00 to 8:30 pm | **Program Fees: 365,000**
4. **Public Relations (Exam)** | Friday – 6:00 to 8:30 pm | **Program Fees: 365,000**
5. **Advertising (Exam)** | Monday – 6:00 to 8:30 pm | **Program Fees: 365,000**

CAM Diploma စာမေးပွဲများအတွက် Assessment Fees မှာတစ်ဘာသာလျှင် 65 GBP ဖြစ်ပြီး Assignment Fees မှာ တစ်ဘာဘာလျှင် 85 GBP ဖြစ်ပါသည်။ Member Registration Fees မှာ 144 GBP ဖြစ်ပါသည်။ Advertising, PR, Consumer Behaviour & Consumerism ဘာသာရပ်များအတွက် CAM မဟုတ်ဘဲ ICM မှ စစ်ဆေးသော စာမေးပွဲများဖြေဆိုပြီး Single Subject Diploma များ ရယူနိုင်ပါသည်။ အတန်းများအားလုံး ၂၀၁၆ ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ပြီးပါမည်။ စာမေးပွဲ ဖြေဆိုလိုပါက ၂၀၁၆ မတ်လတွင် ဖြေဆိုနိုင်ပါသည်။

သတိပြုရန် - ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို့ MLM လုပ်ငန်းများနှင့်ဂင်းတို့၏ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။

Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

CALL NOW: (09) 250 7171 66 ~ 68

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (ပေါင်းလောင်း)ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 15/ HPGE/15-16 (Transformer Oil (670)Drums ဝယ်ယူခြင်း)

၂။ Tender No. 15 ၏ တင်ဒါပိတ်ရက်မှာ ၂၁-၉-၂၀၁၅ ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၄၁၀၅၃၈

ဧမ္ဘာသီရိအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧမ္ဘာသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အောက်ပါပစ္စည်းများဝယ်ယူဆောင်ရွက်လိုပါသည်-

(က) အထူးစောင့်ရှောက်ကုသဆောင် (HDU)တွင် O_2 Gas ပိုက်လိုင်းသွယ်တန်းခြင်း၊
